







# မျိုးမတူ ကွဲပြားခြားနားမှုကို လက်ခံယုံကြည်ခြင်း၊ ပါဝင်သက်ဆိုင်မှုကို အားပေးခြင်း - တက်စမေးနီးယားပြည်နယ်၏ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်း အစီအစဉ် 2025-2029

Tasmanian Government

လူမှုအဖွဲ့အစည်းနှင့် အစိုးရအဖွဲ့ ဝန်ဆောင်မှုများ
ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဆိုင်ရာ ရုံး (Department of Premier and Cabinet)

# ပါဝင်အသုံးပြုနိုင်မှု

အကယ်၍သင်သည် နားမကြားသူ သို့မဟုတ် အကြားအာရုံ ချွတ်ယွင်းသူ သို့မဟုတ် ဆက်သွယ်ရေးဆိုင်ရာ ခက်ခဲရှုပ်ထွေးမှု ရှိသူ ဖြစ်ပါက တစ်နိုင်ငံလုံးဆိုင်ရာ လက်ဆင့်ကမ်း ဆက်သွယ်ရေး ဝန်ဆောင်မှု (National Relay Service) ကို 13 36 77 တွင် လည်းကောင်း၊ ပြောဆိုမှု တစ်ခုနှင့်တစ်ခု လက်ဆင့်ကမ်း ဆက်သွယ်ရေး ဝန်ဆောင်မှု Speech-to-Speech Relay Service ကို 1300 555 727 တွင်လည်းကောင်း ဖုန်းဆက်ပါ။

ဤအစီအစဥ်ကို ဘာသာပြန်ဆိုထားခြင်းများအား ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဆိုင်ရာ ရုံး၏
ဝက်ဘ်ဆိုက် (Department of Premier and Cabinet's website) တွင် ရရှိနိုင်ပါသည်။
နောက်ထပ်ဝန်ဆောင်မှုများကို ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှု
(Translating and Interpreting Service (TIS National): www.tisnational.gov.au) တွင် ရနိုင်ပါသည်။
ဖုန်း - 131 450

# နိုင်ငံဆိုင်ရာ အသိအမှတ်ပြုခြင်း

တက်စမနီးယန်းအစိုးရသည် တက်စမေးနီးယန်း အက်ဘော်ရစ်ဂျင်နယ် လူမျိုးနှင့် သူတို့၏ မိသားစုများကို တက်စမေးနီးယန်း မြေ၊ ရေနှင့် ရေလမ်းကြောင်းများ၏ မူလရိုးရာအရ ပိုင်ရှင်များနှင့် ဆက်လက်ထိန်းသိမ်းနေသူများအဖြစ် အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် ဆွေစဉ်မျိုးဆက် များစွာ အပေါ် မိမိတို့၏ သိကျွမ်းမှု ဗဟုသုတနှင့် အတွေ့အကြုံများ မျှဝေပေးကြသည့် သက်ကြီးရွယ်အိုများအား အသိအမှတ်ပြုကာ နက်ရှိုင်းသော လေးစားသမှုထားပါသည်။ လက်ရှိ သက်ကြီးရွယ်အိုများနှင့် ကွယ်လွန်ခဲ့ပြီးသူများကိုလည်း ဂါရဝပြုပါသည်။

အက်ဘော်ရစ်ဂျင်နယ် လူမျိုးတို့သည် အခြားနယ်မြေများမှ လာကြသည့် ယဥ်ကျေးမှုများကို မိမိတို့၏ အတွေ့အကြုံနှင့် ဗဟုသုတကိုလည်း မျှဝေပေးရင်း မိမိတို့နယ်မြေအတွင်း လာရောက်ခြင်းကို လက်ကမ်းကြိုဆိုကြကာ ဆက်လက်ပြီးလည်း လုပ်ဆောင်နေကြဦးမည်ဖြစ်ပါသည်။ လက်ရှိအဆက်အသွယ်နှင့် အသစ်ဖြစ်သော ဆက်သွယ်မှုများသည် ယခု ယဥ်ကျေးမှုမျိုးစုံ လုပ်ငန်း အစီအစဥ်အရ ပိုပြီး ခိုင်မာတောင့်တင်းသွားလိမ့်မည် ဖြစ်ပါသည်။

2020 ခုနှစ် ကွာဟချက်ကို ပိတ်သည့် တစ်နိုင်ငံလုံးဆိုင်ရာ သဘောတူညီချက် (National Agreement on Closing the Gap 2020) သည် အလေ့အထရှိနေသည့် လူမျိုးရေး ခွဲခြားမှု၊ နှိမ့်ချဆက်ဆံမှုနှင့် သတိမမူမိသော ဘက်လိုက်မှုတို့ကို ဖယ်ရှားကာ ဝန်ဆောင်မှုများ၊ အစီအစဥ်များနှင့် လုပ်ငန်းနေရာများတွင် ယဥ်ကျေးမှုအရ ကျွမ်းကျင်လိမ္မာမှုကို တိုးတက်စေသည်။

လူမျိုးရေး ခွဲခြားမှု၊ နှိမ့်ချဆက်ဆံမှုနှင့် သတိမမူမိသော ဘက်လိုက်မှု တို့သည် တက်စ်မေးနီးယန်း အက်ဘော်ရစ်ဂျင်နယ် လူမျိုးများနှင့် ယဥ်ကျေးမှုအရ၊ ဘာသာစကားအရ ကွဲပြားခြားနားကြသည့် တက်စ်မေးနီးယန်းများ ပေါ်လွင်ထင်ရှားစွာ ခံစားကြရသည်မှာ ကွဲပြားခြားနားကြပါသည်။ လိုက်လျောညီထွေစွာပင် ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းများအတွင်း ထို ခြားနားမှုများအား မည်သို့ဖြေရှင်းသည်ဆိုသည်မှာလည်း တူညီကြမည်မဟုတ်ပါ။

တက်စ်မေးနီးယားပြည်နယ်၏ မူပိုင်
ISBN 978-1-925906-55-4
မတ်လ 2025 ခုနှစ်

# မာတိကာ


| | |
|---|---|
| အသုံးပြုခွင့် | |
| နိုင်ငံဆိုင်ရာ အသိအမှတ်ပြုခြင်း | |
| ကျေးဇူးတင်ရှိခြင်း | **2** |
| အတိုကောက်များ | **3** |
| ဝန်ကြီး၏ အမှာစကား | **4** |
| နိဒါန်း | **6** |
| **တက်စ်မေးနီးယားပြည်နယ်၏ ယဉ်ကျေးမှုမျိုးစုံ အစီအစဉ်** | **7** |
| အချိန်ကာလ အလျောက် တက်စ်မေးနီးယားပြည်နယ်၏ ယဉ်ကျေးမှုမျိုးစုံ အစီအစဉ် | **8** |
| ယဉ်ကျေးမှုအရနှင့် ဘာသာစကားမတူကွဲပြားသူ တက်စ်မေးနီးယန်းများမှာ မည်သူတွေနည်း။ | **11** |
| အချက်အလက်များမှာ အရေးကြီးသည် - ရလဒ်များကိုနားလည်ခြင်း | **16** |
| **တက်စ်မေးနီးယန်းများက ကျွန်ုပ်တို့ကိုပြောသည်များ** | **17** |
| မည်သူက အသိပေးသနည်း | **18** |
| ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မတူကွဲပြားသူ တက်စ်မေးနီးယန်းများ၏ ဦးစားပေး လုပ်ငန်းများ | **19** |
| **မူဘောင်** | **33** |
| မူဘောင် | **34** |
| လုပ်ဆောင်မှုများ | **37** |
| ချင့်တွက်ခြင်းနှင့် တန်ဖိုးဖြတ်ခြင်း | **66** |
| ထိန်းချုပ်ခြင်း | **67** |
| နေထားတကျ ပေါင်းစည်းမှု | **68** |
| နောက်ဆက်တွဲ 1 - အဓိက စကားလုံးများ | **71** |
| အညွှန်းကိုးကားစာရင်း | **75** |



# ကျေးဇူးတင်ရှိခြင်း

တစ်နိုင်ငံလုံးဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုက *မျိုးမတူ ကွဲပြားခြားနားမှုကို လက်ခံယုံကြည်ခြင်း၊ ပါဝင်သက်ဆိုင်မှုကို အားပေးခြင်း - တက်စမေးနီးယားပြည်နယ်၏ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်း အစီအစဉ် - 2025-2029 ခုနှစ်* (အစီအစဉ်) *(Embracing Diversity, Fostering Belonging: (Tasmania's Multicultural Action Plan 2025-2029)* (the Plan)) တွင် ရှုဒေါင့်၊ ရလဒ် နှင့် ဦးစားပေး အဆင့်များ ပုံဖော်စေပါသည်။

တက်စမန်းနီးယန်းပြည်နယ် အစိုးရက နေထိုင် အသက်မွေးဝမ်းကြောင်းပြုနိုင်သော ယဉ်ကျေးမှုအရ ပြီးပြည့်စုံသည့် နေရာဖြစ်ရေးအတွက် မည်သည့်အချက်များကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း မိမိတို့၏ တန်ဖိုးရှိသည့်အမြင်ကို အချိန်ပေးပြီး ပြောပြခဲ့ကြသည့် ယဉ်ကျေးမှုအရ နှင့် ဘာသာစကားအရ ကွဲပြားခြားနားသူ 1,000 ကျော်ကို အထူး ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် ပိုမိုရယူ အသုံးပြုနိုင်ပြီး ယဉ်ကျေးမှုအရလည်း ပြည့်ပြည့်ဝဝ အသုံးပြုနိုင်သည့် ဝန်ဆောင်မှုများ မည်သို့ ဖန်တီးသင့်ကြောင်း မိမိတို့အမြင်ကို ပြောပြခဲ့ကြသည့် ဝန်ဆောင်မှု ပေးသည့် အဖွဲ့အစည်းများမှ ဝန်ထမ်းများကိုလည်း အထူး ကျေးဇူးတင်ရှိပါသည်။

ဤအစီအစဉ်၏ ဖြစ်ပေါ်တိုးတက်မှုသည် တက်စမေးနီးယား ပြည်နယ် အစိုးရ၏ ဥသျှောင် ဖြစ်သည့် တက်စမေးနီးယား ပြည်နယ် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာကောင်စီ (The Multicultural Council of Tasmania) (MCOT) နှင့် အဓိက အဖွဲ့အစည်းများ - တက်စမေးနီးယား ပြည်နယ် ပြောင်းရွှေ့အခြေချသူများ အရင်းအမြစ်ဆိုင်ရာ ဌာန (The Migrant Resource Centre Tasmania (MRC Tas), ကြိုဆိုပါသည် ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်မှုများ Welcome Cultural Services (WCS), တက်စမေးနီးယားပြည်နယ် ယဉ်ကျေးမှုအရ ကွဲပြားခြားနားသူများ ပူးပေါင်း မဟာမိတ်အဖွဲ့ (Culturally Diverse Alliance Tasmania) (CDAT) နှင့် တက်စမေးနီးယား ပြည်နယ်သူ ပြည်နယ်သားများအဖွဲ့ (Citizen Tasmania) တို့၏ သိသာထင်ရှားသည့် ပါဝင်မှုမရှိဘဲ ဖြစ်ပေါ်လာနိုင်မည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် အဖွဲ့အစည်းအသီးသီးတို့မှ တက်စမေးနီးယား ပြည်နယ်၏ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်း အစီအစဉ် အကောင်အထည်ဖော် အဖွဲ့ (The Multicultural Action Plan Working Group) ရုပ်လုံးပေါ်လာစေရန် ကျွမ်းကျင်မှု ပံ့ပိုးသည့် ထိုအဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိပါသည်။

တက်စမေးနီးယားပြည်နယ် အစိုးရ သည် ဤအစီအစဉ်အတွက် သက်ဆိုင်ရာပုံများ ရက်ရောစွာ ပံ့ပိုးပေးသည့်အတွက် ဘရဲန်း တက်စမေးနီးယား (Brand Tasmania) ကိုလည်းကောင်း၊ ဓာတ်ပုံပညာရှင် များဖြစ်ကြသည့် Jess Oakenfull, Fred + Hannah, Lisa Kuilenburg, Inside The Frame (Moss Geordi Halliday-Hall), Sam Shelley နှင့် Studio Hubert တို့ကိုလည်းကောင်း အထူး ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့က ပြန်လည်အသိပေးခြင်းကို ကြိုဆိုပါသည် -
အီးမေးလ် – multicultural@dpac.tas.gov.au

# အတိုကောက်များ

**ABS** – ဩစတြေးလျားနိုင်ငံ အချက်အလက်များဆိုင်ရာ ဌာန (Australian Bureau of Statistics)

**AHRC** – ဩစတြေးလျားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် (Australian Human Rights Commission)

**AIHW** – ဩစတြေးလျားနိုင်ငံ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာ ဌာန (Australian Institute of Health and Welfare)

**CDAT** – တက်စမေးနီးယားပြည်နယ် ယဉ်ကျေးမှုအရ ကွဲပြားခြားနားသူများ ပူးပေါင်း မဟာမိတ်အဖွဲ့ (Culturally Diverse Alliance of Tasmania)

**DECYP** – တက်စမေးနီးယားပြည်နယ် အစိုးရ၊ ကလေးငယ်များနှင့် လူငယ်များ၏ ပညာရေးဆိုင်ရာဌာန
(Department for Education, Children and Young People, Tasmanian Government)

**DoH** – တက်စမေးနီးယားပြည်နယ် အစိုးရ၊ ကျန်းမာရေးဌာန (Department of Health, Tasmanian Government)

**DoJ** – တက်စမေးနီးယားပြည်နယ် အစိုးရ၊ တရားရေးဌာန (Department of Justice, Tasmanian Government)

**DPAC** – တက်စမေးနီးယားပြည်နယ် ဝန်ကြီးချုပ်ရုံးနှင့် အစိုးရအဖွဲ့ (Department of Premier and Cabinet, Tasmanian Government)

**DPFEM** – တက်စမေးနီးယားပြည်နယ် အစိုးရအဖွဲ့၊ ရဲတပ်ဖွဲ့၊ မီးသတ်နှင့် အရေးပေါ် ထိန်းသိမ်းရေးဆိုင်ရာ ဌာန
(Department of Police, Fire and Emergency Management, Tasmanian Government)

**DSG** – တက်စမေးနီးယားပြည်နယ်၊ ပြည်နယ်ဖွံ့ဖြိုးရေးဆိုင်ရာဌာန (Department of State Growth, Tasmanian Government)

**EAL** – အင်္ဂလိပ်ဘာသာကို အပိုဘာသာရပ်အဖြစ် သင်ကြားခြင်း (English as an Additional Language)

**Homes Tas** – တက်စမေးနီးယားပြည်နယ် အစိုးရ၊ အိုးအိမ်ဆိုင်ရာဌာန (Homes Tasmania, Tasmanian Government)

**LGAT** – တက်စမေးနီးယားပြည်နယ် မြို့နယ်၊ ရပ်ကွက် အုပ်ချုပ်ရေး အသင်းအဖွဲ့ (Local Government Association Tasmania)

**MCOT** – တက်စမေးနီးယားပြည်နယ် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ ကောင်စီ (Multicultural Council of Tasmania)

**MRC Tas** – တက်စမေးနီးယားပြည်နယ် ပြောင်းရွှေ့အခြေချသူများ အရင်းအမြစ်ဆိုင်ရာဌာန (Migrant Resource Centre Tasmania)

**NAATI** – တစ်နိုင်ငံလုံးဆိုင်ရာ ဘာသာပြန်များနှင့် စကားပြန်များ တရားဝင် အသိအမှတ်ပြုရေးဆိုင်ရာ အာဏာပိုင်အဖွဲ့
(National Accreditation Authority for Translators and Interpreters)

**NRE Tas** – တက်စမေးနီးယားပြည်နယ် အစိုးရ၊ သယံဇာတများနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာဌာန
(Department of Natural Resources and Environment, Tasmanian Government)

**OADC** – တက်စမေးနီးယားပြည်နယ် နှိမ့်ချဆက်ဆံခြင်း တိုက်ဖျက်ရေးဆိုင်ရာ ကော်မရှင်နာရုံး
(Office of the Anti-Discrimination Commissioner Tasmania)

**SSMO** – တက်စမေးနီးယားပြည်နယ် အစိုးရ၊ ပြည်နယ်ဝန်ဆောင်မှု အုပ်ချုပ်ရေးဆိုင်ရာရုံး
(State Service Management Office, Tasmanian Government)

**TEC** – တက်စမေးနီးယားပြည်နယ် အစိုးရ၊ ရွေးကောက်ပွဲ ကော်မရှင် (Tasmanian Electoral Commission, Tasmanian Government)

**TFS** – တက်စမေးနီးယားပြည်နယ် မီးသတ်ဌာန (Tasmania Fire Service)

**TSS** – တက်စမေးနီးယားပြည်နယ် ဝန်ဆောင်မှုဆိုင်ရာရုံး (Tasmanian State Service)

**WCS** – ယဉ်ကျေးမှုဆိုင်ရာ ကြိုဆိုလက်ခံရေး ဝန်ဆောင်မှုများ (Welcome Cultural Services)

# ဝန်ကြီး၏ အမှာစကား



**လူမှုအဖွဲ့အစည်းဆိုင်ရာ ဝန်ကြီးအနေနှင့် ကျွန်ုပ်သည် *မျိုးမတူ ကွဲပြားခြားနားမှုကို လက်ခံယုံကြည်ခြင်း၊ ပါဝင်သက်ဆိုင်မှုကို အားပေးခြင်း - တက်စမေးနီးယားပြည်နယ်၏ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် 2025-2029 ခုနှစ် အစီအစဉ်* တင်ပြရခြင်းအတွက် ဂုဏ်ယူပါသည်။**

အစီအစဉ်သည် တက်စမေးနီးယားပြည်နယ်သူ ပြည်နယ်သား အားလုံး အတူအကွ၊ သက်ဆိုင်မှုရှိပြီး ပါဝင်ဆောင်ရွက်ကြကာ စွမ်းဆောင် အောင်မြင်ကြ၍ လက်ရေတပြင်စည်း လေးစားထိုက်သည့် ယဉ်ကျေးမှုမျိုးစုံသည့် ကျွန်းကြီးဖြစ်ရန် ကျွန်ုပ်တို့ မဖြစ်မနေ ကြိုးစားနေခြင်းကို ရောင်ပြန်ဟပ်စေပါသည်။

တက်စမေးနီးယားပြည်နယ်၏ ကြွယ်ဝသည့် ယဉ်ကျေးမှု နောက်ခံသမိုင်းက တစ်ကမ္ဘာလုံးမှ တစ်ဦးတစ်ယောက်ခြင်းနှင့် လူမှုအဖွဲ့အစည်းများအပေါ် အခြေခံတည်ဆောက်ခဲ့ကြကာ ကျွန်ုပ်တို့၏ တက်စမေးနီးယားပြည်နယ် လူမှုအဖွဲ့အစည်းများသည် ယဉ်ကျေးမှုအရရော ဘာသာစကားအရပါ တိုးပြီး ကွဲပြားခြားနားမှု ရှိပါသည်။

2021 ခုနှစ် သန်းခေါင်စာရင်းအရ တက်စမေးနီးယား ပြည်နယ်တွင် နေထိုင်ကြသူများအနက် 15.3 ရာခိုင်နှုန်းဖြစ်သော 85,674 ယောက်တို့သည် ပြည်နယ်ပြင်ပတွင် မွေးဖွားပြီး ရောက် လာခဲ့ကြသည်။ ထိုအရေအတွက်သည် 2016 ခုနှစ်ထက် 12 ရာခိုင်နှုန်းတိုးကာ ထိပ်ဆုံးမှ အင်္ဂလန်နိုင်ငံ၊ တရုပ်၊ နီပေါ၊ အိန္ဒိယနှင့် နယူးဇီလန်နိုင်ငံတို့ ပါဝင်သည်။

2021 ခုနှစ်မှစပြီး တက်စမေးနီးယားသို့ လူသားခြင်း စာနာထောက်ထားမှုအရ အခြေချခြင်း အစီအစဉ်ဖြင့် ရောက်လာသူ မိသားစုများနှင့် လူလွတ် အများစုမှာ အာရှတောင်ပိုင်းနှင့် အလယ်ပိုင်း၊ ဆာဟာရ အာဖရိက အလယ်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့မှ အများစု ဖြစ်ကြသည်။

အစီအစဉ်သည် တက်စမေးနီးယား ပြည်နယ်တွင် နေထိုင်ကြသူများ အားလုံး ဘေးကင်းလုံခြုံစွာနှင့် မိမိတို့လည်းသက်ဆိုင်ကြောင်း ခံစားရစေကာ ပါဝင်ဆောင်ရွက်ရေး အားပေးမှု သေချာစေပါသည်။ ထိုအစီအစဉ်က တက်စမေးနီးယား ပြည်နယ်တွင် နေထိုင်ကြသူများ ကျွန်ုပ်တို့ကို လူမျိုးရေးခွဲခြားမှု ဆန့်ကျင်ရေး၊ လူမှုရေးအရ သွေးစည်းညီညွတ်ရေး၊ တက်စမေးနီးယား ပြည်နယ်သူပြည်နယ်သား အားလုံး လူမှုရေး၊ ပြည်သူ့တာဝန်၊ ပညာရေးနှင့် စီးပွားရေးပိုင်း တို့တွင် ပါဝင်ကြကာ မိမိတို့ စွမ်းဆောင်နိုင်စွမ်း ရှိသမျှ အပြည့်အဝ လုပ်ဆောင်ခွင့်ရပြီး လူမှုအဖွဲ့အစည်း လိုအပ်ချက်များမှာလည်း အသိအမှတ်ပြုခံရကာ ပြီးပြည့်စုံစွာ အသုံးပြုခွင့်ရှိသည့် ဝန်ဆောင်မှုများလည်း အသေအချာ ရလိုကြောင်း ပြောပြကြပါသည်။

တက်စမေးနီးယား အစိုးရသည် ယဉ်ကျေးမှုအရရော ဘာသာစကားအရပါ ကွဲပြားခြားနားကြသည့် တက်စမေးနီးယား ပြည်နယ်သူ ပြည်နယ်သားများ လိုအပ်ချက်အတွက် ဒေါ်လာ $2 သန်း ရင်းနှီး မြှုပ်နှံခဲ့ပါသည်။ ထိုအစီအစဉ်၏ လုပ်ဆောင်မှု တိုးတက်ချက်များကို လူမှုအဖွဲ့အစည်း၏ အတိုင်ပင်ခံအဖွဲ့က စိစစ် သုံးသပ်မည်ဖြစ်ကာ စဉ်ဆက်မပြတ် သက်ဆိုင်မှု၊ တိုးတက်မှုနှင့် ရလဒ်ကောင်း ရရှိရေးအတွက် နောင်အာရုံစိုက် ဆောင်ရွက်ရမည့် လုပ်ငန်းနေရာများအကြောင်း အကြံပေးသွားမည်ဖြစ်သည်။

ကျွန်ုပ်အနေနှင့် ဤအစီအစဉ် ပုံပေါ်လာစေရန် အကြံဉာဏ်များ၊ ပုံပြင်များ၊ အတွေးအခေါ်များ ပံ့ပိုးပေးကြသည့် လူမှုအဖွဲ့အစည်းဝင်များနှင့် အဖွဲ့အစည်းများ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။ ဤအစီအစဉ်၏ သက်ဆိုင်မှုနှင့် အောင်မြင်မှုအပေါ်တွင် သင်တို့၏ အကြံပေးချက်များမှာ အခရာကျလှပါသည်။

ကျွန်ုပ်အနေနှင့် တက်စမေးနီးယားပြည်နယ် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ ကောင်စီ၊ တက်စမေးနီးယားပြည်နယ် ပြောင်းရွှေ့အခြေချသူများ အရင်းအမြစ်ဆိုင်ရာဌာန (MCOT)၊ ယဉ်ကျေးမှုဆိုင်ရာ ကြုံဆိုလက်ခံရေး ဝန်ဆောင်မှုများ (MRC Tas)၊ တက်စမေးနီးယားပြည်နယ် ယဉ်ကျေးမှုအရ ကွဲပြားခြားနားသူများ ပူးပေါင်း မဟာမိတ်အဖွဲ့ (WCS) တက်စမေးနီးယားပြည်နယ်သူ ပြည်နယ်သားများအဖွဲ့ (CDAT) နှင့် တက်စမေးနီးယား နိုင်ငံသားများအဖွဲ့ တို့ကို ဤအစီအစဉ် ပုံပေါ်လာစေရန် လူမှုအဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ စဉ်ဆက်မပြတ် အစီအစဉ် တိုးတက်အောင်မြင်ရေးအတွက် ဆောင်ရွက်ခြင်း တို့အတွက် အထူးကျေးဇူးတင်ရှိပါသည်။

အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကျွန်ုပ်တို့သည် တက်စမေးနီးယားပြည်နယ်၏ ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ ပေါကြွဝမှုကို အောင်ပွဲခံကာ လူတိုင်း မိမိတို့ကိုယ်တိုင်ပါဝင်သည်ဟု ခံစားရစေသည့် ပြည်နယ်အဖြစ် ဆက်လက် တက်လှမ်းနိုင်ကြပါလိမ့်မည်။

**Hon Roger Jaensch MP**

**လူမှုအဖွဲ့အစည်း ဝန်ဆောင်မှုဆိုင်ရာ ဝန်ကြီး (Minister for Community Services)**



# နိဒါန်း

တက်စမေးနီးယားပြည်နယ်တွင် အစဉ်အမြဲ ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မျိုးမတူ ကွဲပြားခြားနားမှုများ ရှိပါသည်။

*2025-2029 ခုနှစ် မျိုးမတူ ကွဲပြားခြားနားမှုကို လက်ခံယုံကြည်ခြင်း၊ ပါဝင်သက်ဆိုင်မှုကို အားပေးခြင်း - တက်စမေးနီးယားပြည်နယ်၏ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ် (Embracing Diversity, Fostering Belonging: Tasmania's Multicultural Action Plan 2025-2029)* သည် ဩစတြေးလျားနိုင်ငံ အချက်အလက်များဆိုင်ရာ ဌာနတွင် ဖော်ပြထားသည့်အတိုင်း ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မျိုးမတူ ကွဲပြားခြားနား ကြသည့် တက်စ်မေးနီးယား ပြည်သူပြည်သားများ၏ လိုအပ်ချက်များကို ဖြည့်ဆီးပေးရန် အာရုံစိုက် ဆောင်ရွက်ပါသည် -

**ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မျိုးမတူ ကွဲပြားခြားနားမှု**
**"အက်ဘော်ရစ်ဂျင်နယ် သို့မဟုတ် တောရက်စ်ထရိတ်ကျွန်းသား၊ အင်္ဂလိုဆက်ဆွန်၊ သို့ဟုတ် အင်္ဂလိုဆဲလ်တစ် မဟုတ်သော ယုံကြည်ကိုးကွယ်မှု၊ ဘာသာစကားနှင့် မျိုးနွယ်မတူသူ အဖွဲ့များ သို့မဟုတ် တစ်ဦးတစ်ယောက်ခြင်းစီ"** *(ABS 2016 ခုနှစ် သန်းခေါင်စာရင်း)*

ဤဩစတြေးလျားနိုင်ငံ အချက်အလက်များဆိုင်ရာ ဌာန (ABS) အဓိပ္ပါယ်ဖွင့်သည် ဩစတြေးလျားနိုင်ငံတွင် မွေးဖွားသည့် တက်စမေးနီးယား ပြည်နယ်သူပြည်နယ်သားများအပြင် ကျွန်ုပ်တို့၏ တက်စမေးနီးယားကျွန်းသို့ ပြောင်းရွှေ့အခြေချသူများလည်း ပါဝင်ကြပါသည်။

ဤအစီအစဉ်သည် မိမိတို့၏ မျိုးနွယ်နှင့် ယဉ်ကျေးမှု၊ မိမိတို့အိမ်တွင် ပြောနေကြဘာသာစကား၊ သို့မဟုတ် အခြေချနေထိုင်ရန် အဆင့်တို့အပေါ် အကျိုးသက်ရောက်မည့် အတွေ့အကြုံများနှင့် ဘဝခရီးကို အာရုံစိုက်ထားပါသည်။

ဤအစီအစဉ်သည် လူမှုရေးအရ စည်းစည်းလုံးလုံးရှိသည့် လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်စေရေးအတွက် မျိုးမတူ ကွဲပြားခြားနားကြခြင်းကို ဦးစားပေးသည့် ဩစတြေးလျားနိုင်ငံ အစိုးရ၏ မူဘောင်နှင့်လည်း ကိုက်ညီပါသည်။

ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မျိုးမတူ ကွဲပြားခြားနားကြသည့် တက်စ်မေးနီးယားပြည်သူပြည်သား 1,000 ကျော် ဤအစီအစဉ်တွင် ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

သူတို့သည် ဤအစီအစဉ်အနေဖြင့် တက်စ်မေးနီးယား ပြည်သူပြည်သားများ၏ လုပ်ငန်းခွင်၊ ပညာရေးနှင့် လူမှုအဖွဲ့အစည်းများ တွေးခေါ်ပုံ၊ ဆက်ဆံပုံနှင့် အလုပ်လုပ်ပုံတို့ကို အကျိုးသက်ရောက်နေသည့် စနစ်များနှင့် ဆက်သွယ်မှုများကို လေ့လာရမည်ဖြစ်ကြောင်း ရှင်းလင်းစွာ သိထားကြသည်။

တိုင်ပင်ဆွေးနွေးခြင်းက သိလာရသည်မှာ -

- တက်စ်မေးနီးယားပြည်နယ်အနေနှင့် မိမိတို့၏ မူဝါဒများ၊ အစီအစဉ်များနှင့် မိမိတို့ ပံ့ပိုးသည့် ဝန်ဆောင်မှုများအား ယဉ်ကျေးမှု ရှုဒေါင့်မှ ကြည့်ရမည်ဖြစ်ကြောင်း နှင့်
- လူမှုအဖွဲ့အစည်းများ၊ ပညာရေးနှင့် လုပ်ငန်းခွင်များက အမှတ်တမဲ့ မသိလိုက်သည့် ဘက်လိုက်မှုနှင့် လူမျိုးရေး ခွဲခြားမှု ဆိုသည်မှာ မည်သည်နည်း၊ ယင်းက ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မျိုးမတူ ကွဲပြားခြားနားကြသည့် တက်စ်မေးနီးယား ပြည်သူပြည်သားများအပေါ် မည်သို့ အကျိုးသက်ရောက်သနည်း ဆိုသည်နှင့် ဤကျွန်းကို ယဉ်ကျေးမှုအရ ဘေးကင်းပြီး သီးသန့်ရှိနေစေရန် မည်သို့ ဆောင်ရွက်ကြရမည်နည်း ဆိုသည်ကို နားလည်ရန် လိုအပ်ပါသည်။

သို့မှသာလျှင် တက်စ်မေးနီးယား ပြည်သူပြည်သားများ အားလုံးသည် ပြည့်ပြည့်ဝဝ အသိအမှတ်ပြုခံရကာ မိမိတို့ကို လက်ခံပြီး မိမိတို့၏ ကျွန်းပြည်နယ်ပေါ်တွင် မိမိတို့လည်း ပါဝင်ပတ်သက်မှုနှင့်အတူ ဘေးကင်းစွာ တိုးတက်ဖြစ်ထွန်းအောင် နေနိုင်သည်ဟု ခံစားရနိုင်ပါလိမ့်မည်။

*2025-2029 ခုနှစ် မျိုးမတူ ကွဲပြားခြားနားမှုကို လက်ခံ ယုံကြည်ခြင်း၊ ပါဝင်သက်ဆိုင်မှုကို အားပေးခြင်း - တက်စမေးနီးယား ပြည်နယ်၏ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ် (Embracing Diversity, Fostering Belonging: Tasmania's Multicultural Action Plan 2025-2029)* သည် *2021-2023 ခုနှစ် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုမျိုးစုံ ကျွန်း - တက်စမေးနီးယား၏ ယဉ်ကျေးမှုမျိုးစုံ မူဝါဒနှင့် လုပ်ငန်းစဉ် အစီအစဉ် (Our Multicultural Island: Tasmania's Multicultural Policy and Action Plan 2021-2023)* ကို အစားထိုးပါသည်။

ဤအစီအစဉ်သည် နောက်ဆက်တွဲ 1 ကို လူအများ မျှဝေ သဘောပေါက်ရေး အားပေးရန် ပံ့ပိုးပေးထားပါသည်။ သို့သော် လူများအကြောင်း ဆွေးနွေးခြင်း၊ ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မျိုးမတူ ကွဲပြားခြားနားခြင်းနှင့် ဆက်နွယ်သည့် အကြံဉာဏ်များနှင့် အမှုအရာများဆိုင်ရာ ဆွေးနွေးကြရန် ကျန်ပါသေးသည်။ လူမှုအဖွဲ့အစည်းဆိုင်ရာ စကားအသုံးအနှုန်းကို အစီအစဉ် အကောင်အထည်ဖော်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေနှင့် ဆောင်ရွက်ပါမည်။

# တက်စမေးနီးယားပြည်နယ်၏ ယဉ်ကျေးမှုမျိုးစုံ အစီအစဉ်

- အချိန်ကာလအလျောက် တက်စ်မေးနီးယားပြည်နယ်၏ မျိုးမတူ ကွဲပြားခြားနားခြင်း
- ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မတူကွဲပြားသူ တက်စ်မေးနီးယန်းများမှာ အဘယ်သူများနည်း
- အချက်အလက်ဆိုင်ရာများ - ရလဒ်များကို နားလည် သဘောပေါက်ခြင်း





*William Cuffay 1788 ခုနှစ်မှ 1870 ခုနှစ် Cuffay ၏ဖခင်သည် လွတ်ငြိမ်းခွင့်မရမီ စိန့်ကစ်တ် (St Kitts) တွင် အာဖရိက ကရစ်ဘီယန် အစေခံဖြစ်ခဲ့ပြီးနောက် ဗြိတိန်နိုင်ငံတွင် အခြေချသည်။ Cuffay ကို 1848 ခုနှစ်တွင် တက်စမေးနီးယားသို့ ပို့ခဲ့ပြီး 1857 ခုနှစ်တွင် ခြွင်းချက်သဘော ပါသည့် လွတ်ငြိမ်းခွင့် ရခဲ့သည်။ သူသည် ဩစတြေးလျားနိုင်ငံတွင် အလုပ်သမားများ၏ ရပိုင်ခွင့် အခွင့်အရေးနှင့် ဒီမိုကရေစီဆိုင်ရာ ပြုပြင် ပြောင်းလဲရေး လှုပ်ရှားမှုတွင် အခရာကျသည်။*

*William Paul Dowling, (အများပြည်သူဆိုင်ရာ နေရာ ဝီကီမီဒီယာ ကောမွန်း မှတဆင့်) public domain, via Wikimedia Commons.*

# အချိန်ကာလအလျောက် တက်စ်မေးနီးယားပြည်နယ်၏ ယဉ်ကျေးမှု မျိုးမတူ ကွဲပြားခြားနားခြင်း

**ဩစတြေးလျားနိုင်ငံသမိုင်းကို များစွာသော ယဉ်ကျေးမှုများ၊ ဘာသာစကားများနှင့် ယုံကြည်ကိုးကွယ်မှုများက ပုံဖော်ခဲ့ကြသည်။ ဤကွဲပြားခြားနားမှုက ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းကို စမ်းသပ်ခဲ့သည်၊ ပုံလည်း ဖော်ခဲ့သည်။**

*2024 ခုနှစ် ဩစတြေးလျားနိုင်ငံ အစိုးရ၊ သာတူညီမျှဖြစ်ခြင်းဆီသို့ - အားလုံးအတွက် ကွဲပြားခြားသော ယဉ်ကျေးမှု မျိုးစုံ ပါဝင်သော ဩစတြေးလျားနိုင်ငံ ဆိုင်ရာ ကြေငြာချက်*
*(Australian Government, 2024, Towards Fairness: a multicultural Australia for all)*

Palawa/Pakana လူမျိုးတို့သည် တက်စမေးနီးယားပြည်နယ် ၏ မူလ နေထိုင်သူများဖြစ်ကြပြီး အနည်းဆုံး နှစ်ပေါင်း 40,000 ခန့် တစ်ဆက်တည်း နေထိုင်ခဲ့ကြသည်။ သူတို့၏ နိုင်ငံ ကိုးခုသည် မိမိတို့၏ နည်းအလျောက် တတ်သိခြင်း၊ လုပ်ဆောင်ခြင်းနှင့် မျှဝေ အသိပေးခြင်းကို ခိုင်မာသည့် လူမှုဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာ ရိုးရာဓလေ့များဖြင့် ကျွန်းကြီး၏ သဘာဝပတ်ဝန်းကျင်အား လိုက်လျောညီထွေနေထိုင်ခဲ့ကြသည်။

1803 ခုနှစ်တွင် ဗြိတိသျှနှင့် အိုင်ယာလန်ယဉ်ကျေးမှုနှင့် ဘာသာစကား အသုံးပြုပြီး ဗြိတိသျှ ကိုလိုနီစနစ်က တက်စမေးနီးယား၏ ယဉ်ကျေးမှုနှင့် ဘာသာစကား အဝန်းအဝိုင်း ပြောင်းလဲသွားစေသည်။

ကိုလိုနီခေတ်ကာလနှင့် ခေတ်လွန်ကာလတွင် တက်စမေးနီးယားသို့ ပြောင်းရွှေ့အခြေချသူများ လှိုင်းတံပိုးလို များစွာ ရောက်ခဲ့ကြသည်။ 19 ရာစုနှင့် 20 ရာစု အစောပိုင်းတွင် တရုပ်၊ ဂျာမန်၊ စကင်ဒီနေးဗီးယန်း၊ ဂရိကျွန်းများ၊ အီတလီ၊ နှင့် အထူးသဖြင့် ဥရောပနှင့် အာရှမှ ပြောင်းရွှေ့အခြေချသူများ ဒုတိယကမ္ဘာစစ် အပြီးတွင် များစွာ ဝင်လာခဲ့သည်။ ထို့ထက်ပိုမိုပြီး ကမ္ဘာတဝန်းမှ ဒုက္ခသည်များ၊ ခိုလှုံခွင့်တောင်းခံသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျွမ်းကျင်သည့် ပြောင်းရွှေ့အခြေချသူများ တက်စမေးနီးယားကို လာရောက်နေထိုင်ကြသည်။

ယနေ့ဆိုလျှင် တက်စမေးနီးယားသည် တာရှည် အခြေချ နေထိုင်နေသူများ၊ မကြာသေးမီက ရောက်လာကြသူများနှင့် လူသားခြင်း စာနေထောက်ထားမှုအရ ဝင်လာကြသူများ ဖြစ်ကောင်းဖြစ်မည့် ရေရှည်အခြေချနေထိုင်သူများနှင့် မကြာသေးမီက ရောက်လာကြသူများ၊ နှစ်မျိုးစလုံး ပါဝင်သည့် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မတူကွဲပြားသူများ ရှိနေသည်။

## တက်စ်မေးနီးယားပြည်နယ်၏ ယဉ်ကျေးမှု မျိုးမတူ ကွဲပြားခြားနားခြင်း ဖြစ်ပေါ်လာပုံ

### ကိုလိုနီခေတ် မတိုင်မီနှင့် ကိုလိုနီခေတ် ကာလ

Palawa/Pakana လူမျိုးတို့သည် တက်စမေးနီးယားတွင် မူရင်းနေထိုင်သူများ ဖြစ်ကြပြီး အမွေအနှစ်ကို ဆက်လက် ထိန်းသိမ်းထားသူများလည်း ဖြစ်ကြပါသည်။

1803 ခုနှစ်မှစပြီး တက်စမေးနီးယားကို အကျဉ်းစခန်း ကိုလိုနီအဖြစ် တည်ထောင်ခဲ့ပါသည်။ အဓိကအားဖြင့် အင်္ဂလန်၊ အိုင်ယာလန်နှင့် စကော့တလန်မှ အကျဉ်းသားများ ရောက်လာကြသည်။ အချို့သော အကျဉ်းသားများသည် ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ကွဲပြားခြားနားမှု ရှိကြသည်၊ ဥပမာ William Cuffay။ (စာမျက်နှာ 8 တွင် ကြည့်ပါ)

### 19 ရာစု နှင့် 20 ရာစု – စောစောပိုင်းကာလ ဗြိတိသျှ ပြောင်းရွှေ့အခြေချသူများ

ရွှေအထူးထွက်သောကာလ (1850 ခုနှစ်များမှ 1870 ခုနှစ်များ အထိ) သည် တရုပ်လူမျိုး သတ္တုတူဖော်သူများကို ဆွဲဆောင်ခဲ့သည်။

19 ရာစုနှစ် - ဂျာမန်နှင့် စကင်ဒီနေးဗီးယန်း လူမျိုးများ တက်စမေးနီးယားသို့ ပြောင်းရွှေ့အခြေချကြသည်။

အီတာလျံနှင့် ဂရိလူမျိုးတို့ အဓိကအားဖြင့် ငါးဖမ်းသူများနှင့် လယ်သမားများဖြစ် လူဦးရေ နည်းနည်းစီ ဖြည်းဖြည်းခြင်း ဝင်လာကြသည်။

### ဒုတိယကမ္ဘာစစ် စစ်ပြီးခေတ်ကာလ လူဝင်မှုအများဆုံးကာလ (1945 ခုနှစ်မှ – 1970 ခုနှစ်များ)

စစ်ဘေးဒဏ်ခံခဲ့ကြရသည့် ပိုလန်၊ ဒတ်ချ်၊ ဂျာမန်၊ အပါအဝင် ဘောလ်တစ်နိုင်ငံများမှ ရွှေ့ပြောင်း အခြေချနေထိုင်နေသူများ

ရေအားလျှပ်စစ်စီမံကိန်းအတွက် ဥရောပ အလယ်ပိုင်းနှင့် အရှေ့ပိုင်းမှ လုပ်သားများ

### 20 ရာစုနှစ် နောက်ပိုင်းမှ ယနေ့ခေတ်အထိ – တက်စမေးနီးယား၏ ခေတ်သစ် ယဉ်ကျေးမှု မျိုးမတူ ကွဲပြားခြားနားခြင်း

ဗီယက်နမ်စစ် (1955 ခုနှစ်မှ 1975 ခုနှစ်အထိ) – တက်စမေးနီးယားတွင် ဗီယက်နမ်စစ်ဘေး ဒုက္ခသည်များ ရွှေ့ပြောင်း အခြေချနေထိုင်ခြင်း

အိန္ဒိယ၊ နီပေါ၊ တရုပ်၊ မလေးရှား၊ ဖိလိပိုင်နှင့် အာဖရိက နိုင်ငံများမှ ပိုမို ဝင်ရောက်လာကြသည့် ရွှေ့ပြောင်း အခြေချနေထိုင်ခြင်း

ဆူဒန်၊ အာဖဂန်နစ္စတန်၊ ဆီးရီးယားနှင့် မြန်မာနိုင်ငံ ပဋိပက္ခများမှ ဒုက္ခသည်များ

တစ်ကမ္ဘာလုံးမှ ပြောင်းလာကြသည့် ပညာရေး၊ ကျွမ်းကျင်နှင့် အတွေ့အကြုံရှိ အလုပ်သမားများ



# ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ကွဲပြားခြားနားမှု ရှိကြသည့် တက်စမေးနီးယန်းများမှာ မည်သူတွေနည်း။

တက်စမေးနီးယန်းများသည် တစ်နေ့ထက်တစ်နေ့ ပိုပြီး ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ကွဲပြားခြားနားမှု ရှိလာကြသည်။

## ဘိုးစဉ်ဘောင်ဆက်

**2021** ခုနှစ်တွင် အင်္ဂလိုဆက်ဆွန် / ဆဲလ်တစ် သို့မဟုတ် အက်ဘော်ရစ်ဂျင်နယ် မဟုတ်သော တက်စမေးနီးယန်း ဘိုးဘွား **121** ယောက် ရှိခဲ့ကြသည်။[1]



**ထိပ်ဆုံးမှ ဘိုးစဉ်ဘောင်ဆက် 10 မျိုး - တက်စမေးနီးယန်း** လူမှုအဖွဲ့အစည်း 2021[2]

- **ဂျာမန် - 19,878**
- **တရုပ် - 12,331**
- **ဒတ်ချ် - 11,838**
- **အီတာလျံ - 8,460**
- **နီပေါ - 6,715**
- **အိန္ဒိယ - 5,859**
- **ပိုလန် - 4,130**
- **ဖိလိပိုင် - 3,389**
- **ဂရိ - 2,602**
- **ပြင်သစ် - 2,284**

**လူမျိုးအသစ်များ** 2016 **ခုနှစ်မှစပြီး**[3]



**ဆစ်ခ်** **ဟာဇာရာ** **နိုက်ဂျီးရီးယန်း**

2016 ခုနှစ်မှစပြီး **အများဆုံး တိုးလာကြသူ လူမျိုးများ**[4]

- **နီပေါ** (+5,636)
- **တရုပ်** (+5,191)
- **အိန္ဒိယ** (+2,953)
- **ဒတ်ချ်** (+1,555)
- **ဂျာမန်** (+1,487)
- **ပန်ဂျာပီ** (+1,255)
- **ဖိလိပိုင်** (+1,216)
- **အီတာလျံ** (+1,102)
- **အိန္ဒိယတိုက် အခြားနေရာများမှ** (+1,039)
- **ပါကစ္စတန်** (+1,027)

## ရွှေ့ပြောင်း အခြေချနေထိုင်ခြင်း

**2021** ခုနှစ်တွင် တက်စမေးနီးယန်း (85,500 ယောက် အထက်) **5 ယောက်တွင် 1 ယောက်** မှာ ပင်လယ်ရပ်ခြားတွင် မွေးဖွားခဲ့ကြသည်။ ယင်းသည် 2016 ခုနှစ် ထက်စာလျှင် အကြမ်းဖျဉ်း တက်စမေးနီးယန်းတို့ ထက် 25,000 ခန့် ပိုမိုသည်။[4]

တက်စမေးနီးယားကို အများဆုံး ရောက်လာကြသော ပင်လယ်ရပ်ခြားတွင် မွေးဖွားသူ **ထိပ်ဆုံး ၁၀ နိုင်ငံ**[5]

- **တရုပ်** (6,380)
- **နီပေါ** (6,219)
- **အိန္ဒိယ** (6,137)
- **ဖိလိပိုင်** (2,441)
- **နယ်သာလန်** (2,136)
- **တောင်အာဖရိက** (2,089)
- **ဂျာမဏီ** (2,087)
- **အမေရိကန်ပြည်ထောင်စု** (2,056)
- **ပါကစ္စတန်** (1,469)
- **မလေးရှား** (1,443) ယောက် တို့ ဖြစ်ကြသည်။

ပင်လယ်ရပ်ခြားတွင် မွေးဖွားခဲ့သူ အများဆုံးရှိသော **တက်စမေးနီးယား ဒေသ ကောင်စီများ**[6]

- ဟိုးဘတ် မြို့တော် (City of Hobart) – 15,747
- လောင်ဆက်စတန် မြို့တော် (City of Launceston) – 11,314
- ဂလယ်န်အော်ခဲ မြို့တော် (City of Glenorchy) – 10,904
- ကလဲရန့်စ် မြို့တော် (City of Clarence) – 8,757
- ကင်းဂ်ဘားရော့ (Kingborough) – 8,508
- တာမာ အနောက်ပိုင်း (West Tamar) – 3,873
- ဒယ်ဗင်ပို့ထ် မြို့တော် (Devonport City) – 2,937
- ဟူဝန် ဗယ်လီ (Huon Valley) – 2,734
- မီယန်ဒါဗယ်လီ (Meandar Valley) – 2,434
- စင်ထရယ်လ် ကို့စ်ထ် (Central Coast) – 2,159

# ရွှေ့ပြောင်း အခြေချနေထိုင်ခြင်း

**2021** ခုနှစ်တွင်
တက်စမေးနီးယန်းတွင် နေထိုင်သူ **55,233** ယောက် ဗီဇာကိုင်ဆောင်ထားကြသည်။[7]

တက်စမေးနီးယန်းတွင် နေထိုင်သူ အဖြစ် **ဗီဇာကိုင်ဆောင်ထားကြသူများ**[7]

တက်စမေးနီးယန်းတွင် နေထိုင်သူ **29,000** ယောက် အထက်မှာ လူသားခြင်း စာနာခွင့် ဗီဇာကိုင်ဆောင်သူ **3,800** အထက်နှင့် ကျောင်းသားကျောင်းသူများ အပါအဝင် အပန်းဖြေ လာကြရင်း အလုပ်လုပ်သူ **26,000** ယောက် အထက်မှာ အမြဲတန်း နေထိုင်ခွင့်ဗီဇာ ကိုင်ဆောင်ထားကြသည်။

2016 ခုနှစ် မှစပြီး **အမြဲတန်း နေထိုင်ခွင့်ဗီဇာ** လမ်းကြောင်းတွင် အများဆုံး ရောက်လာသူများ[8]

ကျွမ်းကျင်အလုပ်သမား = **154** ရာခိုင်နှုန်း
မိသားစုဝင် = **47** ရာခိုင်နှုန်း

2016 ခုနှစ် မှ 2021 ခုနှစ် အထိ **ယာယီနေထိုင်ခွင့် ဗီဇာ** တွင် အကြီးဆုံး အပြောင်းအလဲ[9]

ကျောင်းသားကျောင်းသူများ = **+6** ရာခိုင်နှုန်း
ကျွမ်းကျင် = **-27** ရာခိုင်နှုန်း
အပန်းဖြေ လာကြရင်း အလုပ်လုပ်သူ = **-28** ရာခိုင်နှုန်း

တက်စမေးနီးယားသို့ **လူသားခြင်း စာနာခွင့်အရ ဝင်လာသူများ**[10]

2024 ခုနှစ်အတွင်း တက်စမေးနီးယားသို့ လူသားခြင်း စာနာခွင့်အရ အခြေချရန် ဝင်လာသူများမှာ **293** ယောက်ရှိပါသည်။


သူတို့မှာ အာဖဂန်နစ်စတန်၊ အီရန်၊ အီသီယိုပီးယား၊ အယ်ရစ်ထရီးယား၊ ဆူဒန်၊ ဆူဒန်တောင်ပိုင်း၊ ကွန်ဂို သမ္မတနိုင်ငံ၊ ကင်ညာ၊ မြန်မာနိုင်ငံ၊ ပါကစ္စတန်၊ ဆီးရီးယားနိုင်ငံ နှင့် ယီမင်နိုင်ငံ တို့မှ လာကြပါသည်။

# နေအိမ်တွင်ပြောနေကျ ဘာသာစကားများ


2021 ခုနှစ်အတွင်း တက်စမေးနီးယန်း **10 ယောက်လျှင် 1 ယောက်**

(48,500 ယောက်အထက်) မိမိတို့အိမ်တွင် အင်္ဂလိပ် ဘာသာမဟုတ်သော ဘာသာစကားကို ပြောကြပါသည်။ ယင်းသည် 2016 နှစ်ထက်စာလျှင် တက်စမေးနီးယန်း 21,000 ယောက် တိုးလာခြင်း ဖြစ်ပါသည်။[11]

2021 ခုနှစ်တွင် **ထိပ်ဆုံးမှာ ရှိနေသည့်** နေအိမ်တွင်ပြောနေကျ **ဘာသာစကား 10 မျိုး**[12]




2021 ခုနှစ်တွင် အင်္ဂလိပ် ဘာသာစကား မဟုတ်သည့် နေအိမ်တွင်ပြောနေကျ ဘာသာစကားကို အများဆုံး ပြောဆိုသည့် **တက်စမေးနီးယန်း ဒေသ ကောင်စီများ**[13]




တက်စမေးနီးယန်း လူဦးရေ မည်မျှ **ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှု** လိုအပ်သနည်း။[14]

2021 ခုနှစ်တွင် တက်စမေးနီးယန်း လူဦးရေ **5,000** ကျော် (1 ရာခိုင်နှုန်း နီးပါး) က သူတို့ အင်္ဂလိပ်ဘာသာစကား ကောင်းစွာ သို့မဟုတ် လုံးဝ မပြောတတ်ဟု ဆိုပါသည်။ ယင်းသည် 2016 ခုနှစ်ကနှင့်စာလျှင် တက်စမေးနီးယန်း **750** ယောက် ပိုမိုပါသည်။

# ယုံကြည်ကိုးကွယ်ရာ

2021 ခုနှစ်တွင်
တက်စမေးနီးယန်း လူဦးရေ **5 ယောက်လျှင် 2 ယောက်** (242,087) က သူတို့ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှု ရှိကြောင်း သတင်းပို့ပါသည်။ ယင်းသည် 2016 ခုနှစ်နှင့် ယှဉ်လျှင် 26,579 ယောက်လျော့သွားပါသည်။[15]

2021 ခုနှစ်တွင် တက်စမေးနီးယား၌ **ယုံကြည်ကိုးကွယ်ရာ အများဆုံး** ဘာသာအယူဝါဒများ[15]

- **အယ်င်ဂလစ်ကင်** - 80,380
- **အနောက်ပိုင်း (ရိုမင်) ကက်သလစ်** - 70,973
- **ယူနိုက်တင်း ချာ့ချ်** - 14,447
- **ခရစ်ယန် NFD*** - 13,986
- **ဟိန္ဒူဘာသာ** - 9,724
- **ပရက်စဘတီးရီးယန်း/ ပြုပြင်ပြောင်းလဲမှု** - 8,240
- **ဘက်ပတစ်စ်** - 6,518
- **ဗုဒ္ဓဘာသာ** - 5,605
- **အစ္စလမ်** - 4,947
- **ပယ်န်တကောစတာလ်** - 4,804

*နောက်ထပ် ရှင်းပြမထားပါ။

2016 ခုနှစ်မှ - 2021 ခုနှစ် အတွင်း တက်စမေးနီးယားတွင် **အမြန်ဆုံး ကြီးထွားလာသည့် ယုံကြည်ကိုးကွယ်မှု ဘာသာများ**[15]

- **ဟိန္ဒူဘာသာ** (+7,170 ယောက်)
- **ဗုဒ္ဓဘာသာ** (+2,449 ယောက်)
- **အစ္စလမ်** (+1,556 ယောက်)

2016 ခုနှစ်မှ - 2021 ခုနှစ် အတွင်း တက်စမေးနီးယားတွင် **အမြန်ဆုံး လျော့နည်းလာသည့် ယုံကြည်ကိုးကွယ်မှု ဘာသာများ**[15]

- **အယ်င်ဂလစ်ကင်** (- 23,459 ယောက်)
- **အနောက်ပိုင်း (ရိုမင်) ကက်သလစ်** (- 8,444 ယောက်)
- **ယူနိုက်တင်း ချာ့ချ်** (- 4,894 ယောက်)

ဤအစီအစဉ်တွင် ပါဝင်သည့် နောက်ဆုံးရရှိသော အချက်အလက်များမှာ 2021 ခုနှစ်တွင် သန်းခေါင်စာရင်းမှ ရရှိခြင်းဖြစ်ပါသည်။ နောက်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ခြင်းသည် 2026 ခုနှစ်တွင် ပြုလုပ်ရန်စီစဉ်ထားရာ ဤအစီအစဉ်သည် ငါးနှစ်အတွင်း မည်မျှပြောင်းလဲလာသည်ကို ထိုအချိန်တွင် မီးမောင်း ထိုးပြလိမ့်မည် ဖြစ်ပါသည်။

# အချက်အလက်ဆိုင်ရာများ - ရလဒ်များကို နားလည်သဘောပေါက်ခြင်း

ဤအစီအစဉ်သည် တက်စမေးနီးယန်း ပြည်သူများ ရင်ဆိုင်နေကြရသော အခက်အခဲများအတွက် အောက်ဖော်ပြပါ အချက်များနှင့် ပတ်သက်ပြီး ရလဒ်ကောင်းများရရန် ကျွန်ုပ်တို့ မည်သို့အားပေးကြောင်း အာရုံစိုက် ဖော်ပြထားပါသည် -

- မျိုးနွယ် သို့မဟုတ် ယဉ်ကျေးမှု
- (အင်္ဂလိပ်ဘာသာစကားသည် မိမိတို့ ပြောနေကျ ဘာသာစကား မဟုတ်လျှင်) အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းမှု၊ သို့မဟုတ်
- အကယ်၍ သူတို့သည် ဩစတြေးလျားနိုင်ငံသား မဟုတ်ပါက အခြေချနေထိုင်ခြင်းဆိုင်ရာအဆင့် တို့ဖြစ်ပါသည်။

ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မျိုးမတူ ကွဲပြားခြားနားသူများ သီးခြား ကြုံတွေ့ကြရသည့် လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာ အားနည်းချက်များအပြင် ဝန်ဆောင်မှု အသုံးပြုရာတွင် ကြုံတွေ့ကြရမည့် အခက်အခဲ အတားအဆီးများကို နားလည်ခြင်းသည် အံဝင်ခွင်ကျ စီမံပေးမည့် ဝန်ဆောင်မှုများအတွက် အလွန်အရေးကြီးပါသည်။

တက်စမေးနီးယန်း ပြည်သူများအားလုံးကဲ့သို့ပင် ကျွန်ုပ်တို့၏ နေထိုင်ကြရာနေရာ၊ ကျွန်ုပ်တို့၏ ဝင်ငွေ၊ ပညာရေးအဆင့်အတန်း၊ စီးပွားရေး အခြေအနေ၊ မျိုးရိုးဗီဇအရအနေအထား၊ ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်း ပံ့ပိုးမှု၊ မိသားစုနှင့်မိတ်ဆွေများနှင့် ဆက်ဆံရေး၊ အားလုံးတို့က ကျွန်ုပ်တို့၏ ဝန်ဆောင်မှု၊ ကျွန်ုပ်တို့၏ အတွေ့အကြုံများနှင့် ရလဒ်များကို အကျိုးသက်ရောက်မှု ရှိကြပါသည်။[16]

တစ်ကမ္ဘာလုံးနှင့်ယှဉ်ပါက မိဘမျိုးရိုးတစ်ချို့ ပါဝင်သည့် သီးခြားလူမျိုးများတွင် အချို့ရောဂါများသည် ပိုမိုပျံ့နှံ့သည်ကိုလည်း သိကြပါသည်။ ဩစတြေးလျားနိုင်ငံတွင် မျိုးနွယ်၊ အခြေချခြင်းဆိုင်ရာ အတွေ့အကြုံနှင့် အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းမှု အဆင့်တို့သည် သီးခြား လူမှုအဖွဲ့အစည်းများအတွက် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်နှင့် ရောဂါဘယများကို ကြိုတင်သတိပေးနိုင်ရန် အထောက်အကူဖြစ်ကြောင်း ကျွန်ုပ်တို့ သိကြပါသည်။[17]

ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မျိုးမတူ ကွဲပြားခြားနားသူ တက်စမေးနီးယန်းများသည် ကောင်းမွန်သော ရလဒ်များမှာ ဖွဲ့စည်းတည်ဆောက်ပုံအရ အခက်အခဲ အတားအဆီးများ ကြုံတွေ့ကောင်း ကြုံတွေ့ကြရမည် ဆိုသည်ကိုလည်း ကျွန်ုပ်တို့ သိကြပါသည်။ စနစ်နှင့်အတူ ကြုံတွေ့ကြရမည့် အမှတ်တမဲ့ မသိလိုက်သည့် ဘက်လိုက်မှုနှင့် လူမျိုးရေး ခွဲခြားမှုများက -

- အစီအစဉ်များနှင့် ဝန်ဆောင်မှုများကို ရယူအသုံးပြုရာတွင် ပိုမို ခက်ခဲလာခြင်း
- တက်စမေးနီးယန်းများအတွက် မိမိကိုယ် တန်ဖိုးထားမှု၊ စိတ်ပိုင်း ကျန်းမာရေး၊ ဘဝအတွက် ရွေးချယ်စရာများ နှင့် ရလဒ်များကို ဆိုးသည့်ဘက်မှ အကျိုးသက်ရောက်ခြင်း
- ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံနှင့် အဖြစ်အပျက်များက လှုံ့ဆော်သဖြင့် ဖြစ်နေသော စိတ်ထိခိုက်မှုနှင့် လက်ရှိ ခံစားနေရသော မျိုးရိုးစဉ်ဆက် စိတ်ထိခိုက်မှုဆိုင်ရာ အဖြစ်အပျက်များ ဖြစ်စေနိုင်ပါသည်။[18]

သို့သော်၊ ကျွန်ုပ်တို့ မှတ်သားစစ်ဆေးခြင်းမပြုသည့်အရာများကို ကျွန်ုပ်တို့ နားမလည်နိုင်ပါ။[19] လက်ရှိ ပြည်နယ်နှင့် နိုင်ငံတော်တို့၏ စောင့်ကြည့်စစ်ဆေးသည့် စနစ်က မျိုးနွယ်၊ သို့မဟုတ် ယဉ်ကျေးမှု၊ ဘာသာစကားအသုံးအနှုန်းနှင့် တတ်ကျွမ်းမှု သို့မဟုတ် အခြေချခြင်းဆိုင်ရာ အဆင့်တို့ကို အမြဲမပြတ် စစ်ဆေးနေခြင်း မဟုတ်သည့်အတွက် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မျိုးမတူ ကွဲပြားခြားနားသူ တက်စမေးနီးယန်းများအတွက် ဖြစ်နိုင်ချေရှိသည့် အန္တရာယ်၊ အတွေ့အကြုံများနှင့် ရလဒ်များကို နားလည်မှုမှာ အခက်အခဲရှိနိုင်ပါသည်။[20]

2024 ခုနှစ် လူမှုရေးအရ စည်းလုံးညီညွတ်မှု မှတ်သားခြင်းဆိုင်ရာ အစီရင်ခံစာ (2024 Mapping Social Cohesion Report) တွင် ပါဝင်သူများ၏ 47 ရာခိုင်နှုန်းကသာလျှင် ပါဝင်ပတ်သက်မှုကို ကြီးစွာသော အတိုင်းအတာအရ ခံစားရသည်။ လူမျိုးရေး ခွဲခြားမှု၊ ပေါ်လစီနှင့် ဝန်ဆောင်မှုများတွင် လိုအပ်သလောက် အသိအမှတ်ပြုခြင်း မရှိသည့်အကြောင်းနှင့် အချက်အလက်ဆိုင်ရာတွင် ရှိသင့်သည့်အချက်များ မတွေ့ရသည်တို့မှာ - အဓိက အကြောင်းရင်းများ ဖြစ်ကြပါသည်။[21]

# တက်စ်မေးနီးယန်းများက ကျွန်ုပ်တို့ကိုပြောသည်များ

- မည်သူက လုပ်ငန်းစဉ်ကို အသိပေးသနည်း။
- ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မတူကွဲပြားသူ တက်စ်မေးနီးယန်းများ၏ ဦးစားပေး လုပ်ငန်းများ



# မည်သူက လုပ်ငန်းစဉ်ကို အသိပေးသနည်း

## တက်စ်မေးနီးယန်းများ

လူမှုအဖွဲ့အစည်းဆိုင်ရာ ဆွေးနွေးတိုင်ပင်ရာ၌ တက်စမေးနီးယန်း **1,000** ကျော် ပါဝင်ဆွေးနွေးခဲ့ကြပါသည် -

**950**

ပါဝင်ဆွေးနွေးသူများအား MCOT, MRC Tas, နှင့် WCS တို့က ပံ့ပိုးပေးသည်။

**150**

CDAT နှင့် Citizen Tasmania တို့က ပံ့ပိုးပေးသည်။

**6**

ဝန်ဆောင်မှုပေးသူများက အလုပ်အကိုင်၊ အိမ်ယာနှင့် ကျန်းမာရေး စောင့်ရှောက်မှု စသည့်နေရာများအတွက် ပြန်လည်အသိပေးခြင်းကို ပံ့ပိုးပေးသည်။

တိုင်ပင်ဆွေးနွေးခြင်းများကို -

- အွန်လိုင်း သုတေသန
- ဆွေးနွေးပွဲများ
- အလုပ်ရုံ ဆွေးနွေးပွဲများ မှတဆင့် ပြုလုပ်သည်။

မည်သူတွေ ပါဝင်ဆွေးနွေးသနည်း။

- အများဆုံးပါဝင်ဆွေးနွေးသူများမှာ အသက် **25 - 44** နှစ်အတွင်း ဖြစ်သည်။
- ပါဝင်ဆွေးနွေးသူ **လေးပုံမှသုံးပုံ** သည် ပြည်နယ်၏ တောင်ပိုင်းတွင် တည်ရှိသည်။
- အင်္ဂလိပ်ဘာသာစကားအပြင် အခြားဘာသာစကား ပြောသူ အကြမ်းဖျဉ်း **70 ရာခိုင်နှုန်း** ရှိပြီး အများဆုံးပြောသည်မှာ နီပေါ ဘာသာစကား ဖြစ်သည်။
- ပါဝင်ဆွေးနွေးသူ **30 ရာခိုင်နှုန်း** သည် ကျွမ်းကျင်သော ပြောင်းရွှေ့အခြေချ လုပ်သားများဖြစ်ကာ သူတို့ထဲမှ တစ်ဝက်မှာ လွန်ခဲ့သောနှစ်နှစ်နှင့် ငါးနှစ်အတွင်းရောက်လာကြသူများ ဖြစ်ကြသည်။
- ပါဝင်ဆွေးနွေးသူ **80 ရာခိုင်နှုန်း** သည် စာနာထောက်ထားမှုအရ ဝင်လာသူများ ဖြစ်ကြသည်။

## ထိန်းချုပ်မှု

2024 ခုနှစ် ဇန်နဝါရီလမှစပြီး လုပ်ငန်းစဉ် အစီအစဉ်ကို အောက်ဖော်ပြပါ အဖွဲ့အစည်းများထဲမှ ကိုယ်စားလှယ်များပါသည့် လုပ်ငန်းအဖွဲ့က ဦးဆောင်လမ်းညွှန်မည်ဖြစ်သည်။

- တက်စမေးနီးယားပြည်နယ် ယဉ်ကျေးမှု မျိုးစုံဆိုင်ရာ ကောင်စီ
- တက်စမေးနီးယားပြည်နယ် ပြောင်းရွှေ့အခြေချသူများ ရင်းမြစ်ဆိုင်ရာ ဌာန
- ယဉ်ကျေးမှုဆိုင်ရာ ကြိုဆိုလက်ခံရေး ဝန်ဆောင်မှုများ;
- တက်စမေးနီးယားပြည်နယ် ယဉ်ကျေးမှုအရ ကွဲပြားခြားနားသူများ ပူးပေါင်း မဟာမိတ်အဖွဲ့
- တက်စမေးနီးယား ပြည်နယ်သူ ပြည်နယ်သားများအဖွဲ့ တို့ဖြစ်ကြသည်။

# ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မျိုးမတူ ကွဲပြားခြားနားသူ တက်စမေးနီးယန်းများ၏ ဦးစားပေး လုပ်ငန်းများ

## အဓိက အချက်များ

တက်စမေးနီးယား ပြည်နယ်သူ ပြည်နယ်သားများသည် အားလုံးပါဝင်ကြသည့် ကျွန်းပြည်နယ်ကြီးအဖြစ် မည်သည့်အချက်များ ဦးစားပေးရမည်ဆိုသည်ကို ရှင်းလင်းစွာ သိထားကြသည်။

### ကျွန်ုပ်တို့ မပါဘဲ ကျွန်ုပ်တို့ အကြောင်း မဆွေးနွေးနိုင်ပါ။

တက်စမေးနီးယား ပြည်နယ်အစိုးရ၏ ယဉ်ကျေးမှုမျိုးစုံ ဆိုင်ရာ အချက်အလက် အစုစုသည် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မျိုးမတူ ကွဲပြားခြားနားသည့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ရမည်ဖြစ်သည်။ ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ အကြောင်းအရာများကို ပါလီမန်တွင် ပိုမို အာရုံစိုက်ကာ အထူးသဖြင့် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများကို ဗဟိုပြု၍ မူဝါဒများ၊ အစီအစဉ်များနှင့်ဝန်ဆောင်မှုများကို သူတို့၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေအောင် ပြုလုပ် ဆောင်ရွက်ပေးရမည် ဖြစ်သည်။

### ပါဝင်ပတ်သက်ရန်အတွက် ကျွန်ုပ်တို့ ဘေးကင်းလုံခြုံသည်ဟု ခံစားရရန် လိုအပ်သည်

လူမျိုးရေးခွဲခြားမှုနှင့် နှိမ့်ချဆက်ဆံမှုကို အသိအမှတ်ပြုပြီး ပညာရေးဆိုင်ရာ၊ လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်းများအတွင်း ထိရောက်စွာ ကိုင်တွယ်ရန် လိုအပ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများတွင် ဘဝတန်ဖိုးရှိကာ ဘေးကင်းမှုနှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာမှု၊ မိမိကိုယ်မိမိ တန်ဖိုးထားခြင်းနှင့် ပါဝင်ပတ်သက်ခြင်း ဟူသည့်ခံစားမှုများ ဖြစ်ပေါ်လာစေမည် ဖြစ်သည်။

### ကျွန်ုပ်တို့ ပါဝင်လိုသည် ထို့အပြင် ပတ်သက်သည်ဟု ခံစားရလိုသည်

ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများကို တက်စမေးနီးယန်း နေ့စဉ်ဘဝထဲ ပါဝင်နိုင်စေရေးအတွက် ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုများကို ဝင်ရောက် အသုံးပြုနိုင်မှု၊ ယဉ်ကျေးမှုအရ ပါဝင်နိုင်သည့် ပညာရေး၊ လုပ်ငန်းခွင်များ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ စိတ်ပိုင်း ကျန်းမာရေးနှင့် လူမှုအဖွဲ့အစည်း ဝန်ဆောင်မှုတို့က မဖြစ်မနေ အရေးကြီးပါသည်။

### ကျွန်ုပ်တို့ မမြင်ရသည့်အရာသည် ကျွန်ုပ်တို့ အတွက် ဖြစ်မလာနိုင်ပါ။

ဦးဆောင်မှု နေရာများ၊ မီဒီယာနှင့် အစိုးရအဖွဲ့ ဝန်ဆောင်မှုများတွင် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများ ကိုယ်စားပြုမှုမှာ အနည်းအကျဉ်းသာ ရှိသည်။ ဤသည်မှာ ဖယ်ကျဉ်ခြင်းနှင့် ပထုတ်ထားသည်ဟု ခ ံစားရစေနိုင်သည်။



## လူမှုအဖွဲ့အစည်း၏ အဓိက ဦးစားပေး အကြောင်းအရာများ

လူမှုအဖွဲ့အစည်းက ကျွန်ုပ်တို့ကို ဦးစားပေး လုပ်ဆောင်ရမည့် နေရာ ငါးခု ပြောပြထားသည်မှာ -




လူမှုအဖွဲ့အစည်း၏ အဓိက ဦးစားပေး အကြောင်းအရာများ

# လူမှုအဖွဲ့အစည်း ဦးဆောင်သည့် ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များ

## ကျွန်ုပ်တို့ ကြားသိရသည်များ

- ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများက သူတို့၏ဘဝကို အကျိုးသက်ရောက်မှုရှိမည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့တွင် ပါဝင်လိုကြသည်။
- တက်စမေးနီးယန်းများက ဆုံးဖြတ်ချက်ပေးမည့်သူများနှင့် ဘေးကင်းသည့် ဆွေးနွေးမှုများ ပြုလုပ်လိုကြပြီး သူတို့ပြောသည်ကိုလည်း နားထောင်စေချင်သည်။
- တက်စမေးနီးယန်း ပြည်သူပြည်သားများ၏ ဦးစားပေး လိုအပ်ချက်နှင့် တုန့်ပြန်ချက်ကို လေးစားစွာ အသိအမှတ်ပြုပြီး ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများက ဆုံးဖြတ်ချက် ချပေးမည့်သူများ သူတို့၏အတွေ့အကြုံများနှင့် ရလဒ်များအပေါ် လူမျိုးရေးခွဲခြားမှုနှင့် နှိမ့်ချဆက်ဆံမှုကဲ့သို့သော စံနစ်၏ အတားအဆီးများ အကျိုးသက်ရောက်မှုကို နားလည် သဘောပေါက်စေချင်ကြသည်။

## အဓိက ဦးစားပေး အကြောင်းအရာများတွင် အောက်ပါအချက်များ ပါဝင်သည် -

- **ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ ကိစ္စရပ်များအပေါ် ဝန်ကြီးအဆင့် ရှင်းလင်း ပြတ်သားသည့် အာရုံစိုက် ဆောင်ရွက်မှု –** သတ်သတ်မှတ်မှတ် ခန့်ထားသည့် ဝန်ကြီးအဆင့် ရာထူး သို့မဟုတ် လူမှုအဖွဲ့အစည်းမှ ဦးဆောင်သည် အတိုင်ပင်ခံအဖွဲ့
- **ကျွန်ုပ်တို့ ဆိုလိုသည်များကို အများအနေနှင့် အားလုံးက နားလည် သဘောပေါက်စေချင်သည်** - လူမှုအဖွဲ့အစည်းများအကြောင်း ကျွန်ုပ်တို့ မည်သို့ ဆွေးနွေးသနည်း၊ လူမှုအဖွဲ့အစည်း ပေါင်းစည်း ညီညွတ်မှုဆိုသည်မှာ အဘယ်နည်း၊ သိလိုစိတ်၊ သတိမူခြင်း၊ ကျွမ်းကျင်မှု၊ စာပေတတ်မြောက်မှု၊ ဘေးကင်း မှုနှင့် အတူပါဝင်ခြင်း တို့၏ အဓိပ္ပါယ်နှင့် လူမျိုးရေးခွဲခြားမှုနှင့် ယင်း၏ အကျိုးသက်ရောက်မှုကို နားလည်ခြင်း
- **ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများအတွက် ကိစ္စရပ်များ၊ တိုးတက်မှုနှင့် ရလဒ်များကို အများအနေနှင့် အားလုံးက နားလည် သဘောပေါက်စေချင်သည်** – ဆွေးနွေးခြင်းနှင့် အဓိပ္ပါယ်ရှိသည့် အချက်အလက်များမှတဆင့် တက်စမေးနီးယားအနေနှင့် မျိုးရိုး၊ အသုံးပြုသည့် ဘာသာစကားနှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့အပြင် ဆုံဆည်းရာ အခြေအနေတို့ တက်စမေးနီးယန်းတို့ အနေနှင့် မူဝါဒများနှင့် အစီအစဥ်များကို ရေးဆွဲကာ မပြတ် စစ်ဆေးနေရမည် ဖြစ်သည်။

***‘’တက်စမေးနီးယား အစိုးရအနေနှင့် ပြောင်းရွှေ့ အခြေချ နေထိုင်သူများ လူမှုဆက်ဆံရေးဆိုင်ရာ မူဝါဒများ၊ ဆွေးနွေးတိုင်ပင်ခြင်း၊ အလုပ်အကိုင် စသည်တို့တွင် ပါဝင်ခြင်းကို ဆက်လက် အားပေးနိုင်သည်။’’***

*ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

## လူမျိုးရေး ခွဲခြားမှုကို ကိုင်တွယ်ခြင်းနှင့် လူမှုအဖွဲ့အစည်းအရ စည်းစည်းလုံးလုံး ပေါင်းစည်းမှုကို အားပေးခြင်း

### လူမျိုးရေးခွဲခြားမှု ဆိုသည်မှာ အဘယ်နည်း။

သြစတြေးလျားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က လူမျိုးရေးခွဲခြားမှုကို အဓိပ္ပါယ်ဖွင့်ဆိုသည်မှာ -
"လူမျိုးဆိုသည်ကို အခြေခံပြီး လူအများအပေါ် တရားမျှတမှု မရှိသည့် အခွင့်အရေးနှင့် ရလဒ်များကို စနစ်နှင့် မူဝါဒများက ဖန်တီးနိုင်သည့် လုပ်ငန်းစဉ်။ လူမျိုးရေးခွဲခြားမှုသည် အတွေးအခေါ် သို့မဟုတ် လက်တွေ့လုပ်ငန်းတွင် ဘက်လိုက်ခြင်းထက် ပိုပါသည်။ ယင်းသို့ဘက်လိုက်ခြင်းက – လူတစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့က – အခြားသူများ၏ ရပိုင်ခွင့်၊ အခွင့်အရေးကို တားဆီး၊ ကန့်သတ်၊ သို့မဟုတ် ချုပ်ချယ်ခြင်း ပြုနိုင်သော အာဏာနှင့်တွဲလျက် ပါလာတတ်သည်။"

### ကျွန်ုပ်တို့ ကြားသိရသည်မှာ -

- ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများအတွက် လူမျိုးရေးခွဲခြားမှုနှင့် နှိမ့်ချဆက်ဆံမှုသည် လူတန်းစေ့နေနိုင်မှု၊ လုံခြုံမှုရှိသည်ဟု ခံစားရခြင်းနှင့် တရားမျှတမှု၊ ဘဝတန်ဖိုးနှင့်အတူ မိမိတို့လည်း သက်ဆိုင်မှုရှိသည်ဟု ခံစားရခြင်း တို့အတွက် အတားအဆီးဖြစ်နေသည်။
- တက်စမေးနီးယားတွင် လူမှုအဖွဲ့အစည်းများအတွင်း ဝန်ဆောင်မှုရယူခြင်းနှင့် ပေါင်းသင်းဆက်ဆံရေး၊ ပညာရေး၊ အလုပ်အကိုင်၊ တက်စမေးနီးယား ရဲတပ်ဖွဲ့နှင့် ဆက်ဆံရေး၊ ရာဇဝတ် ကျင့်ထုံးစနစ် အပိုင်းတို့မှာ ထိုအတွေ့အကြုံများ ရှိကြောင်း သတင်းရရှိပါသည်။
- တက်စမေးနီးယားတွင် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများ အနေနှင့် ဘေးကင်းပြီး ကျန်းမာသော လေးစားခံရသော ဘဝများဖြင့် နေနိုင်သွားကြစေရန် လူမှုအဖွဲ့အစည်းများအတွင်း ကျစ်လစ်စည့် စုစည်းမှု၊ အခြားယဉ်ကျေးမှုကို သတိမူခြင်း၊ လူမျိုးရေးခွဲခြားမှုနှင့် နှိမ့်ချဆက်ဆံမှု၏ အကျိုးသက်ရောက်မှုကို နားလည်သဘောပေါက်ဖို့ကို ပိုမို လိုအပ်ပါသည်။
- နှိမ့်ချဆက်ဆံမှုကို ဆန့်ကျင်သည့် ဥပဒေများနှင့် ထိုသို့ဖြစ်ခဲ့လျှင် သတင်းပို့ခြင်းများ ပိုမိုလိုအပ်ပါသည်။ လူမျိုးရေးခွဲခြားမှု၊ လူမျိုးရေးခွဲခြားမှုကြောင့် ဖြစ်လာသော ကိစ္စများနှင့် နှိမ့်ချဆက်ဆံမှုကို ခံစားရသော ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများ အနေနှင့် သူတို့ ထိုအဖြစ်အပျက်များကို သတင်းပို့သည့်အခါ ဘေးကင်းလုံခြုံမှု ရှိကြောင်း ခံစားနိုင်စေဖို့ လိုအပ်ပါသည်။
- တက်စမေးနီးယန်းများ အနေနှင့် လူမျိုးရေးခွဲခြားမှု ခံစားကြရသူများ သင့်လျော်သော အကူအညီများ တိုးပြီး ရယူနိုင်စေရန် လိုအပ်ပါသည်။

*"ကျွန်ုပ်အနေနှင့် မျိုးမတူ ကွဲပြားခြားနားသည့် လူမှုအဖွဲ့အစည်းကို ကြိုဆိုကာ လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်ပြီး အတူပါဝင်ခြင်းဆိုင်ရာ လှုပ်ရှားမှုများ ပိုမိုလုပ်သင့်သည်ဟု ယူဆပါသည်။ ကျွန်ုပ်သည် ဘေးမှ ရပ်ကြည့်နေသူများကို တွေ့မြင်ရပေါင်းများပါပြီ၊ လူအများကလည်း မိမိအတွက်ရော သို့မဟုတ် သူများအတွက်ပါ မပြောနိုင်မဆိုနိုင် ဖြစ်နေကြသည်။"*

*ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

## လူမျိုးရေးခွဲခြားမှု ဆိုသည်မှာ မည်သို့ရှိသနည်း။

လူမျိုးရေးခွဲခြားမှုသည် ပုံစံအမျိုးမျိုးဖြင့် ရှိနိုင်သည်၊ ဥပမာ စော်ကားမှု သို့မဟုတ် ထိခိုက်မှု ဖြစ်စေရန် နာမည်ဖျက်ခြင်း သို့မဟုတ် ပျက်ရယ်ပြုခြင်း၊ နှောက်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း စသည်တို့ဖြစ်သည်။ ထို့အပြင် အွန်လိုင်း မှတ်ချက်ပေးခြင်း၊ သို့မဟုတ် သီးသန့် အဖွဲ့အစည်းများအား မီဒီယာတွင် စော်ကားခြင်း၊ ရန်စောင်ခြင်းသာမက အပြင်းထန်ဆုံးပုံစံဆိုလျှင် ကိုယ်ထိလက်ရောက် စော်ကားခြင်းနှင့် အကြမ်းဖက်ခြင်း တို့ဖြစ်ကြသည်။

လူမျိုးရေးခွဲခြားမှုသည် တက်စမေးနီးယန်းအားလုံး၏ အခြေခံ လူ့အခွင့်အရေးဖြစ်သည့် တစ်ဦးနှင့်တစ်ဦး လေးစားစွာနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းဆက်ဆံရမည် ဆိုသည်ကို ချိုးဖောက်သည်။[22]

*2024 ခုနှစ် လူမှုရေးအရ စည်းလုံးညီညွတ်မှု မှတ်သားခြင်းဆိုင်ရာ အစီရင်ခံစာ (2024 Mapping Social Cohesion Report)* တွင် ပါဝင်ပတ်သက်မှုနှင့် လူမှုရေးဆိုင်ရာ တရားမှတမှုသည် ရေရှည်ပျမ်းမျှ စံနှုန်းများနှင့် ယှဉ်လျှင် သိသိသာသာ နိမ့်ကျနေသည်ဟု ဖော်ပြထားပါသည်။

လူမှုရေးအရ *စည်းလုံးညီညွတ်မှု မှတ်သားခြင်းဆိုင်ရာ အစီရင်ခံစာ* တွင် အင်္ဂလိပ်ဘာသာစကားမပြောသည့် နောက်ခံမှလာကြသော သြစတြေးလျန်းများ၏ သုံးပုံတစ်ပုံသည် လွန်ခဲ့သည့် 12 လ အတွင်း  မိမိတို့၏ အသားအရောင်၊ မျိုးနွယ် သို့မဟုတ် ဘာသာအယူဝါဒပေါ်မူတည်ပြီး နှိမ့်ချဆက်ဆံ ခံရကြောင်း သတင်းပို့ကြပါသည်။[23]

လူမှုရေးအရ စည်းလုံးညီညွတ်မှုအတွင်း ဤတင်းမာမှုသည် တက်စမေးနီးယားတွင် သိသာထင်ရှားသည်။ လွန်ခဲ့သော နှစ်နှစ်အတွင်း လူမျိုးရေးကို အခြေခံသော နှိမ့်ချဆက်ဆံမှု၊ စော်ကားမှု၊ နှောက်ယှက်မှုနှင့် ကြမ်းတမ်းသော တိုက်ခိုက်မှု အတော်များများ မီဒီယာ သတင်းများတွင် တွေ့ရသည်။

လူမျိုးရေးခွဲခြားမှုနှင့် နှိမ့်ချဆက်ဆံမှုသည် လူတစ်ဦးခြင်းနှင့် တက်စမေးနီးယန်း လူမှုအဖွဲ့အစည်းများအပေါ် ကျယ်ကျယ်ပြန့်ပြန့် အကျိုးသက်ရောက်မှု ရှိသည်။ ယင်းက လူတစ်ဦးခြင်းစီကို စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကာယပိုင်းဆိုင်ရာ၊ ကျန်းမာချမ်းသာရေးကို ထိခိုက်စေပြီး လူမှုအဖွဲ့အစည်း စည်းလုံးညီညွတ်မှုကို ဖြိုခွဲ ဖျက်ဆီးနိုင်ပါသည်။

## လူမှုအဖွဲ့အစည်း စည်းလုံးညီညွတ်မှု ဆိုသည်မှာ အဘယ်နည်း။

သြစတြေးလျားနိုင်ငံတွင် သဘောတူထားကြသည့် အဓိပ္ပါယ်ဖွင့် မရှိပါ။
(စကန်လုံ အင်စတီကျူ) Scanlon Institute က အာရုံစိုက်ထားသည်မှာ-
‘’အဖွဲ့ဝင်များအနေနှင့် ရှင်သန်ရေးနှင့် ကြီးပွားတိုးတက်ရေးအတွက် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်လိုစိတ်’’ ဖြစ်သည်။

လူမှုအဖွဲ့အစည်း စည်းလုံးညီညွတ်မှုသည် လူမျိုးရေး ခွဲခြားမှုကို ဆန့်ကျင်ပြီး လူမျိုးတစ်မျိုးတည်း၊ ‘မိမိတို့ လူမှုအဖွဲ့အစည်းသာလျှင် ဟူသောစိတ်ဓာတ်’ တို့ကို တားဆီးသည်။[24]

တက်စမေးနီးယန်း အစိုးရသည် ယဉ်ကျေးမှုအရ နားလည်ခြင်း၊ ဝမ်းမြောက်ဝမ်းသာ လက်ခံခြင်းနှင့် အပြန်အလှန် လေးစားမှုတို့ ပေါ်ထွန်းသည့် သဘာဝပတ်ဝန်းကျင် ဖြစ်ပေါ်စေရန် အာရုံစိုက် ဆောင်ရွက်နေပါသည်။

*‘’မည်သည့်နိုင်ငံသား၊ သို့မဟုတ် ဘာသာရေးခံယူချက် နှင့် အရေးအကြီးဆုံးမှာ တက်စမေးနီးယားကို မည်သည့်အချိန်တွင် စတင်နေစေကာမူ အားလုံးပါဝင်ကြသည်၊ လေးစားသမှု ခံကြရသည်၊ တန်ဖိုးထားခံကြရသည်။’’*

*ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

## လက်ရှိ ကျွန်ုပ်တို့ ဆောင်ရွက်နေသည်များ

တက်စမေးနီးယားအစိုးရသည် လူတိုင်း ဘေးကင်းလုံခြုံမှု ရှိကြောင်း၊ ပါဝင်ဆောင်ရွက်ပြီး အောင်မြင်ဖြစ်ထွန်းစေအည့်အပြင် မိမိတို့လည်း ပါဝင်သည်ဟု ခံစားနိုင်စေမည့် သဘာဝပတ်ဝန်းကျင်တစ်ခု ဖန်တီးရေးအတွက် လူမျိုးရေးခွဲခြားမှုနှင့် နှိမ့်ချဆက်ဆံမှုကို တိုက်ဖျက်ရန် သံဓိဋ္ဌာန်ချ ဆောင်ရွက် နေပါသည်။ ဤအချက်တွင် ပါဝင်သည်မှာ -

- လူမှုအဖွဲ့အစည်းဆိုင်ရာ ဘေးကင်းလုံခြုံမှု စိတ်ပူပန်စရာများအား တုန့်ပြန်နိုင်ရန် လူမှုအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် MCOT တို့ စဉ်းစားဖြေရှင်းခြင်း။ တက်စမေးနီးယန်း အစိုးရအဖွဲ့သည် 2023-24 ခုနှစ်တွင် လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရေးနှင့် လူမှုအဖွဲ့အစည်း စည်းလုံးညီညွတ်မှုအတွက် ဒေါ်လာ $ 500,000 သတ်မှတ်သုံးစွဲပါသည်။
- 2023-24 ခုနှစ်အတွင်း MRC Tas ကို တက်စမေးနီးယားတွင် လူမျိုးရေးခွဲခြားမှု၊ နှိမ့်ချဆက်ဆံမှုနှင့် နှောက်ယှက်မှုတို့ကြောင့် ထိခိုက်ခဲ့သည့် လူမှုအဖွဲ့အစည်းများအတွက် ထပ်တိုး ဆွေးနွေးတိုင်ပင်ခြင်းနှင့်စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု လိုအပ်ချက်ကို ချက်ခြင်း ဖြည့်ဆီးပေးရန် ရန်ပုံငွေ ပံ့ပိုးသည်။
- 2024 ခုနှစ် နိုဝင်ဘာလတွင် လူမှုအဖွဲ့အစည်း စည်းလုံးညီညွတ်မှု ရန်ပုံငွေ အငယ်စားများ ထောက်ပံ့ရေး အစီအစဉ် (Social Cohesion Small Grants program) ကို အပြီးသတ် ပြုလုပ်ပြီး တက်စမေးနီးယားတခွင် ဒေသအလိုက် ဆုံးဖြတ်မှုဖြင့် လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရန်နှင့် လူမှုအဖွဲ့အစည်း စည်းလုံးညီညွတ်မှုအတွက် လူမှုအဖွဲ့အစည်းဆိုင်ရာ စီမံချက် 13 ခုအတွက် ရန်ပုံငွေ ဒေါ်လာ $ 200,000 ပံ့ပိုးပါသည်။
- 2024 ခုနှစ်အတွင်း ပညာရေး၊ ကလေးသူငယ်နှင့် လူငယ်များဆိုင်ရာ (DECYP) ဌာနသည် စမ်းသပ်ကျောင်းများတွင် လူမျိုးရေးခွဲခြားမှု ဆန့်ကျင်ရေး အစီအစဉ်အသစ်ကို စတင်ပါသည်။
- (DECYP) ဌာနသည် ကျောင်းသားကျောင်းသူများ အမူအရာ ထိန်းသိမ်းရေး မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ ထိန်းသိမ်းရေးဆိုင်ရာ မူဘောင်၊ ကျောင်း၏ ကျန်းမာရေးဆိုင်ရာ သူနာပြု အစီအစဉ်နှင့် ကျောင်းတိုင်းတွင် ကူညီပံ့ပိုးရေးနှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာရေးအဖွဲ့ ကျောင်းတိုင်းတွင် ရှိရန် အပါအဝင် ကျောင်းများတွင် အနိုင်ကျင့်မှုနှင့် နှိမ့်ချဆက်ဆံမှု ကင်းရန်ကိုလည်း ဆောင်ရွက်နေပါသည်။
- တရားရေးဌာန ဝန်ကြီးနှင့် တရားရေးဌာန (DoJ) တို့သည် *1998 ခုနှစ် နှိမ့်ချဆက်ဆံမှု တိုက်ဖျက်ရေးဆိုင်ရာ အက်ဥပဒေ (Anti-Discrimination Act 1998)* အရ ဖြစ်ပေါ်လာသော မည်သည့် တရားရေးဆိုင်ရာ ကိစ္စကိုမဆို စောင့်ကြည့်တုန့်ပြန်သည်။
- တက်စမေးနီးယား ရဲတပ်ဖွဲ့၏ ထောက်လှမ်းရေး သတင်းစုဆောင်မှု စနစ်များကလည်း စိတ်ဓာတ်တက်ကြွနေသည့် အဖွဲ့များ၊ (ဘာသာရေးနှင့် လူမျိုးရေး ခွဲခြားမှု အပါအဝင်) အစွန်းရောက် အဖွဲ့များနှင့်မုန်းတီးမှု အခြေခံသည့် လုပ်ဆောင်မှုများနှင့် ဆိုင်သောအချက်အလက်များကို စုဆောင်းပါသည်။

## ယဉ်ကျေးမှုဆိုင်ရာ သတိမူခြင်းနှင့် ဘေးကင်းလုံခြုံမှု

### ကျွန်ုပ်တို့ ကြားသိရသည်များ

- တက်စမေးနီးယန်း ပညာရေးစနစ်အတွင်းမှ ယဉ်ကျေးမှုအရ တုန့်ပြန်ရမည် ပညာရေးစနစ်နှင့် ယဉ်ကျေးမှုအရ ဘေးကင်းသည့် ကူညီပံ့ပိုးမှုသည် မိသားစုများကို တက်စမေးနီးယန်း ပညာရေးစနစ်အတွင်း လိုက်လျောညီထွေ ဆောင်ရွက်ရန်နှင့် အောင်မြင်ရန် မလုံလောက်ပါ။
- တတ်စွမ်းနိုင်သော၊ ယဉ်ကျေးမှုအရ ဘေးကင်းသော၊ စိတ်မချမ်းမြေ့ဘွယ် အတွေ့အကြုံအတွက် ကျန်းမာရေး စောင့်ရှောက်မှု၊ စိတ်ပိုင်းကျန်းမာရေး ဝန်ဆောင်မှုများနှင့် လူမှုအဖွဲ့အစည်း ဝန်ဆောင်မှုတို့သည် တက်စမေးနီးယား၏ ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် လူမှုအဖွဲ့အစည်းများအား မိမိတို့၏လိုအပ်ချက်များမှာ အသိအမှတ်ပြုခံရပြီး ဖြည့်ဆီးပေးနေကြောင်း သိစေပါသည်။
- အလုပ်ရှင်များနှင့် ကျွမ်းကျင်မှုဆိုင်ရာ အလုပ်အကိုင် ရှာဖွေရေး ဝန်ဆောင်မှုများသည် ယဉ်ကျေးမှုအရ အတူပါဝင်ခြင်းဖြစ်ပြီး နှိမ့်ချဆက်ဆံခြင်းကို ဖြေရှင်းနည်းကို နားလည်ကာ ပြောင်းရွှေ့အခြေချသူ တက်စမေးနီးယန်းများအား တက်စမေးနီးယားတွင် ရေရှည်အခြေချနေထိုင်ရေးအတွက် အဓိပ္ပါယ်ရှိသော အလုပ်အကိုင်ကို ရှာရန် အားပေးနိုင်မည် ဖြစ်ပါသည်။
- တတ်နိုင်ပြီး သင့်လျော်၊ လုံခြုံသည့် အိမ်ယာများ ရရှိရေးက ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများ၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာရေးနှင့် အခြေချနေထိုင်ရေးကို အခက်အခဲ ဖြစ်နေစေပါသည်။

> ***“မျိုးမတူ ကွဲပြားခြားနားသည့် ယဉ်ကျေးမှုရှိသူများ ဘေးကင်းသည့် ပတ်ဝန်းကျင်တစ်ခုတွင် တွေ့ဆုံနိုင်ကြစေရန် ယဉ်ကျေးမှုမျိုးစုံ ဆုံစည်းရာဌာနီများ ဖန်တီးပါ။”***
>
> *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

## ကျွန်ုပ်တို့ ဆိုလိုသည်များ - ယဉ်ကျေးမှုကို သတိပြုမူခြင်းမှသည် ယဉ်ကျေးမှုကို ပါဝင်လာစေခြင်း

**ယဉ်ကျေးမှုကို သတိပြုမူခြင်း**
ယဉ်ကျေးမှုတွင် ကွာခြားချက်များနှင့် ယင်းတို့က ပြည်သူပြည်သားများ ဝင်ရောက်ဆောင်ရွက်နိုင်မှုနှင့် ရလဒ်များအပေါ် အကျိုးသက်ရောက်မှုများ

**ယဉ်ကျေးမှုအရ သတိထားရသည့် သိမ်မွေ့နူးညံ့မှု**
ယဉ်ကျေးမှုအရ ကွဲပြားခြားနားမှုကို တရားဝင်အဖြစ် အသိအမှတ်ပြု လက်ခံပြီး အမှတ်တမဲ့ မသိလိုက်သည့် ဘက်လိုက်မှုကို နားလည် သဘောပေါက်ခြင်း

**ယဉ်ကျေးမှုအရ ဘေးကင်း လုံခြုံမှု**
လူမှုအဖွဲ့အစည်းများနှင့် တိုင်ပင် ပုံဖော်ထားသည့် ယဉ်ကျေးမှုအရ သင့်လျော်သော သဘာပတ်ဝန်းကျင်

**ယဉ်ကျေးမှုအရ ပါဝင်ပတ်သက်ခြင်း**
သီးခြား ဖွဲ့စည်းတည်ဆောက်ပုံအတွင်း မျိုးမတူသည့် ယဉ်ကျေးမှုများမှ တစ်ဦးခြင်း ကူညီပံ့ပိုးကာ သူတို့၏ အများနှင့်မတူသော ရှုဒေါင့်နှင့် ပါဝင်ပတ်သက်မှုကို တန်ဖိုးထားခြင်း



*“လောလောဆယ်တွင် ဂလယ်န်အော်ခီ မြို့တော် (Glenorchy City) သည် ဈေးဆိုင်များ၊ ကူညီပံ့ပိုးမှု၊ ကိုယ်စားပြုမှုနှင့် ဘာသာစကားမျိုးစုံပြောဆိုပေးသည့် ကျန်းမာရေး ဝန်ထမ်း အတော်များများ ရှိသည့်နေရာဖြစ်သည်။ ကျွန်ုပ်တို့အနေနှင့် အခြားသော တက်စမေးနီးယား လူမှုအဖွဲ့အစည်းများမှာ အလားတူ ဝန်ဆောင်မှုများ လိုအပ်နေသည်။”*

*ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဥ် အစီအစဥ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

ယဥ်ကျေးမှုသည် လူတစ်ဦးခြင်းစီ သို့မဟုတ်  လူမှုအဖွဲ့အစည်း၏ မည်သူမည်ဝါဆိုသည်ကို ပုံဖော်ပြီး အသက်အပိုင်းအခြား၊ စွမ်းရည်၊ မျိုးနွယ်၊ လိင်နှင့် ယောကျာ်း / မိန်းမ ဖြစ်မှု၊ ကိုးကွယ်သည့် ဘာသာ၊ စီးပွားရေး အခြေအနေ၊ အာဃာနှင့်ဖြတ်သန်းခဲ့သောဘဝ တို့ကလည်း ပုံဖော်ပေးသည်။

ယဥ်ကျေးမှုကို သတိပြုမူခြင်းနှင့် ကျွမ်းကျင်လိမ္မာမှု အရည်အချင်းတွင် ယဥ်ကျေးမှုအရ နည်းလမ်းအသစ်ဖြင့် တွေးခေါ်ရန် လိုအပ်သည်။ အဓိပ္ပါယ်မှာ မိမိ၏ ယဥ်ကျေးမှုမှ အတွေးအခေါ်များ၊ ယုံကြည်ချက်များနှင့် စံတန်ဖိုးများကို အတွေးအခေါ်အသစ် နှင့် နှိုင်းယှဥ်ကာ လေးစားသမှုနှင့် ထို ကွာခြားချက်များမှာ မကွာခြားဘဲ အတူတူပင်ဖြစ်သည်ဟု လက်ခံနိုင်ခြင်းပင် ဖြစ်ပါသည်။ ယင်းတွင် အခြားသူများနှင့် ဘေးကင်းစွာအပြင် အားပေးမှု၊ သူတစ်ပါး၏ နောက်ခံဘဝ၊ ယုံကြည်မှု၊ စံတန်ဖိုး၊ ယဥ်ကျေးမှု၊ ဗဟုသုတ၊ နေထိုင်ပုံနှင့် လူမှုဆက်ဆံရေးတို့လည်း ပါဝင်ပါသည်။

ယဥ်ကျေးမှုအရ ဘေးကင်းလုံခြုံမှုနှင့် ပါဝင်မှုတို့သည် အခြားသူများအား ပေါင်းသင်းဆက်ဆံရာတွင် ဘေးကင်းသည့် သဘာဝပတ်ဝန်းကျင်များ ဖန်တီးပေးရန်အလို့ငှာ သိကျွမ်းသောနှင့် အမှတ်တမဲ့ မသိလိုက်သည့် ဘက်လိုက်မှု၊ သိလိုက်သော ဘက်လိုက်မှုအပြင် နှိမ့်ချဆက်ဆံမှုကို မည်သို့ သတိထားမိပြီး တုန့်ပြန်ရမည်ကို နားလည်ရန် လိုအပ်ပါသည်။ သင့်လျော်သည့် ဘာသာစကား ဝန်ဆောင်မှုများအရ တုန့်ပြန်မှုသည် ဤအချက်၏ အရေးအကြီးဆုံးအပိုင်းဖြစ်ပါသည်။

ယဉ်ကျေးမှုအရ ဘေးကင်းလုံခြုံမှုနှင့် ပါဝင်မှုရှိသည့် ပညာရေး၊ လေ့ကျင့်ရေး၊ လုပ်ငန်းခွင်၊ ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုတို့သည် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများအား မိမိတို့ဘဝတစ်ခွင်လုံးမှာ ဝင်ရောက်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် တိုးတက်အောင်မြင်ခြင်း ဖြစ်နေရန် တွန်းအားပေးပါသည်။ ထို့အပြင် သူတို့သည် တက်စမေးနီးယားအတွက် မှန်ကန်သည့် ချဉ်းကပ်မှုနှင့် သီးခြား သဘာဝပတ်ဝန်းကျင်များ လိုအပ်ပါသည်။

> ***"မျိုးမတူ ကွဲပြားခြားနားသည့် ယဉ်ကျေးမှုများမှ လာသူများသည် လူမှုအဖွဲ့အစည်းမှ အခြားသူများနှင့်အတူ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို အောင်ပွဲခံနိုင်ကြသည် - ဝေမျှခြင်းနှင့် စောင်ရှောက်ခြင်း။"***
>
> *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

## လက်ရှိ ကျွန်ုပ်တို့ ဆောင်ရွက်နေသည်များ

- တက်စမေးနီးယန်းအစိုးရသည် လူတိုင်း မိမိတို့ ပါဝင်ရန်နှင့် တိုးတက်ထွန်းကားရန် လိုအပ်သည့် ပံ့ပိုးမှုများကို ရနိုင်စွမ်းရှိသည်ဟု ခံစားရစေရန် တက်စမေးနီးယန်း အဆင့်အတန်းအားလုံး ယဉ်ကျေးမှုဆိုင်ရာ သတိမူမိခြင်း၊ ဘေးကင်းလုံခြုံမှုနှင့် ပါဝင်ပတ်သက်ခြင်းတို့ တိုးတက်လာစေရန် သံဓိဋ္ဌာန်ချ  ဆောင်ရွက်နေပါသည်။
- DECYP အနေနှင့် မျိုးမတူ ကွဲပြားခြားနားခြင်းနှင့် ပါဝင်လာခြင်းတို့ကို အကောင်းဆုံး ဖြစ်လာစေသည့် နည်းလမ်းများနှင့် ယဉ်ကျေးမှုများကို အွန်လိုင်း သတိမူမိခြင်းတို့အတွက် ဝန်ထမ်းများ လုပ်ငန်းဝင် သင်တန်းနှင့် လေ့ကျင့်ရေး သင်တန်းတို့ကို ဖော်ထုတ်ထားသည့်အပြင် ကျောင်းများ အားလုံးကိုလည်း ပါဝင်လာနိုင်စေရန် ကမ်းလှမ်းထားပါသည်။
- DECYP သည် အင်္ဂလိပ်ဘာသာကို အရန်ဘာသာ English as an Additional Language (EAL) အနေနှင့် ဆရာဆရာမများနှင့် လူမှုဝန်ထမ်းအလုပ်သမားများအတွက် အွန်လိုင်း သင်ကြားပို့ချပြီး အစိုးရမဟုတ်သည့် အဖွဲ့အစည်းများဆိုင်ရာ ကိစ္စရပ်များအတွက် ပညာရှင်တို့နှင့် လက်တွဲ ဆောင်ရွက်ပါသည်။
- DECYP သည် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် နောက်ခံမှလာသူများအတွက် ဝန်ထမ်းများတွင် ပါဝင်လာခြင်းနှင့် သက်ဆိုင်ခြင်းကို ခံစားရစေသဖြင့် ယဉ်ကျေးမှုအရ အရေးကြီးသည့် နေ့ရက်များကို တန်ဖိုးထားပါသည်။ ကျောင်းများတွင် ယဉ်ကျေးမှုအရ အရေးကြီးသည့် နေ့ရက်များကို နည်းမျိုးစုံဖြင့် အထိမ်းအမှတ် အခမ်းအနား ကျင်းပကြသည်။
- အခြားနိုင်ငံမှ ကျောင်းသားကျောင်းသူများသည် မိမိတို့ နိုင်ငံရင်းမှ အခါကြီးရက်ကြီးနှင့် ပွဲတော်များကို အောင်ပွဲခံရန် ဝတ်စားဆင်ယင်၊ ထူးခြားသော ပစ္စည်းများပြုလုပ်၊ တေးသီချင်းများဆို၊ အစားအစာများ ပြုလုပ်စားသောက်ကြသည်။
- DECYP ၏ EAL လူမှုဝန်ထမ်း အလုပ်သမားများ အနေနှင့် ဒေသခံ လူမှုအဖွဲ့အစည်းအတွင်းမှ ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် ဝန်ဆောင်မှုများနှင့်ဆိုင်သည့် သတင်းကို ဖြန့်ချိပြီး အခြားဝန်ဆောင်မှုများသို့လည်း အကူအညီပေးပါသည်။

## ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုများ

*“သတင်းအချက်အလက်များကို ဘာသာစကားအမျိုးမျိုးဖြင့် လွယ်ကူစွာရနိုင်စေသင့်သည်၊ လူမှုအဖွဲ့အစည်းအတွင်း ပါဝင်ပံ့ပိုးလိုသည့် ပြောင်းရွှေ့အခြေချသူများအတွက် ပိုမို လုပ်ဆောင်သင့်ကြသည်။”*

*ပါဝင်ဆောင်ရွက်သူ၊ ယဥ်ကျေးမှုမျိုးစုံ လုပ်ငန်းစဥ် အစီအစဥ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

### ကျွန်ုပ်တို့ ကြားသိရသည်များ

- တက်စမေးနီးယားသို့ ပြောင်းရွှေ့အခြေချသူများ၊ ဒုက္ခသည်များ၊ ခိုလှုံခွင့် တောင်းခံသူများအနေနှင့် တက်စမေးနီးယန်းဘဝကို ပြည့်စုံအောင်မြင်စွာ ခံစားရနိုင်ကြောင်း သေချာစေရန် စကားပြန်နှင့် ဘာသာပြန် ဝန်ဆောင်မှုနှင့် ယဥ်ကျေးမှုနှစ်မျိုးလုံး နှင့်ဆိုင်သော အလုပ်သမားများအပြင် ပညာရေး၊ နှင့် များစွာသော ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုပေးသူများ ပိုမိုလိုအပ်ပါသည်။
- အင်္ဂလိပ်ဘာသာစကားသည် မိမိတို့၏ ပထမဘာသာစကားမဟုတ်သော ပြောင်းရွှေ့ အခြေချသူများအနေနှင့် သူတို့၏ ဝန်ဆောင်မှုများ၊ ပညာရေး၊ အလုပ်အကိုင်အပြင် လူမှုရေးဘဝနှင့် ကျန်းမာရေး စောင့်ရှောက်မှု၊ မဲဆန္ဒပေးခြင်း၊ ပြည်သူ့ဘဝတွင်ပါဝင်ခြင်းနှင့် တရားရေးစနစ်တို့တွင် ပါဝင် အသုံးပြုနိုင်ရန် အလွန် အရေးကြီးပါသည်။
- တက်စမေးနီးယားအနေနှင့် ပြည်နယ်တွင် ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှုများ စောင့်ကြည့်စစ်ဆေးပေးရန် ဗဟိုစနစ် မရှိသေးပါ။ ကျွန်ုပ်တို့ တစ်နိုင်ငံလုံးဆိုင်ရာ ဘာသာပြန်နှင့် စကားပြန် တရားဝင် အသိအမှတ်ပြုသည့် အဖွဲ့အစည်း (National Accreditation Authority for Translators and Interpreters) (NAATI) ထံမှ သိရသည်မှာ -
    - ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုများတွင် တရားဝင် အသိအမှတ်ပြုခံရခြင်း မရှိဘဲ ဆောင်ရွက်သူများ တိုးလာနေသည့်အတွက် လုပ်ငန်းအတွင်း စံချိန်စံညွှန်းမီစွာ ပံ့ပိုးမှုနှင့် စည်းကမ်းတကျ လုပ်ဆောင်မှုကို ထိခိုက်စေပါသည်။
    - အစိုးရသည် ဘာသာစကားဝန်ဆောင်မှု (Language services) [25] ကို အဓိက အသုံးပြုသည်ဖြစ်ရာ တရားဝင် အသိအမှတ်ပြုခံရသည့် ဘာသာပြန်၊ စကားပြန်နှင့် အဆင့်မီ ဝန်ဆောင်မှုများ အသုံးပြုခြင်းတွင် ရှေ့ဆောင်လမ်းပြ ဖြစ်သင့်ပါသည်။
    - လက်ရှိလိုအပ်နေသော ရှိပြီးသားနှင့် ပေါ်ထွက်လာနေသော ဘာသာစကားများအတွက် ဘာသာပြန် ဝန်ဆောင်မှုများ လုံလောက်စွာ မရှိသေးသည့်အတွက်၊ ထိုလုပ်ငန်းတွင် ဝန်ထမ်းအသစ်များ ထပ်တိုးလာစေရန် အားပေးရမည်ဖြစ်သည်။

**လက်ရှိလိုအပ်နေသော ရှိပြီးသားနှင့် ပေါ်ထွက်လာနေသော ဘာသာစကားများအတွက် ဘာသာပြန် ဝန်ဆောင်မှုများ လုံလောက်စွာ မရှိသေးသည့်အတွက်၊ ထိုလုပ်ငန်းတွင် ဝန်ထမ်းအသစ်များ ထပ်တိုးလာစေရန် အားပေးရမည်ဖြစ်သည်။**

**နီပါလီ** | **မန်ဒရင် / တရုပ် ရိုးရိုး** | **ဖာရ်စီ** | **အူရဒူ**

**တီဂရင်ညာ** | **ဗမာ** | **အာရပ်ဘ်** | **ဒါရီ**



## လက်ရှိ ကျွန်ုပ်တို့ ဆောင်ရွက်နေသည်များ

- ဝန်ကြီးချုပ်ရုံး၊ အစိုးရအဖွဲ့ နှင့် ကျန်းမာရေးဌာနတို့သည် ပြည်နယ်အတွင်း ဘာသာစကားဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များနှင့် လိုအပ်ချက်များကို မပြတ် စောင့်ကြည့်ရန် တက်စမေးနီးယန်း NAATI လုပ်ငန်းခွဲနှင့်အတူ ဆောင်ရွက်ပါသည်။
- *စာတတ်မြောက်မှု 2024-2026 ခုနှစ် 3 နှစ်စီမံကိန်း (Lifting Literacy 3-Year Implementation Plan 2024-2026)* အတွင်း တက်စမေးနီးယန်း အစိုးရသည် တက်စမေးနီးယန်းအားလုံး စာပေ တတ်မြောက်မှုဆိုင်ရာ လိုအပ်သည့် ပံ့ပိုးမှုကို ပြည့်ပြည့်ဝဝ ရစေရန် စာတတ်မြောက်မှုနှုန်းကို 100 ရာခိုင်နှုန်းထားရှိပြီး သံဏိဌာန်ချ ဆောင်ရွက်နေပါသည်။
- DECYP အနေနှင့် ကျောင်းအားလုံးကို မိသားစုများ သို့မဟုတ် ကျောင်းကို ကုန်ကျငွေပေးရန် မလိုဘဲ မိမိတို့အတွက် လိုအပ်သလို စကားပြန်များအသုံးပြုရန် အားပေးပါသည်။
- DECYP ၏ EAL ဝန်ဆောင်မှုပေးသူ အနေနှင့် စကားပြန်များ အသုံးပြုနည်း သင်တန်းနှင့် အသုံးပြုခြင်းကို ပံ့ပိုးပါသည်။ ကျောင်းများကို စကားပြန်များနှင့် မျက်နှာခြင်းဆိုင် သို့မဟုတ် ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု (Translating and Interpreting Service) (TIS) နှင့် ချိတ်ဆက်နိုင်ရန် ဝန်ထမ်းများ ရှိပါသည်။
- DECYP အနေနှင့် ကျောင်းသားကျောင်းသူများအား နေ့စဉ်ကျောင်းချိန်များတွင် ကူညီပံ့ပိုးမှုပေးပြီး Year 7 မှ Year 10 အထိ EAL ကျောင်းသားကျောင်းသူများ မိမိတို့သူငယ်ခြင်းများနှင့် စကားပြန်များရှေ့တွင် ပြောကြရသည့် အင်္ဂလိပ်စကားပြော လေ့ကျင့်ခြင်းကို ပြုလုပ်ကြရသည်။
- တက်စမေးနီးယား စာကြည့်တိုက်များအနေနှင့် အခြေခံ စာတတ်မြောက်မှုကို အားပေးသည့်အနေနှင့် သက်ကြီး အင်္ဂလိပ်စာတတ်ကျွမ်းရေး ဝန်ဆောင်မှု Adult Literacy Service, 26TEN, အခမဲ့ အင်္ဂလိပ်ဘာသာစကားပြောလေ့ကျင့်အဖွဲ့ (English Conversation Groups) တို့နှင့် ပုံပြောခြင်းကို အခြေခံသော အစီအစဉ်များမှတဆင့် အရွယ်ရောက်ပြီးသူများကို အင်္ဂလိပ်စာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေပါသည်။
- တက်စမေးနီးယားပြည်နယ် စီးပွားရေးလုပ်ငန်းအဖွဲ့ (Business Tasmania) အနေနှင့် ဆက်သွယ်လာသူများအတွက် စကားပြန် ဝန်ဆောင်မှုပေးပြီး တက်စမေးနီးယားပြည်နယ် စီးပွားရေးလုပ်ငန်း အကြံပေး ဝန်ဆောင်မှု (Tasmanian Business Advice Service) နှင့် စီးပွားရေးလုပ်ငန်းသစ် ပံ့ပိုးရေး ကနဦးအစီအစဉ် (New Business Support Pilot Program) တို့အပါအဝင် အကြံပေး ဝန်ဆောင်မှုလည်း ရှိပါသည်။

- တက်စမေးနီးယန်း ရဲအရာရှိများသည်နေနှင့် အင်္ဂလိပ်ဘာသာမဟုတ်သည့် ဘာသာစကားပြောသူ တက်စမေးနီးယန်းများအတွက် ဘာသာစကားလေးမျိုး (အာရဗီ၊ တရုပ်၊ ဖာရစီနှင့် နီပါလီ) နှင့် အကူအညီပေး ကတ်ပြားနှင့် အိတ်ဆောင် စာအုပ်ငယ်များ ဆောင်ထားကြသည်။
- ယာဥ်မောင်းသင် လေ့ကျင့်ရေး လမ်းညွှန်အနေနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဌာန (Department of State Growth) (DSG) ဝက်ဘ်ဆိုက်တွင် ဘာသာစကားအမျိုးမျိုးဖြင့် တွေ့နိုင်ပါသည်။ ဤဘာသာစကားများကို တက်စမေးနီးယား MRC Tas နှင့် အတည်ပြုထားပါသည်။ ယာဥ်မောင်း စာမေးပွဲနှင့် ဗဟုသုတ စာမေးပွဲတို့တွင် စကားပြန်များ ရနိုင်ပါသည်။
- ဘာသာမျိုးစုံဖြင့် ထုတ်ဝေသည့် တက်စမေးနီးယားတွင် ငါးဖမ်းခြင်း (Fishing in Tasmania) စာစောင်ကို ရိုးရိုးတရုပ်ဘာသာ၊ မလေး၊ ဟင်ဒီ၊ ကိုရီးယန်းနှင့် ဗီယက်နာမ်ဘာသာတို့ဖြင့် ရနိုင်ပါသည်။ နောက်ထပ် စာစောင်ကို ဩစတြေးလျားနိုင်ငံ ပစိဖိတ် အလုပ်သမား လူမှုအဖွဲ့အစည်း Pacific Australia Labour Mobility (PALM) worker community အတွက် ထုတ်ဝေထားပါသည်။ ဤစာစောင်ကို ဘီစလာမာ Bislama, (Vanuatu), ဗာနူဝါတူ (Vanuatu), ဖီဂျီယန် (Fijian), ဆာမိုဝါ (Samoan), တီတမ် (တီမော လက်စတီ) (Tetum) (Timor Leste), တော့ခ် ပီစင် (Tok Pisin) ပီအယ်န်ဂျီ (PNG) နှင့် တုန်ဂန် (Tongan) ဘာသာတို့ဖြင့် ရနိုင်ပါသည်။

> *“တက်စမေးနီးယားပြည်နယ်အတွင်း အများပြည်သူနှင့် ပုဂ္ဂလိကအပိုင်းတို့တွင် အမျိုးမျိုးသော အဖွဲ့အစည်းများနှင့် လုပ်ခဲ့သည်ဖြစ်ရာ ကျွန်ုပ်သည် စကားပြန်သုံးသည့် စနစ်ကို နားလည်ခွင့် ရလာပါသည်။ မကြာမကြာ စကားပြန် လုံလောက်စွာ မရှိပါ။ ပြောင်းရွှေ့ အခြေချသူများ ဝန်ဆောင်မှုကို အသုံးပြုရာတွင် အထောက်အကူဖြစ်စေရေးအတွက် နောက်ခံအမျိုးမျိုးမှ လာသူများအတွက် ဘာသာစကားဆိုင်ရာ ပံ့ပိုးမှုများနှင့် စကားပြန်များ ပိုမိုရရေးကို တိုးချဲ့ဆောင်ရွက်သင့်ပါသည်။”*
>
> *ပါဝင်ဆောင်ရွက်သူ၊ ယဥ်ကျေးမှုမျိုးစုံ လုပ်ငန်းစဥ် အစီအစဥ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*





## ပညာရေးနှင့် အလုပ်အကိုင်တွင် တရားမျှတမှု

### ကျွန်ုပ်တို့ ကြားသိရသည်များ

- ပါလီမန်စနစ်၊ ခေါင်းဆောင်မှုအပိုင်းများ၊ မီဒီယာနှင့် အစိုးရ ဝန်ဆောင်မှုများအပါအဝင် တက်စမေးနီးယား လူမှုအဖွဲ့အစည်းနှင့် စနစ်များမှာ ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများအတွက် ကိုယ်စားပြုမှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေပါသေးသည်။ ယင်းသို့ဖြစ်ခြင်းက ဝိုင်းပယ်ခြင်း သို့မဟုတ် ဖယ်ကျဉ်ထားခြင်းဟု ခံစားကြရစေနိုင်ပါသည်။

- ပညာရေးနှင့် အလုပ်အကိုင်ကဲ့သို နေရာမျိုးတွင် ယဉ်ကျေးမှုအရ ကွဲပြားမှု မရှိခြင်းသည် လူငယ်များ၊ အရွယ်ရောက်ပြီးသူများနှင့် မိသားစုများအတွက် ယဉ်ကျေးမှုအရ တုန့်ပြန်ခြင်း၊ ပါဝင်ပတ်သက်ခြင်းနှင့် ဘေးကင်းခြင်းတို့ ခံစားရမှုကို ကန့်သတ်ထားသလို ဖြစ်နေပါသည်။ ငယ်ရွယ်သူ တက်စမေးနီးယန်းများကို အားကျစေမည့်၊ တက်စမေးနီးယားတွင် နေလိုစိတ် ရှိစေမည့် "စံနမူနာပြ" လူငယ်များ အလွန် နည်းပါးပါသည်။

- ထိုသို့ဖြစ်ခြင်းသည် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများကို တက်စမေးနီးယန်း ယဉ်ကျေးမှုသည် အဓိက စနစ်များနှင့် ဝန်ဆောင်မှုများတွင် တန်ဖိုးထားခြင်းမရှိ၊ အားပေးခြင်းလည်း မရှိ – အောင်ပွဲ အခန်းအနားများတွင်သာ လုပ်ဆောင်ကြသည်ဟု ခံစားကြရစေနိုင်ပါသည်။

- မျိုးမတူ ကွဲပြားခြားနားခြင်းကို တန်ဖိုးထားပြီး နှိမ့်ချဆက်ဆံခြင်းကို ကိုယ်တွယ်ဖြေရှင်းခြင်းမှာ အလုပ်ပိုတစ်ခုဟု ထင်ကြကြောင်း အလွန်သိသာသည်။

> *"ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် လူအများ ပါဝင်ကြရန် သင်တန်းပေးခြင်းနှင့် အလုပ်အကိုင် ရှာဖွေရေး အခွင့်အလမ်းများ ဖန်တီးပေးခြင်း"*
>
> *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

## လက်ရှိ ကျွန်ုပ်တို့ ဆောင်ရွက်နေသည်များ

- တရားရေးဌာန (DoJ) ၏ မျိုးမတူ ကွဲပြားခြားနားမှု၊ တရားမျှတမှုနှင့် ပါဝင်ပတ်သက်ခြင်း လုပ်ငန်းစဉ် *(Diversity, Equity and Inclusion Strategy)* တွင် ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားခြားနားမှုကို ဦးစားပေးနေရာ တစ်ခုအဖြစ် သတ်မှတ်ထားကြသည်။ DoJ ၏ လုပ်ငန်းခွင်အတွင်း မျိုးမတူ ကွဲပြားခြားနားမှုနှင့် ပါဝင်ပတ်သက်ခြင်းကို လက်ရှိ ခြေရာကောက်သည့် လုပ်ငန်းများ ပါဝင်သည်။ ပါဝင်ပတ်သက်ခြင်းကို DoJ  အလုပ်သမား အတွေ့အကြုံ လေ့လာချက် (DoJ Employee Experience Survey) နှင့် အလုပ်သမား အသစ်များ ဆန်းစစ် လေ့လာချက်များ (New Starter Surveys) ကဲ့သို့နေရာများမှတဆင့် တိုင်းတာသည်။
- ရဲ၊ မီးသတ်နှင့် အရေးပေါ်စီမံခန့်ခွဲမှု (Department of Police, Fire and Emergency Management) (DPFEM) ၏ တက်စမေးနီးယားရဲတပ်ဖွဲ့ အသက်မွေးမှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Tasmania Police Career Development Program) သည် တက်စမေးနီးယန်း ရဲတပ်ဖွဲ့အတွင်း ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသူများ တိုးလာစေရန် ဂရုစိုက် ဆောင်ရွက်မည်ဖြစ်သည်။
- လူသစ်စုဆောင်းရေး ဝန်ဆောင်မှုများက ဆောင်ရွက်နေသည့် တက်စမေးနီးယားရဲတပ်ဖွဲ့ အသက်မွေးမှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည် တက်စမေးနီးယားရဲတပ်ဖွဲ့အတွင်း ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသူများ တိုးလာနေကြောင်း တွေ့မြင်နေရပါသည်။
- တက်စမေးနီးယားပြည်နယ် လုပ်ငန်းခွင် ဘေးကင်းရေး (WorkSafe Tasmania) ၏ စက်မှုလုပ်ငန်းခွင် ဘေးကင်းရေး အကြံပေးအဖွဲ့ ဝန်ဆောင်မှု နှင့် ကူညီပေးရေးလိုင်း (Industry Safety Advisory Service and Helpline) က လူတိုင်းပါဝင်နိုင်ပြီး တရားမျှတသည့် လုပ်ငန်းခွင်များ အပါအဝင် လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး ဆိုင်ရာ စည်းကမ်း ဥပဒေများနှင့်အညီ လုပ်ငန်းများကို အကြံဉာဏ်များ၊ ကူညီပံ့ပိုးမှုများနှင့် ပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။
- NRE Tas *နှင့် ပါဝင်သက်ဆိုင်မှု လုပ်ငန်း စီမံချက် (Belonging at NRE Tas Action Plan)* ၏ အစိတ်အပိုင်းအနေနှင့် တက်စမေးနီးယားပြည်နယ် သယံဇာတများနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဌာန (Department of Natural Resources and Environment Tasmania) (NRE Tas) သည် NRE Tas လုပ်ငန်းခွင်များမှာ အသိအမှတ်ပြု / အောင်ပွဲခံသည့် အရေးကြီးသည့် ‘ထူးခြား နေ့ရက်များ ဆိုင်ရာ ပြက္ခဒိန်’ ရှိကြသည်။

> ***‘’ယဉ်ကျေးမှုအမျိုးမျိုး နောက်ခံမှလာသူများသည် အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေး စသည်များတွင် အခွင့်အရေး တန်းတူရနိုင်ပြီး နောက်ခံများကို မူတည်ပြီး နှိမ့်ချဆက်ဆံခြင်းများ လျော့နည်းသွားသည်။’’***
>
> *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

# မူဘောင်

- မူဘောင်
- လုပ်ဆောင်မှုများ
- စောင့်ကြည့်စစ်ဆေးခြင်းနှင့် တန်ဖိုးဖြတ်ခြင်း
- အုပ်ချုပ်မှု



# မူဘောင်

ဤအစီအစဉ်က တက်စမေးနီးယား အစိုးရ၏ နောင် ငါးနှစ်အတွက် အစီအစဉ်၊ ရလဒ်များနှင့် လုပ်ဆောင်မှုများကို တင်ပြသည်။

ဤအစီအစဉ်သည် တက်စမေးနီးယန်းများ မိမိတို့အပေါ် မျိုးနွယ်၊ ယဉ်ကျေးမှု၊ အိမ်တွင်ပြောဆိုသည့် ဘာသာစကား၊ သို့မဟုတ် အင်္ဂလိပ်ဘာသာ တတ်ကျွမ်းမှုအဆင့်နှင့် အခြေချခြင်းဆိုင်ရာ အဆင့်အတန်းတို့က အကျိုးသက်ရောက်သည့် အဓိက စိန်ခေါ်မှုများကို အာရုံစိုက်ထားသည်။

ဤဦးစားပေးလုပ်ငန်းများက တက်စမေးနီးယား အစိုးရ၏ ရှေ့ရေးအမြင်၊ ရလဒ်များနှင့် လုပ်ဆောင်မှုများကို ပုံဖော်ခဲ့ပြီး တိုးတက်မှုများကို မည်သို့ စောင့်ကြည့်စစ်ဆေးမည်ဖြစ်ကြောင်း အသိပေးသည်။



## ကျွန်ုပ်တို့ ၏ မျှော်မှန်းချက်

**ကျွန်ုပ်တို့ တွေ့မြင်လိုသည်များ**

**တက်စမေးနီးယန်းအားလုံး သက်ဆိုင်ကာ ပါဝင်ဆောင်ရွက်ပြီး အတူတကွ အောင်မြင်ဖြစ်ထွန်းသည့် အသွေးတည်း တသားတည်းဖြစ်သော၊ အားလုံးပါဝင်သော လေးစားဘွယ်ကောင်းသည့် ယဉ်ကျေးမှုမျိုးစုံ ထွန်းကားရာကျွန်း**

## ကျွန်ုပ်တို့၏ အဓိက ဆိုလိုချက်

| ကျွန်ုပ်တို့ ဘေးကင်းသည်ဟု ခံစားရသည် | ကျွန်ုပ်တို့ ပါဝင် လုပ်ဆောင်သည် | ကျွန်ုပ်တို့ ပါဝင် သက်ဆိုင်သည် |
|---|---|---|

## ကျွန်ုပ်တို့၏ ရလဒ်များ

**ကျွန်ုပ်တို့၏ မျှော်မှန်းချက် အောင်မြင်ရရှိနေ / မနေ မည်သို့ သိနိုင်မည်နည်း။**

| | | |
|---|---|---|
| လူမျိုးရေး ခွဲခြားမှုသည် ပုံစံအားလုံးတွင် လျော့နည်းသွားခဲ့ပြီ။<br><br>ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများသည် လူမျိုးရေးခွဲခြားမှုကို အရင်းခံသည့် အကြမ်းဖက်ခြင်းဒဏ်မှ ကင်းဝေးသည်ဟု ခံစားရသည်။ | ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများသည် သူတို့၏ အလုပ်လုပ်နိုင်စွမ်းကို မြေတောင်မြှောက်ပေးဖြစ်ကာ ဖြည့်ဆီးမှုနှင့် အောင်မြင်မှုအတွက် ထိန်းချုပ်ဖြစ်သည်။ | ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများသည် မိမိတို့ကို အသိအမှတ်ပြုခြင်း၊ တန်ဖိုးထားခြင်းရှိပြီး ယဉ်ကျေးမှုအရ ဘေးကင်းပြီး ဝင်ရောက် အသုံးပြုနိုင်သည့် ဝန်ဆောင်မှုများမှတဆင့် မိမိတို့ လိုအပ်ချက်များကို ဖြည့်ဆီးနိုင်သည်ဟု ခံစားကြရသည်။ |

## ကျွန်ုပ်တို့ အာရုံစိုက်သည့် နယ်ပယ်

**ကျွန်ုပ်တို့အောင်မြင်ရန် ဘာလုပ်သင့်သနည်း၊**

| | | |
|---|---|---|
| လူမျိုးရေးခွဲခြားမှုကို တိုက်ဖျက်ပြီး လူမှုရေးအရ ပေါင်းစည်းညီညွတ်မှု နှင့် ဘေးကင်းလုံခြုံမှု တည်ဆောက်ခြင်း | လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်း။<br><br>(ရှေးဦးပညာရေးမှ တက္ကသိုလ်) ပညာရေးနှင့် လေ့ကျင့်ရေး<br><br>စီးပွားရေးအရ ပါဝင်ဆောင်ရွက်ခြင်း။ | သတင်းအချက်အလက်များဆိုင်ရာ ပြန်ကြားရေး ဝန်ဆောင်မှုများ။<br><br>ကလေးများ၊ လူငယ်များနှင့် မိသားစုများ။<br><br>ကျန်းမာရေးနှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်း<br><br>အိမ်ယာ |

## ကျွန်ုပ်တို့ကို အောင်မြင်ဖြစ်မြောက်စေသည့်အရာများ

**ကျွန်ုပ်တို့ကို အောင်မြင်မှုရစေရန် မည်သည့်အရာများက အထောက်အကူ ဖြစ်စေမည်နည်း။**

**အုပ်ချုပ်မှုနှင့် တိုင်ပင် ဆွေးနွေးခြင်း -** လူမှုအဖွဲ့အစည်းမှ ဦးဆောင်သည့် ပုံစံ၊ အကောင်အထည်ဖော်မှုနှင့် ပြန်လည်စစ်ဆေးသုံးသပ်ခြင်း။

**အချက်လက်များနှင့် ပြန်လည် စစ်ဆေးသုံးသပ်ခြင်း -** ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းများနှင့် အကျိုးသက်ရောက်မှုကို ခိုင်ခိုင်မာမာ နားလည်ခြင်း - အချက်အလက်များ၊ စောင့်ကြည့်စစ်ဆေးခြင်း၊ သတင်းပေးပို့ခြင်းနှင့် စီမံဆောင်ရွက်ခြင်း။

**ဘာသာစကားနှင့် အသုံးအနှုန်း** - အစီအစဉ်နှင့် ဝန်ဆောင်မှု အားလုံးတွင် ရယူအသုံးပြုနိုင်သည့် ဘာသာစကား ဝန်ဆောင်မှုများနှင့် လိမ္မာယဉ်ကျေးသည့် စကားအသုံးအနှုန်း

**ပါဝင်ပတ်သက်ခြင်းနှင့် တရားမျှတမှု –** အစီအစဉ်များ၊ ဝန်ဆောင်မှုများနှင့် အလုပ်သမားအင်အား တိုးတက်စေခြင်းတွင် ယဉ်ကျေးမှုအရ သတိပြုမှုခြင်း၊ ဘေးကင်းလုံခြုံမှု သတိထားခြင်းနှင့် လူမျိုးရေး ခွဲခြားမှု ဖြစ်နိုင်ချေများကို ဂရုမူခြင်း

**ဓမ္မဒိဋ္ဌာန်ကျ ဘက်မလိုက်သည့် အနေအထားနှင့် အလုပ်သမား ခန့်ထားခြင်း -** အစီအစဉ်များနှင့် ဝန်ဆောင်မှုများ အစိုးရအဖွဲ့ အဆင့်အားလုံးတွင် စီမံခန့်ခွဲ၊ အချိန်နှင့်တပြေးညီ ဆောင်ရွက်ပြီး ရင်းမြစ်ရယူသည့်နည်းကို မှန်ကန်စွာတုန့်ပြန်မည့် လမ်းစဉ်များ ကျင့်သုံးခြင်း။

## ကျွန်ုပ်တို့၏ မျှော်မှန်းချက်

တက်စမေးနီးယန်း အားလုံး ပါဝင်သက်ဆိုင်ပြီး အတူအကွ ပူးပေါင်းဆောင်ရွက်ကာ အောင်မြင်မှု အသီးအပွင့်များ ဖြစ်ထွန်းလာစေနိုင်သော စိတ်သဘောထားညီညွတ်ကြပြီး အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်သော လေးစားဂုဏ်ယူဘွယ် ယဥ်ကျေးမှုမျိုးစုံ ရှိရာကျွန်း

## ရလဒ်များ

ကျွန်ုပ်တို့၏ ဦးစားပေး လုပ်ငန်းစဥ်များ၊ ရလဒ်များနှင့် အာရုံစိုက် ဆောင်ရွက်သည့် နယ်ပယ်များမှာ ကျွန်ုပ်တို့ ကြားသိရသလောက် တက်စမေးနီးယန်းများ အနေနှင့် တက်စမေးနီးယားတလျောက် ဘေးကင်းလုံခြုံမှု ရှိသည်ဟု ခံစားရစေပြီး တက်စမေးနီးယန်းတို့၏ ဘဝနှင့် ဆိုင်သည့်အရာများတွင် ပါဝင်လုပ်ဆောင်ကြပြီး သူတို့သည် အမှန်တကယ် ပါဝင်သက်ဆိုင်သည်ဟု ခံစားလိုခြင်း ဖြစ်ပါသည်။

| **ကျွန်ုပ်တို့၏ ဦးစားပေး လုပ်ငန်းစဥ်များ** | **ကျွန်ုပ်တို့ ဘေးကင်းလုံခြုံမှု ရှိသည်ဟု ခံစားရသည်** | **ကျွန်ုပ်တို့ ပါဝင်လုပ်ဆောင်ကြသည်** | **ကျွန်ုပ်တို့ ပါဝင်သက်ဆိုင်သည်** |
|---|---|---|---|
| **ကျွန်ုပ်တို့၏ ရလဒ်များ** | **ရလဒ် 1 -** လူမျိုးရေး ခွဲခြားမှုသည် ပုံစံအားလုံးတွင် လျော့နည်းသွားခဲ့ပြီ။<br>**ရလဒ် 2 -** ယဥ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများသည် လူမျိုးရေးခွဲခြားမှုကို အရင်းခံသည့် အကြမ်းဖက်ခြင်း ဒဏ်မှ ကင်းဝေးသည်ဟု ခံစားရသည်။ | **ရလဒ် 3 -** ယဥ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများသည် သူတို့၏ အလုပ်လုပ်နိုင်စွမ်းကို မြေတောင်မြှောက်ပေးဖြစ်ကာ ဖြည့်ဆီးမှုနှင့် အောင်မြင်မှုအတွက် ထိန်းချုပ်ဖြစ်သည်။ | **ရလဒ် 4 -** ယဥ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများသည် မိမိတို့ကို အသိအမှတ်ပြုခြင်း၊ တန်ဖိုးထားခြင်းရှိပြီး ယဥ်ကျေးမှုအရ ဘေးကင်းပြီး ဝင်ရောက် အသုံးပြုနိုင်သည့် ဝန်ဆောင်မှုများမှတဆင့် မိမိတို့ လိုအပ်ချက်များကို ဖြည့်ဆီးနိုင်သည်ဟု ခံစားကြရသည်။ |



# လုပ်ဆောင်မှုများ

## အကျဉ်းချုပ်

ကျွန်ုပ်တို့၏ နောက်ငါးနှစ်တာကာလအတွက် ဦးစားပေး လုပ်ဆောင်မည့် ကျွန်ုပ်တို့၏ ရည်မှန်းထားသည့် လုပ်ငန်းစဥ် အားလုံးကို အကျိုးသက်ရောက်မှု ရှိစေမည်ဖြစ်ပါသည်။

လုပ်ငန်းစဥ် တစ်ခုစီအောက်တွင် ကျွန်ုပ်တို့က လုပ်ဆောင်မှု အကျဉ်းချုပ်ကို ဖော်ပြထားပြီး လုပ်ဆောင်မှုတစ်ခုစီကို မည်သည့်ကာလ အပိုင်းအခြားတွင် မည်သို့ ဆောင်ရွက်မည်ကို ဖေါ်ပြကာ တက်စမေးနီးယန်း အစိုးရ၏ ဦးဆောင်ဦးရွက်ပြုသော အေဂျင်စီကို အသိပေးထားပါသည်။

*"ယဥ်ကျေးမှုမျိုးစုံ လူမှုအဖွဲ့အစည်းသည် မတူကြသည့် မျိုးမတူခြင်းနှင့် ပါဝင်ပတ်သက်ခြင်းကို လှိုက်လှဲစွာ ကြိုဆိုပြီး မတူကြသည့် ယဥ်ကျေးမှုများကို လေးစားစွာ လက်ခံသည်။"* *ပါဝင်ဆောင်ရွက်သူ၊ ယဥ်ကျေးမှုမျိုးစုံ လုပ်ငန်းစဥ် အစီအစဥ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

## အချိန်တို ကာလ လုပ်ဆောင်မှုများ

အချိန်တို ကာလ လုပ်ဆောင်မှုများကို လုပ်ငန်းစဥ်ကာလ၏ ပထမနှင့် ဒုတိယနှစ်များတွင် အကောင်အထည်ဖော်မည်။

## အချိန်တို ကာလ အလယ်အလတ် လုပ်ဆောင်မှုများ

အချိန်တို ကာလ အလယ်အလတ် လုပ်ဆောင်မှုများကို လုပ်ငန်းစဥ်ကာလ၏ တတိယနှစ်တွင် အကောင်အထည် ဖော်မည်ဖြစ်ကာ ပထမနှစ်နှစ်မှ ရလဒ်နှင့်တူ တင်ပြပါမည်။


## ထပ်လောင်းအသိပေးမည့် လုပ်ဆောင်မှုများ

လုပ်ငန်းစဥ်၏ အချိန်နှင့်တပြေးညီ ဖြစ်ပေါ်မှုများကို သိရှိစေရန်နှင့် နောင်အနာဂတ် အာရုံစိုက်ဆောင်ရွက်ရမည့် လုပ်ငန်းများ စီစဥ်နိုင်ရန် ဌာနတွင်း ပြန်လည်စိစစ်ရေးအဖွဲ့ဖြင့် လုပ်ဆောင်ပါမည်။

# အောင်မြင်ဖြစ်မြောက်စေသည့်အရာများ - ကျွန်ုပ်တို့ မျှော်မှန်းချက် အောင်မြင်စေရေး ပံ့ပိုးပေးနိုင်ရန်

အာရုံစိုက်ဆောင်ရွက်ရမည့် လုပ်ငန်းများအားလုံးတွင် ကျွန်ုပ်တို့ လုပ်ဆောင်ရမည်များနှင့် ရလဒ်ကောင်းများ ရစေရေးအတွက် ပံ့ပိုးပေးမည့် အောင်မြင်ဖြစ်မြောက်စေသည့်အရာများ ရှိပါသည်။

ထို အောင်မြင်ဖြစ်မြောက်စေသည့်အရာများသည် ယဉ်ကျေးမှုအရ ဘေးကင်းသည့် တက်စမေးနီးယားအဖြစ် ဖန်တီးရာတွင် အခြေခံအုတ်မြစ် ဖြစ်စေပါသည်။ သူတို့က ဘဝခရီးတစ်လျှောက် နေရာအားလုံးမှာ ပိတ်ပင် တားဆီးနေသည်ဟု ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများက လက်ခံသည့် အဓိက အတားအဆီးများကို ဖြေရှင်းပေးသည် -




ဖြစ်မြောက်စေသည့်အရာများ

## ဖြစ်မြောက်စေသည့်အရာများ - လုပ်ဆောင်မှုများ အကျဉ်းချုပ်

ကျွန်ုပ်တို့သည် အောက်တွင်ဖော်ပြထားသော ဖြစ်မြောက်စေသည့် အရာများကို ကျင့်သုံး လုပ်ဆောင်ပါမည်။ ထိုအချက်များက အစီအစဉ်၏ တစ်နံတစ်လျားလုံး ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသည့် တက်စမေးနီးယန်းများအတွက် ရလဒ်ကောင်းများ ဖြစ်ထွန်းစေပါလိမ့်မည်။

| အာရုံစိုက်သည့် နယ်ပယ် | အမှတ် # | လုပ်ဆောင်မှု | ဦးဆောင်သည့် အေဂျင်စီ |
|---|---|---|---|
| **အုပ်ချုပ်မှုနှင့် တိုင်ပင်ဆွေးနွေးခြင်း** | 1. | ဝန်ကြီးအဆင့်ရှိ ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ အတိုင်ပင်ခံအဖွဲ့ Ministerial Multicultural Advisory Group (Advisory Group) ဖွဲ့စည်းရန်။ | DPAC |
| **အချက်အလက်များနှင့် ချင့်တွက်ခြင်း** | 2. | ယဉ်ကျေးမှု၊ မျိုးနွယ်၊ ဘာသာစကားကျွမ်းကျင်မှုနှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့က တက်စမေးနီးယန်းများအတွက် ရလဒ်များအပေါ် အကျိုးသက်ရောက်မှု ရှိစေကြောင်း နားလည်ပြီး စောင့်ကြည့် စစ်ဆေးနိုင်ရန် အတွက် အသုံးဝင်သည့် အချက်အလက်များ ပြန်လည်စီစစ်ကာ ဖော်ထုတ်ရန် | DPAC |
| | 3. | ယဉ်ကျေးမှု၊ မျိုးနွယ်၊ ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုများ နှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့နှင့် သက်ဆိုင်သော တက်စမေးနီးယန်း အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များကို အစီရင်ခံစာကို စောင့်ကြည့် စစ်ဆေးပြီး အစီရင်ခံနိုင်ရေးအတွက် အခွင့်အလမ်းများကို ဖော်ထုတ်ရန် | DPAC |
| **ဘာသာစကားနှင့် အသုံးအနှုန်း** | 4. | အတိုင်ပင်ခံအဖွဲ့နှင့် ဆွေးနွေးတိုင်ပင်ကာ ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားခြားနားကြသည့် တက်စမေးနီးယားတွင် အသုံးပြုသည့် ဘာသာစကားနှင့် အသုံးအနှုန်းကို အများပြည်သူ နားလည်နိုင်ရေး ဖော်ထုတ်အသုံးပြုရန်။ | DPAC |
| | 5. | တက်စမေးနီးယားအစိုးရ ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှု လမ်းညွှန်ချက်များကို ပြန်လည်စီစစ်ပြီး အချိန်နှင့် တပြေးညီ ပြုလုပ်ရန်။ | DPAC |
| | 6. | စကားပြန်နှင့် ဘာသာပြန် ဝန်ဆောင်မှု လိုအပ်ချက်များကို တက်စမေးနီးယားအစိုးရက ပံ့ပိုးပေးသည့် ပြန်ကြားရေး၊ ဝန်ဆောင်မှုများနှင့် အစီအစဉ်များတွင် ထည့်သွင်း စဉ်းစားခြင်း။ | DPAC / တက်စမေးနီးယားအစိုးရ အေဂျင်စီများ အားလုံး |
| **ပါဝင်ပတ်သက်ခြင်းနှင့် တရားမျှတမှု** | 7. | လူမှုအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အေဂျင်စီများ၊ အစီအစဉ်များ၊ အဖွဲ့အစည်းများနှင့် စီးပွားရေး လုပ်ငန်းများအတွင်း ယဉ်ကျေးမှုဆိုင်ရာ ဘေးကင်း လုံခြုံရေးအတွက် သင့်လျော်သည့်ရင်းမြစ်များကို ဖော်ထုတ် အသုံးပြုရန်။ | DPAC / တက်စမေးနီးယားအစိုးရ အေဂျင်စီများ အားလုံး |
| | 8. | ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားခြားနားကြသည့် တက်စမေးနီးယန်းများမှာ ဖွဲ့စည်းပုံအရ အခြား ဘာသာဝင်နှင့် လူမျိုးခြားများနှင့် ဆက်ဆံရာတွင် ကြုံလာရမည့် အခက်အခဲများ | DPAC |
| **ခမ္ဘဒိဋ္ဌာန်ကျ ဘက်မလိုက်သည့် အနေအထားနှင့် အလုပ်သမား ခန့်ထားခြင်း** | 9. | တက်စမေးနီးယားအစိုးရသည် ယဉ်ကျေးမှု၊ မျိုးနွယ်၊ ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုများ နှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့နှင့်ဆိုင်သော တက်စမေးနီးယန်းများ၏ လိုအပ်ချက်များနှင့် ပတ်သက်သည့် နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များကို စဉ်းစားသည်။ | DPAC / တက်စမေးနီးယားအစိုးရ အေဂျင်စီများ အားလုံး |



## ဖြစ်မြောက်စေသည့်အရာများ - လုပ်ဆောင်မှုများ

### အုပ်ချုပ်မှုနှင့် တိုင်ပင် ဆွေးနွေးခြင်း

**လုပ်ဆောင်ချက် 1 - ဝန်ကြီးအဆင့်ရှိ ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ အတိုင်ပင်ခံအဖွဲ့ ဖွဲ့စည်းရန်။**

- DPAC သည် မျိုးမတူ ကွဲပြားခြားနားကြသည့် တက်စမေးနီးယန်းများကို ကိုယ်စားပြုသည့် ဝန်ကြီးအဆင့်ရှိ ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ အတိုင်ပင်ခံအဖွဲ့ ဖွဲ့စည်းရန် လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းတွင် ပါဝင်သူများနှင့် အတူအကွ ပူးပေါင်းဆောင်ရွက်မည်။
- အတိုင်ပင်ခံအဖွဲ့သည် မူဝါဒ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုများကို အစီရင်ခံရန်နှင့် လုပ်ငန်းစဉ်အတွင်း လက်တွေ့ဖော်ဆောင်မှုများကို လူမှုအဖွဲ့အစည်း ဦးဆောင်သော ချဉ်းကပ်နည်းဖြင့် ဆောင်ရွက်မည်။

**အချိန်အပိုင်းအခြား -** ကာလတို

### အချက်အလက်များနှင့် ချင့်တွက်ခြင်း

**လုပ်ဆောင်ချက် 2 - ယဉ်ကျေးမှု၊ မျိုးနွယ်၊ ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့က သက်ဆိုင်သော တက်စမေးနီးယန်းတို့၏ လိုအပ်ချက်များအား မည်သို့အကျိုးသက်ရောက်မှု ရှိကြောင်း နားလည်ပြီး စောင့်ကြည် စစ်ဆေးနိုင်သည့် အစိပ္ပါယ်ရှိသည့် အချက်အလက်များ ဆိုင်ရာ အတန်းအစားများ စဉ်းစားဖော်ထုတ်ရန်**

- DPAC သည် ယဉ်ကျေးမှု၊ မျိုးနွယ်၊ ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့က စီမံရေး၊ ရည်မှန်းထားသည့် မူဝါဒများ၊ အစီအစဉ်များနှင့် တရားမျှတမှုတို့နှင့် ပတ်သက်သည့် ပဏာမခြေလှမ်းများ သိရှိစေနိုင်သော လေးနက်သည့် အချက်အလက်များဆိုင်ရာ အဆင့်များဖြင့် အကြံပေးအဖွဲ့နှင့်အတူ သဘောတူ လုပ်ဆောင်မည် ဖြစ်သည်။
- SSMO အနာဂတ်အတွက် စီမံရန် တက်စမေးနီးယား အစိုးရ ဝန်ဆောင်မှု ဝန်ထမ်းများအား လေ့လာချက်မှ မေးခွန်းများကို ပြန်လည်သုံးသပ်ကာ ဝန်ထမ်းများ မိမိကိုယ်တိုင် ဝန်ဆောင်မှု (Employee Self Service) (ESS) စင်မြင့်တွင် တောင်းဆိုထားသော အချက်အလက်များ အဆင့်ဆင့်ကိုလည်း စဉ်းစားမည် ဖြစ်ပါသည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

**လုပ်ဆောင်ချက် 3 - ယဉ်ကျေးမှု၊ မျိုးနွယ်၊ ဘာသာစကားဆိုင်ရာ လိုအပ်ချက်များနှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့နှင့်ဆိုင်သည့် တက်စမေးနီးယား ပြည်နယ်အစိုးရ၏ ပဏာမခြေလှမ်းများအပေါ် စောင့်ကြည့်စစ်ဆေး၍ အစီရင်ခံရန် အခွင့်အလမ်းများကို ရှာဖွေ ဆန်းစစ်မည်ဖြစ်ပါသည်။**

- DPAC သည် ယဉ်ကျေးမှု၊ မျိုးနွယ်၊ ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့ကို အခြေခံသည့် စီမံရေး၊ ရည်မှန်းထားသည့် မူဝါဒများ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုများအား ထိထိရောက်ရောက် ပါဝင်ရေးအတွက် ကူညီပံ့ပိုးရန်နှင့် အားပေးရန် တက်စမေးနီးယန်း အစိုးရ ဝန်ဆောင်မှုတစ်လျှောက် လုပ်ဆောင်မည်ဖြစ်ပါသည်။
- DPAC သည် ယဉ်ကျေးမှု၊ မျိုးနွယ်၊ ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှု လိုအပ်ချက်များနှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့၏ အချက်အလက်များ အသုံးပြုပြီး တက်စမေးနီးယားအစိုးရ၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာစေရေး မူဘောင်အတွက် ရလဒ်များကို တင်ပြအစီရင်ခံရန် နည်းလမ်းများ ရှာဖွေမည် ဖြစ်ပါသည်။
- NRE Tas သည် မူဝါဒများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ အမြင်ကို အသုံးပြုမည် ဖြစ်သည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

## ဘာသာစကားနှင့် အသုံးအနှုန်း

**လုပ်ဆောင်ချက် 4 - ဝန်ကြီးအဆင့်ရှိ ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ အတိုင်ပင်ခံအဖွဲ့နှင့် တိုင်ပင်ကာ တက်စမေးနီးယားတွင် ယဉ်ကျေးမှုနှင့် ဘာသာစကား မတူညီကြသူများအတွက် အသုံးပြုသည့် ဘာသာစကားနှင့် အသုံးအနှုန်းကို ဖော်ထုတ်ရန်**

- DPAC သည် အတိုင်ပင်ခံအဖွဲ့နှင့် တိုင်ပင်ကာ ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းများကို ပုံဖော် သရုပ်ဖော်၍ ကျွန်ုပ်တို့တို့အနေနှင့် ယဉ်ကျေးမှုမျိုးစုံ၊ ယဉ်ကျေးမှုဆိုင်ရာ ဘေးကင်းလုံခြုံမှု၊ သိလိုစိတ်များ၊ နိုးကြားသတိရှိမှု၊ စာတတ်မြောက်မှု၊ လူမျိုးရေး ခွဲခြားမှုနှင့် လူမျိုးရေး ခွဲခြားမှုကို ဆန့်ကျင်ခြင်းတို့နှင့် လူမှုရေးအရ စည်းလုံး ညီညွတ်မှု တို့ကဲ့သို့သော အဓိကကျသည့် သဘောထားအမြင်များက မည်သည်ကိုဆိုလိုကြောင်း လေးစားထိုက်ပြီး လိုအပ်ချက်များ ပါဝင်သည့် အသုံးအနှုန်းများ ဖော်ထုတ်မည်ဖြစ်ပါသည်။

- NRE Tas သည် *ပါဝင်ပတ်သက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို* 2025 ခုနှစ်တွင် ပြန်လည်စိစစ်ပြီး အများပြည်သူနှင့် ဆက်ဆံကြရသူများ ဥပမာ၊ တက်စမေးနီးယန်း အပန်းဖြေဥယာဉ်များ၊ တောရိုင်းတိရစ္ဆာန်များဆိုင်ရာ ဝန်ဆောင်မှု (The Tasmanian Parks and Wildlife Service) နှင့် တက်စမေးနီးယား ပြည်နယ် ဇီဝဗေဒဆိုင်ရာလုံခြုံမှု လုပ်ငန်း (Biosecurity Tasmania) များမှ ဝန်ထမ်းများကို သူတို့၏ ဘာသာစကားဆိုင်ရာ တတ်သိ ကျွမ်းကျင်မှု တိုးတက်စေရန် အထောက်အကူ ဖြစ်စေမည့် သီးသန့် လုပ်ဆောင်ချက်များ စုံစမ်း ဖော်ထုတ်မည် ဖြစ်ပါသည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

**လုပ်ဆောင်ချက် 5 - တက်စမေးနီးယားအစိုးရ ဘာသာစကား ဝန်ဆောင်မှုဆိုင်ရာ လမ်းညွှန်ချက်များအား ပြန်လည်စိစစ်ပြီး အချိန်နှင့် တပြေးညီ ပြင်ဆင်ခြင်း**

- DPAC သည် လူမှုအဖွဲ့အစည်းများ၊ ဘာသာစကား ဝန်ဆောင်မှု ပံ့ပိုးသူများ၊ အထောက်အကူ ဝန်ဆောင်မှုများနှင့် တက်စမေးနီးယား အစိုးရ အေဂျင်စီများ လက်တွဲဆောင်ရွက်ကာ တက်စမေးနီးယန်း အစိုးရ ဘာသာစကား ဝန်ဆောင်မှု လမ်းညွှန်ချက်များ ရည်မှန်းချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ပြန်လည်စိစစ်၍ ယင်းတို့သည် ဆောင်ရွက်နိုင်ကြောင်း သေချာပြီး ကျွန်ုပ်တို့ ပြည်နယ်တွင် လက်ရှိနှင့် ဖြစ်လာနေသည့် ဘာသာစကား ဝန်ဆောင်မှု လိုအပ်ချက်များ ဖြည့်ဆီးနိုင်ရန် အချိန်နှင့် တပြေးညီဖြစ်အောင် ပြင်ဆင်ပါမည်။

**အချိန်အပိုင်းအခြား -** ကာလတို

> ***"ယဉ်ကျေးမှုမျိုးစုံ လူမှုအဖွဲ့အစည်း အစစ်အမှန် ဖြစ်ခြင်းသည် စဉ်ဆက်မပြတ် လုပ်နေရသည့် လုပ်ငန်းစဉ်ဖြစ်ပြီး ပြတ်သားသည့် လမ်းဆုံ မရှိပါ။ သို့ရာတွင် အောင်မြင်မှုများကို ပြသသည့် အဓိက အချက်ပြခြင်းများ ရှိပါသည်။"***
> *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*



**လုပ်ဆောင်ချက် 6 - တက်စမေးနီးယား အစိုးရက ပံ့ပိုးပေးသည့် ပြန်ကြားရေး၊ ဝန်ဆောင်မှုများနှင့် အစီအစဉ်များတွင် စကားပြန်နှင့် ဘာသာပြန် ဝန်ဆောင်မှုများ လိုအပ်ချက်ကို ထည့်သွင်း စဥ်းစားပါသည်။**

- DPAC သည် အကြံပေးအဖွဲ့နှင့်အတူ သက်ဆိုင်သူများနှင့် စကားပြန်နှင့် ဘာသာပြန် ဝန်ဆောင်မှုများနှင့်ဆိုင်သည့် အလုပ်သမားအင်အားနှင့် တရားဝင် အသိအမှတ်ပြုရန် လိုအပ်ချက်များကို စောင့်ကြည့် စစ်ဆေးပါသည်။ ယင်းလုပ်ငန်းတွင် ယခင်က စကားပြန် လေ့ကျင့် သင်ကြားခြင်း စကောလားရှစ် အစီအစဉ်နှင့်အတူ မွန်းမံသင်တန်း ဖွင့်ရန် စဥ်းစားခြင်းလည်း ပါဝင်ပါသည်။
- DPFEM သည် TFS, ပြည်နယ် အရေးပေါ် ဝန်ဆောင်မှုနှင့် တက်စမေးနီးယား ရဲတပ်ဖွဲ့ ရင်းမြစ်များကို ဘာသာစကား များများဖြင့် တိုးချဲ့ရန် နည်းလမ်းများကို ရှာဖွေပါမည်။
- DECYP သည် ဆက်လက်ပြီး ကျောင်းများ အားလုံးတွင် စကားပြန်များကို လိုအပ်သလို အသုံးပြုသွားရန် ဆက်လက် အားပေးပါမည်။ ဤ ဝန်ဆောင်မှုသည် ကျောင်းအတွက်ဖြစ်စေ၊ မိသားစုအတွက် ဖြစ်စေ အခမဲ့ ဖြစ်ပါသည်။
- DECYP သည် ဝန်ထမ်းများကို စကားပြန်များ ရယူ အသုံးပြုရန် EAL ဝန်ဆောင်မှု သင်တန်း ဆက်လက် ပံ့ပိုးပါမည်။
- NRE Tas သည် ငါးများ၏ပုံ ပါသောပေတံတွင် ဘာသာစကားများ ထပ်တိုးပါမည်။
- တော်ဝင် တက်စမေးနီးယား ရုက္ခဗေဒဉယျာဉ် (The Royal Tasmanian Botanical Garden) သည် လာရောက်သူအားလုံး စိတ်ချမ်းသာစွာနှင့် ပန်းမာလ်များကို ဝင်ရောက် လေ့လာကြည့်ရှုနိုင်ရန် နည်းလမ်းများ ဖန်တီးရေးကို စူးစမ်းဖော်ထုတ်ပါမည်။
- WorkSafe Tasmania ကလည်း လုပ်ငန်းခွင်တွင်း ရပိုင်ခွင့် အခွင့်အရေးများနှင့်ဆိုင်သည့် လုပ်ငန်းခွင် ဘေးကင်းရေးဆိုင်ရာ လမ်းညွှန်ကို ရေးဆွဲပြီး ဘာသာပြန်ရန် အခွင့်အလမ်းများကို စဥ်းစားမည် ဖြစ်ပါသည်။
- DoH ၏ တစ်နိုင်ငံလုံးဆိုင်ရာ စိတ်ပိုင်းကျန်းမာရေး ဝန်ဆောင်မှုများသည် ရနိုင်သော အခြားဘာသာ စကားများနှင့် ထုတ်ဝေထားသည့် ရင်းမြစ်များကိုလည်း တိုးချဲ့မည် ဖြစ်ပါသည်။ DoH သည် စကားပြန်နှင့် ဘာသာပြန် ဝန်ဆောင်မှုများကို ဆက်လက်ပြီး တက်စမေးနီးယန်း အစိုးရ အေဂျင်စီများအတွက် ယဉ်ကျေးမှုမျိုးစုံ ဘာသာစကား ဝန်ဆောင်မှု လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ပြီး ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။
- NRE Tas သည် Biosecurity Tasmania နှင့် ဆက်သွယ်ခြင်း အပါအဝင် ဝန်ဆောင်မှုများ အားလုံးတွင် စကားပြန် နှင့် ဘာသာပြန် ရွေးချယ်နိုင်သောနည်းလမ်းများ ရှိကြောင်း သေချာစေရန် နည်းလမ်း ရှာဖွေပါမည်။
- DSG သည် ယဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးရေး ဌာနများတွင် အမျိုးမျိုးသော ယဉ်ကျေးမှုရှိသည့် လူမျိုးများအတွက် ယဉ်မောင်း သင်တန်းဆိုင်ရာ ဆိုင်းဘုတ်များကို ဘာသာမျိုးစုံဖြင့် ထားရှိကာ MRC Tas နှင့်လည်း ယဉ်မောင်းသင်တန်း အစီအစဉ်နှင့် ဆိုင်သည့် အခက်အခဲများကို နားလည်ရန် ပူးပေါင်း ဆောင်ရွက်ပါမည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

*"ပေါင်းစည်းခြင်းနှင့် အတူလက်တွဲ နေထိုင်ရေးတို့သည် ကြိုးစားလုပ်ဆောင်ရပြီး မူဝါဒများနှင့် အဖွဲ့အစည်းများက မျိုးမတူ ကွဲပြားခြားနားမှုနှင့် ယဉ်ကျေးမှု အချင်းချင်း နားလည်မှုကို အားပေးသည်။ ရင်ဆိုင်ကျော်လွှားရမည့် အခက်အခဲများ ရှိနေကြသေး သော်လည်း ဤအခြေခံ သဘောတရားများက ယဉ်ကျေးမှုမျိုးစုံ လူမှုအဖွဲ့အစည်း အစစ်အမှန် ဖြစ်ခြင်းကို ပိုမို နီးစပ်စေပါသည်။"*

*ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

## ပါဝင်ပတ်သက်ခြင်းနှင့် တရားမျှတမှု

### လုပ်ဆောင်ချက် 7 – လူမှုအဖွဲ့အစည်းများ၊ အစိုးရ အေဂျင်စီများ၊ အစီအစဥ်များနှင့် ဝန်ဆောင်မှုများ၊ အဖွဲ့အစည်းများနှင့်စီးပွားရေး လုပ်ငန်းများတွင် ယဥ်ကျေးမှုအရဘေးကင်းလုံခြုံမှု အထောက်အကူ ဖြစ်စေရန် သင့်လျော်သည့် ရင်းမြစ်များ ဖော်ထုတ်ရန်နှင့် တီထွင်ရန်

- DPAC သည် အတိုင်ပင်ခံအဖွဲ့နှင့်အတူ ယဥ်ကျေးမှုအရ ဘေးကင်းလုံခြုံမှုရှိရန် စီစဥ်ပြီး လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းခွင်များနှင့် ဝန်ဆောင်မှုပေးသည့်အခါများတွင် ယဥ်ကျေးမှုအရ ဘေးကင်းလုံခြုံပြီး နှိမ့်ချဆက်ဆံသည့် သဘာဝနှင့် ဆိုးကျိုးသက်ရောက်မှုကို တားဆီးသည့် ရင်းမြစ်များ၊ လေ့ကျင့်ရေး သင်တန်းများနှင့် လုပ်ဆောင်မှုများ တွက်ဆ ဖော်ထုတ်ရန်

- DPAC သည် အတိုင်ပင်ခံအဖွဲ့နှင့်အတူ အခြေအနေအမျိုးမျိုးတွင် ပါဝင်သူ အမျိုးမျိုးအတွက် မည်သည့်ရင်းမြစ်များနှင့် မည်သည့် လေ့ကျင့်ရေး သင်တန်းများက သင့်လျော်သည်ကို ရှာဖွေဖော်ထုတ်မည်။

- NRE Tas သည် ယဥ်ကျေးမှုအရ ဘေးကင်းလုံခြုံမှုရှိရန် လုပ်ငန်းခွင်အတွင်း လေးစားမှုဆိုင်ရာ သင်တန်းနှင့် ယဥ်ကျေးမှုဆိုင်ရာ ဘေးကင်းလုံခြုံမှု သင်တန်းတို့ကို ဆက်လက် ပြုလုပ်သွားမည် ဖြစ်သည်။

- DPFEM သည် မိမိ၏ အလုပ်သမားအားလုံးကို လုပ်ငန်းခွင်အတွင်း မျိုးမတူ ကွဲပြားခြားနားမှုနှင့် အားလုံးပူးပေါင်း ပါဝင်မှုဆိုင်ရာ မတက်မနေရ သင်တန်းတို့ကို ဆက်လက် ပြုလုပ်သွားမည် ဖြစ်သည်။

- DECYP သည် ကျောင်းများအားလုံးအတွက် ယဥ်ကျေးမှုဆိုင်ရာ သတိပြုမှုခြင်းနှင့် လေ့ကျင့်ရေး အွန်လိုင်သင်တန်းကို ပါဝင်ရန် ဆက်လက်၍ ကမ်းလှမ်း ပြုလုပ်သွားမည် ဖြစ်သည်။ DECYP အနေနှင့် EAL မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်း၊ NGO အဆင့်မြင့် ပံ့ပိုးသူ ဆရာဆရာမများ သို့မဟုတ် လူမှုဖူလုံရေး ဝန်ထမ်းဖြင့် အွန်လိုင်း သင်ကြားရေး ကိုလည်း ပံ့ပိုးပေးပါသည်။

- DECYP သည် လူသစ်စုဆောင်းခြင်း၊ လုပ်ငန်းဝင် သင်တန်း၊ လေ့ကျင့်ရေးတို့ကို အလေးထားကာ ခေါင်းဆောင်မှုအပိုင်းတွင်လည်း မျိုးမတူ ကွဲပြားခြားနားခြင်းတို့ကို အလုပ် အားလုံးတွင် အားပေးပြီး မျိုးမတူ ကွဲပြားခြားနားမှုနှင့် ပါဝင်ဆောင်ရွက်ခြင်းကို ဆက်လက် အာရုံစိုက် ဆောင်ရွက်သွားမည် ဖြစ်သည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

### လုပ်ဆောင်ချက် 8 - ယဥ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသည့် တက်စမေးနီးယန်းများအတွက် ဖွဲ့စည်းပုံဆိုင်ရာ စိန်ခေါ်မှုများကို ထည့်သွင်းစဥ်းစားခြင်း

- DPAC သည် ယဥ်ကျေးမှုနှင့် မျိုးနွယ်တို့အပါအဝင် လိင်၊ ယောက်ျား/မိန်းမဖြစ်ခြင်း၊ အသက်အရွယ်နှင့် မသန်မစွမ်းမှု တစ်ခုခုဖြင့် နေနေရခြင်းတို့ကို ထည့်သွင်း စဥ်းစားသည့် လူမှုအဖွဲ့အစည်းမှ အသိပေးပြီး ဦးဆောင်ပြုလုပ်သည့် မူဝါဒများ၊ အစီအစဥ်များနှင့် ဝန်ဆောင်မှုများကို ဆက်လက် အားပေး ပံ့ပိုးသွားပါမည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်




## ဓမ္မဒိဋ္ဌာန်ကျ ဘက်မလိုက်သည့် အနေအထားနှင့် အလုပ်သမား ခန့်ထားခြင်း

**လုပ်ဆောင်ချက် 9 - တက်စမေးနီးယားအစိုးရ၏ နည်းဗျူဟာများနှင့် လုပ်ငန်စဥ်များသည် တက်စမေးနီးယန်းများ၏ ယဥ်ကျေးမှု၊ မျိုးနွယ်၊ ဘာသာစကား ဝန်ဆောင်မှု လိုအပ်ချက်နှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့ကို ထည့်သွင်း စဥ်းစားပါသည်။**

- တက်စမေးနီးယားအစိုးရသည် ယဥ်ကျေးမှုနှင့် မျိုးနွယ်၊ ဘာသာစကား ဝန်ဆောင်မှု လိုအပ်ချက်နှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့ကို ထည့်သွင်း စဥ်းစားပြီး   လုံလုံလောက်လောက် စီစဥ်ထားကာ လူမှုအဖွဲ့အစည်းမှ အသိပေးပြီး ဦးဆောင်ပြုလုပ်သည့် မူဝါဒများ၊ အစီအစဥ်များနှင့် ပဏာမခြေလှမ်းများကို ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက် အားပေး ပံ့ပိုးသွားပါမည်။

- DPAC သည် ယဥ်ကျေးမှုမျိုးစုံနှင့် ဘာသာစကား ကွဲပြားခြားနားကြသည့် တက်စမေးနီးယန်းများ ဝန်ဆောင်မှု၊ ကလေးသူငယ်များ ဘေးကင်းရေး၊ မိသားစုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စာပေတတ်မြောက်မှုနှင့် လုပ်အားပေးခြင်း၊ လိင်ပိုင်းဆိုင်ရာ ခံယူချက် အမျိုးမျိုး ရှိကြသူများ၊ ပြုစုစောင့်ရှောက်သူများနှင့် အစားအစာ အပြောင်းအလဲဒဏ် ခံနိုင်မှု တို့နှင့် သက်ဆိုင်သည့် နည်းဗျူဟာများနှင့် အစီအစဥ်များ အတွက် လိုအပ်ချက်တို့ကို စူးစမ်း ဖော်ထုတ်ပါမည်။

- NRE Tas သည် ယဥ်ကျေးမှုမျိုးစုံနှင့် ဘာသာစကား ကွဲပြားခြားနားကြသူများ မိမိတို့အသိပေးလိုသည်များ လွတ်လပ်စွာ ပြောခွင့်ရစေရန် ဝန်ဆောင်မှုများ ပိုမို အသုံးပြုနိုင်ရေး ဖန်တီးပေးမည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

*"[ယဥ်ကျေးမှုမျိုးစုံ လူမှုအဖွဲ့အစည်း] သည် ယဥ်ကျေးမှုအမျိုးမျိုး တုန့်ပြန်ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဘာသာစကား ကွဲပြားခြားနားမှုကို တန်ဖိုးထား၊ လေးစားခြင်း၊ တန်းတူညီမှ အခွင့်အရေးနှင့် လူမှုရေးအရ တရားမျှတမှုကို အားပေးသည်။"*

*ပါဝင်ဆောင်ရွက်သူ၊ ယဥ်ကျေးမှုမျိုးစုံ လုပ်ငန်းစဥ် အစီအစဥ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

# ကျွန်ုပ်တို့ ဘေးကင်းလုံခြုံမှု ရှိသည်ဟု ခံစားရသည်

ဤခေါင်းစဥ်သည် တက်စမေးနီးယန်းများက အာရုံစိုက် ဆောင်ရွက်ရန် လိုအပ်သည့် အဓိက စိတ်ပူပန်မှုဖြစ်ကြောင်း ပြောပြသည့် အချက်ဖြစ်သည်။ တနိုင်ငံလုံးအတွက် လူမျိုးရေး ခွဲခြားမှုဆိုင်ရာ မူဘောင်နှင့်အညီ ယင်းလုပ်ဆောင်မှုများသည် လူမျိုးရေး ခွဲခြားမှုကို လျှော့ချရန် အတူတကွ လုပ်ဆောင်ပြီး ဖွဲ့စည်းပုံအရဖြစ်စေ၊ အဖွဲ့အစည်းအရဖြစ်စေ၊ လူတစ်ဦးခြင်း ဆက်ဆံမှုအရ ဖြစ်စေ၊ အကျိုးသက်ရောက်မှု ရှိကာ ခံစားရ၊ နစ်နာကြသူများအတွက်လည်း အထောက်အကူ ပံ့ပိုးမှု ဖြစ်စေပါသည်။

## ရလဒ်များ

| | | |
|---|---|---|
| | **ရလဒ် 1 -** | **ရလဒ် 2 -** |
| **ကျွန်ုပ်တို့၏ ရလဒ်များ** | လူမျိုးရေး ခွဲခြားမှုသည် ပုံစံအားလုံးတွင် လျော့နည်းသွားခဲ့ပြီ။ | ယဥ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် တက်စမေးနီးယန်းများသည် လူမျိုးရေးခွဲခြားမှုကို အရင်းခံသည့် အကြမ်းဖက်ခြင်းဒဏ်မှ ကင်းဝေးသည်ဟု ခံစားရသည်။ |
| **ကျွန်ုပ်တို့ အာရုံစိုက်သည့် နယ်ပယ်များ** | လူမျိုးရေးခွဲခြားမှုကို ရင်ဆိုင်ခြင်း၊ လူမှုရေးအရ ပေါင်းစည်းညီညွတ်မှု တည်ဆောက်ခြင်းနှင့် ဘေးကင်းလုံခြုံမှု | |

ဤရလဒ်များ ရရှိစေရန်အတွက် ချဥ်းကပ်လမ်းကြောင်း လေးခု ရှိပါသည် -

| ကြိုတင်ကာကွယ်ခြင်း | | | တုန့်ပြန်ခြင်း |
|---|---|---|---|
| **ဖွဲ့စည်းပုံ ပြောင်းလဲခြင်း** | **ပိုပြီး သတိမူခြင်း** | **လုပ်နိုင်စွမ်း တည်ဆောက်ခြင်း** | **ပံ့ပိုးမှု** |



## ကျွန်ုပ်တို့ ဘေးကင်းလုံခြုံမှု ရှိသည်ဟု ခံစားရသည် – လုပ်ဆောင်မှု အကျဉ်းချုပ်

| အာရုံစိုက်သည့် နယ်ပယ် | အမှတ် # | လုပ်ဆောင်မှု | ဦးဆောင်သည့် အေဂျင်စီ |
|---|---|---|---|
| **လူမျိုးရေးခွဲခြားမှုကို ရင်ဆိုင်ခြင်း၊ လူမှုရေးအရ ပေါင်းစည်းညီညွတ်မှု တည်ဆောက်ခြင်းနှင့် ဘေးကင်းလုံခြုံမှု** | 10. | တက်စမေးနီးယန်း တရားရေးလုပ်ငန်းနှင့် မူဝါဒများသည် ဘက်လိုက်ခြင်းနှင့် လူမျိုးရေး ခွဲခြားမှုတို့၏ တွန်းအားပေးမှုကြောင့် ဖြစ်လာသည့်နောက်ယှက်မှု၊ အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုတို့ကို ကိုင်တွယ် ဖြေရှင်းကြောင်း သေချာစေခြင်း | DoJ / DECYP |
| | 11. | အမုန်းတရားမှုနှင့် ဆက်နွယ်သည့် ရာဇဝတ်မှုများကို လက်ရှိနှင့် နောင်အနာဂတ် တုန့်ပြန်မှုများ စီစဥ်နိုင်ရန် စောင့်ကြပ်ကြည့်ရှုနိုင်သည့် စနစ်များ တီထွင်ခြင်း; | DPFEM |
| | 12. | တက်စမေးနီးယန်းများကို မည်သည့်အရာများက နှိမ့်ချဆက်ဆံခြင်းနှင့် လူမျိုးရေး ခွဲခြားမှုနှင့်ဆိုင်သော တရားမမှု သို့မဟုတ် ရာဇဝတ်မှုဖြစ်သည်ကို အသိပေးပြီး ခံစားရသူ သို့မဟုတ် သက်သေအနေနှင့် မည်ကဲ့သို့ သတင်းပို့ရမည်ဆိုသည်ကို သိစေခြင်း | DoJ |
| | 13. | တက်စမေးနီးယန်းများကို လူမျိုးရေး ခွဲခြားမှုတို့၏ တွန်းအားပေးမှုကြောင့် ဖြစ်လာသည့် နှောက်ယှက် ဖျက်ဆီးမှုနှင့် အကြမ်းဖက်မှုတို့ကို ကြောက်ရွံ့ခြင်း လုံးဝမရှိဘဲ မိမိတို့၏ စီးပွားရေး လုပ်ငန်းများကို အန္တရာယ်ကင်းစွာ လုပ်နိုင်စွမ်းကို တည်ဆောက်ခြင်း | DPFEM |
| | 14. | လူမှုအဖွဲ့အစည်းမှ ဦးဆောင်သည့် ဒေသခံများက တီထွင်ကြံဆလုပ်ကိုင်သော လူမျိုးရေး ခွဲခြားမှုကို တိုက်ဖျက်ခြင်းနှင့် လူမှုရေးအရ ပေါင်းစည်း ညီညွတ်ခြင်း | DPAC |
| | 15. | လူမှုအဖွဲ့အစည်းမှ ဦးဆောင်သည့် ဒေသခံများက တီထွင်ကြံဆလုပ်ကိုင်သော လူမျိုးရေး ခွဲခြားမှုကို တိုက်ဖျက်ခြင်းနှင့် လူမှုရေးအရ ပေါင်းစည်း ညီညွတ်ခြင်း | DPAC |

**ဤလုပ်ဆောင်မှုများက တန်းညှိသည်မှာ -**

တနိုင်ငံလုံးဆိုင်ရာ ယဥ်ကျေးမှုမျိုးစုံ မူဘောင် ပြန်လည်ဆန်းစစ်ချက် - *တရားမျှတခြင်းဆီသို့ – အားလုံးအတွက် ယဥ်ကျေးမှုမျိုးစုံ ဩစတြေးလျားနိုင်ငံ*

(National Multicultural Framework Review, *Towards Fairness – A multicultural Australia for all.*)

AHRC ၏ *တနိုင်ငံလုံးဆိုင်ရာ လူမျိုးရေး ခွဲခြားမှု ဆန့်ကျင်ရေး မူဘောင်* (The AHRC *National Anti-Racism Framework.*)

*2020 ခုနှစ် တနိုင်ငံလုံးဆိုင်ရာ ကွာဟချက်ကို ပိတ်ခြင်းဆိုင်ရာ သဘောတူညီချက်*၊ ဦးစားပေး ပြင်ဆင်ချက် 3 – အစိုးရ လုပ်ထုံးလုပ်နည်း ပြောင်းလဲခြင်း

(The National Agreement on *Closing the Gap 2020*, Priority Reform 3 - Transformation of Government) တို့ဖြစ်ကြပါသည်။


1
2
3
6

## ကျွန်ုပ်တို့ ဘေးကင်းလုံခြုံမှု ရှိသည်ဟု ခံစားရသည် – လုပ်ဆောင်မှုများ

### လူမျိုးရေး ခွဲခြားမှုကို တိုက်ဖျက်ခြင်း၊ လူမှုရေးအရ ပေါင်းစည်း ညီညွတ်ခြင်းနှင့် ဘေးကင်းလုံခြုံမှု

**လုပ်ဆောင်ချက် 10 - တက်စမေးနီးယား ဥပဒေများနှင့် မူဝါဒများသည် အနှောင့်အယှက်ပေးခြင်း၊ အနိုင်အထက်ပြုမူခြင်း၊ အကြမ်းဖက်ခြင်းနှင့် ရာဇဝတ်မှု ဘက်လိုက်မှုနှင့် လူမျိုးရေး ခွဲခြားမှုတို့ကြောင့် ဖြစ်ခြင်းကို ကိုင်တွယ်ဖြေရှင်းခြင်း။**

- DoJ သည် ဘက်လိုက်ခြင်းကြောင့် ဖြစ်ပွားနိုင်သည့် ပြစ်မှု ကျူးလွန်ခြင်းများအတွက် အခြားသော ထည့်တွက်ခြင်းများ ပါဝင်ရန် (ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ အကြံပေးကောင်စီ၏ အစီရင်ခံစာတွင် အကြံပေးထားသည့်အတိုင်း) ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ 11B (11B of the Sentencing Act) ကို တိုးချဲ့ရေးအတွက် နည်းလမ်းများ ရှာဖွေမည်။
- DoJ သည် နှိမ့်ချဆက်ဆံခြင်းဆိုင်ရာ ကော်မရှင်နာ၏ တရားဥပဒေဆိုင်ရာ နယ်ပယ်များအပေါ် ပြန်လည် သုံးသပ်ပြီး နောက်ထပ် ပြုပြင်ရမည့် အကြံပြုချက်များကိုလည်း ဆက်လက်ပြီး စဥ်းစား ဆောင်ရွက်မည်။
- DECYP သည် *1997 ခုနှစ် လူငယ်ဆိုင်ရာ တရားရေး အက်ဥပဒေ (1997Youth Justice Act 1997), 1992 ခုနှစ် ဆရာဆရာမများ မှတ်ပုံတင်ခြင်း ဆိုင်ရာ အက်ဥပဒေ (1992 Teachers Registration Act,1992)* နှင့် *1997 ခုနှစ် ကလေးများ၊ လူငယ်များနှင့် သူတို့၏မိသားစုများ ဆိုင်ရာ အက်ဥပဒေ (The Children, Young People and Their Families Act 1997)* တို့အပါအဝင် အချို့သော သက်ဆိုင်ရာ အက်ဥပဒေများကို ဆက်လက်ပြီး အနှစ်သာရအားဖြင့် တရားဥပဒေအရ ပြန်လည်သုံးသပ်ခြင်းကို ဆက်လက် ဆောင်ရွက်မည်။ ဤပြန်လည်သုံးသပ်ခြင်းများ၏ အနှစ်သာရမှာ ခေတ်မီစေခြင်းနှင့် ကလေးသူငယ်များ၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများသည် ယဥ်ကျေးမှုအရ အပြည့်အဝ ပါဝင်ပြီး အကာအကွယ် ပေးထားကြောင်း သေချာစေရန် ဖြစ်ပါသည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

**လုပ်ဆောင်ချက် 11 - အမုန်းတရားမှုနှင့် ဆက်နွယ်သည့် ရာဇဝတ်မှုများကို လက်ရှိနှင့် နောင်အနာဂတ် တုန့်ပြန်မှုများ စီစဥ်နိုင်ရန် စောင့်ကြပ်ကြည့်ရှုနိုင်သည့် စနစ်များ တီထွင် ဖော်ထုတ်မည်။**

- DPFEM သည် ဘက်လိုက်မှုနှင့် ဆက်နွယ်သည့် ပြစ်မှုကျူးလွန်ခြင်းများ မှတ်တမ်းတင်ခြင်းကို ပိုမို ထိရောက်စေမည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

> *"တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လက်ခံနားလည်မှုရှိကာ လေ့လာ သင်ယူခြင်းဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်း တစ်ခုလုံးကို ပိုမို နက်ရှိုင်းစွာ နားလည်သဘောပေါက်နိုင်ကြမည် ဖြစ်ပါသည်။"*
>
> *ပါဝင်ဆောင်ရွက်သူ၊ ယဥ်ကျေးမှုမျိုးစုံ လုပ်ငန်းစဥ် အစီအစဥ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

**လုပ်ဆောင်ချက် 12 - နှိမ့်ချဆက်ဆံခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် လူမျိုးရေး ခွဲခြားဆက်ဆံမှုတို့ကို တရားမမှု သို့မဟုတ် ရာဇဝတ်မှုအဖြစ် တင်ပြနိုင်ခြင်းနှင့် ထိုအဖြစ်အပျက်များကို လူမျိုးရေး ခွဲခြားမှုကို အခြေခံသည့် ခံရသူ သို့မဟုတ် သက်သေအဖြစ် မည်ကဲ့သို့ သတင်းပို့နိုင်သည်ကို သတိပြုနိုင်ရေး ဖော်ထုတ်ခြင်း။**

- DoJ သည် နှိမ့်ချဆက်ဆံခြင်းကို ဆန့်ကျင်သည့် ကော်မရှင်နာရုံး (Office of the Anti-Discrimination Commissioner) (OADC) နှင့် အတိုင်ပင်ခံအဖွဲ့ တို့နှင့်အတူ လုပ်ငန်းခွင်တွင် နှိမ့်ချဆက်ဆံခြင်းနှင့် အခြားသော တားမြစ်ထားသည့် (ဥပမာ၊ မတရားဖိနှိပ်မှု ကဲ့သို့) အပြုအမူတို့ကို သတင်းပို့ခြင်းအတွက် ဘေးကင်းခြင်း ပိုမို ဖြစ်စေရန် အတူအကွ ဆောင်ရွက်ကြမည်။
- DoJ သည် တက်စမေးနီးယား ရဲတပ်ဖွဲ့နှင့် OADC တို့နှင့် ပူးပေါင်းကာ အဓိက တာဝန်ရှိသူများနှင့် လက်တွဲပြီး တက်စမေးနီးယားတွင် တရားဥပဒေ မူဘောင်များအတွင်းမှ လူမျိုးရေး ခွဲခြားမှုကို ကိုင်တွယ်သည့် ပူးတွဲ လုပ်ဆောင်မှုများ တိုးချဲ့ရေးအတွက် နည်းလမ်းများ ရှာဖွေမည်။
- ထို့အပြင် နှိမ့်ချဆက်ဆံခြင်း၊ မတရားဖိနှိပ်မှု နှင့် အခြား တားမြစ်ထားသည့် အပြုအမူတို့သည် တရားဥပဒေအရ အပြစ်ရှိကြောင်း အများပြည်သူ သတိမူရေး စည်းရုံး လှုံ့ဆော်မှုများ တိုးပြီး ဆောင်ရွက်မည်။
- OADC သည် လူမျိုးရေး ခွဲခြားမှုကို သတင်းပို့ရန် ဗစ်တိုးရီးယားပြည်နယ် သာတူညီမျှ အခွင့်အရေးနှင့် လူ့အခွင့်အရေး ကော်မရှင် (Victorian Equal Opportunity and Human Rights Commission) မှ ဖော်ထုတ် ပြုလုပ်ထားသည့် လူမှုအဖွဲ့အစည်းမှ သတင်းပို့သည် ကိရိယာ (Community Reporting Tool) မျိုးကဲ့သို့ ကိရိယာ တီထွင် ပြုလုပ်မည်။ OADC ၏ မကျေနပ်မှု ဖွင့်ဟချက် နှင့် သတင်းပို့ခြင်း ပုံစံများကိုလည်း ဘာသာစကား အမျိုးမျိုးသို့ ဘာသာပြန်မည်ဖြစ်သည်။
- DPFEM သည် တက်စမေးနီးယား ရဲတပ်ဖွဲ့ လူမှုအဖွဲ့အစည်းနှင့် သုံးနှစ်တာ ပူးတွဲဆောင်ရွက်မှုကို ဖော်ဆောင်မည်။
- DECYP သည် အောင်မြင်စွာ ဆောင်ရွက်သည့်အရာများ အားလုံးမှ ကလေးသူငယ်များနှင့် လူငယ်များ၏ ရပိုင်ခွင့်များ အထူးသဖြင့် ပညာသင်ကြားနိုင်သည့် ရပိုင်ခွင့်ကို သူတို့ကို အကျိုးသက်ရောက်မှု ရှိသည့် ဆုံးဖြတ်ချက်များကို ထိန်းညှိရန်နှင့် ဘေးကင်းရန်အတွက် ဆက်လက်ထိန်းသိမ်းမည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

**လုပ်ဆောင်ချက် 13 - တက်စမေးနီးယန်းများ၏ စီးပွားရေး လုပ်ငန်းများ တီထွင်ကာ ဘေးကင်းစွာလုပ်ကိုင်ပြီး လူမျိုးရေးခွဲခြားမှု အခြေခံသည့် ဖျက်ဆီးခြင်းနှင့် အကြမ်းဖက်မှုတို့ကို ကြောက်ရွံ့ခြင်း မရှိဘဲ လုပ်နိုင်စွမ်းကို တည်ဆောက်ခြင်း။**

- DPAC သည် အတိုင်ပင်ခံအဖွဲ့နှင့်အတူ တက်စမေးနီးယန်း စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ကာ တုန့်ပြန် ဆောင်ရွက်မည်။
- တက်စမေးနီးယား ရဲတပ်ဖွဲ့သည် စီးပွားရေးလုပ်ငန်းများ အပါအဝင် ဘေးကင်းသည့် လူမှုအဖွဲ့အစည်းများကို ပံ့ပိုးရန် ဒေသကောင်စီများ၊ စီးပွားရေးလုပ်ငန်းများနှင့် အပြုသဘောဆောင်သည့် ဆက်ဆံရေးကို ဆက်လက် ဖော်ဆောင်မည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

*"ကျွန်ုပ်တို့သည် ကရုဏာတရား ပိုမိုလာကြသည်၊ ပိုမို စာနာစိတ် ရှိလာပြီး ပိုပြီး သဘောပေါက် လက်ခံလွယ်လာကြသူများ ဖြစ်လာကြသည်။ ဤသည်မှာ ယဉ်ကျေးမှုမျိုးစုံ ခံယူချက်က ကျွန်ုပ်တို့ မတူညီ ခြားနားမှုများ၏ ကောင်းကွက်များကို လက်ခံ ကြည်နူးကြပြီး ကျွန်ုပ်တို့အားလုံးကို ဆက်နွယ်ထားသည့် နှောင်ကြိုးမျှင်များအား ရင်ဝယ်ပိုက်ထားနိုင်သည့် ကမ္ဘာကြီးတစ်ခု အမှန်တကယ်ပင် ဖန်တီးနိုင်မည် ဖြစ်ပါသည်။"* *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

**လုပ်ဆောင်ချက် 14 – လူမှုအဖွဲ့အစည်းမှ ဦးဆောင်သည့် ဒေသခံများက တီထွင်ကြံဆလုပ်ကိုင်သော လူမျိုးရေး ခွဲခြားမှုကို တိုက်ဖျက်ခြင်းနှင့် လူမှုရေးအရ ပေါင်းစည်း ညီညွတ်ခြင်း**

- DPAC သည် အတိုင်ပင်ခံအဖွဲ့နှင့်အတူ ဒေသနှင့် ပြည်နယ်အဆင့်တွင် လူမျိုးရေး ခွဲခြားမှုကို တိုက်ဖျက်ပြီး လူမှုရေးအရ ပေါင်းစည်း ညီညွတ်ခြင်းကို တီထွင်ကြံဆ လုပ်ကိုင်နိုင်မည့် ဦးစားပေး လုပ်ငန်းများကို ပုံမှန် ပြန်လည်သုံးသပ်နေမည်။
- DPAC သည် နောင်အနာဂတ် တီထွင်ကြံဆ လုပ်ကိုင်ရေးအတွက် သိရှိစေမည့် လေ့ကျက်ထားမှု လုပ်ငန်းစဉ် အပါအဝင် လူမှုရေးအရ ပေါင်းစည်း ညီညွတ်မှုဆိုင်ရာ အငယ်စား ထောက်ပံ့ကြေး အစီအစဉ်) (Social Cohesion Small Grants Program) အရ ထောက်ပံ့သည့် တီထွင်ကြံဆမှုများကို စိစစ်မည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

**လုပ်ဆောင်ချက် 15 – လူမျိုးရေး ခွဲခြားမှု ခံစားခဲ့ရသူများကို ပံ့ပိုး ကူညီသည့် ရောဂါကုထုံးဆိုင်ရာ အကူအညီ**

- တက်စမေးနီးယား အစိုးရသည် လူမျိုးရေးခွဲခြားမှု ခံစားခဲ့ရသူများ၊ ကြုံတွေ့ ကျော်လွှားခဲ့ရသူများအား ပံ့ပိုးကူညီသည့် အစီအစဉ်များ ဖော်ဆောင်ရန် အကြံပေးအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်မည်။

**အချိန်အပိုင်းအခြား -** ကာလတို

*"နောက်ခံဘဝ အမျိုးမျိုးမှ လာကြသူများအတူတကွ ပျော်ရွှင်စွာ ပူးပေါင်းနေထိုင်ကြပြီး ယဉ်ကျေးမှုများ မျှဝေနေထိုင်ကြပြီး အောင်မြင်မှုအတွက် အချင်းချင်း ရိုင်းပင်းကူညီကာ ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းအဖြစ် ပါဝင်ကြခြင်း ဖြစ်ပါသည်။"*

*ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

# ကျွန်ုပ်တို့ ပါဝင်ဆောင်ရွက်သည်

ဤဦးစားပေးမှုသည် တက်စမေးနီးယန်းများကို အခြေအနေ အမျိုးမျိုးတွင် သူတို့၏ မျိုးနွယ်၊ ဘာသာစကားကျွမ်းကျင်မှု၊ သို့မဟုတ် ပြောင်းရွှေ့အခြေချခြင်းဆိုင်ရာ အဆင့်တို့ကြောင့် ကြုံတွေ့ကြရသည့် ဖွဲ့စည်းပုံအရ အဟန့်အတားများကို ဖယ်ရှားပြီး ရည်မှန်းချက်များ အောင်မြင်ကြစေရန် အာရုံစိုက်ပေးပါသည်။ ဤသည်တွင် အပန်းဖြေခြင်းဆိုင်ရာ လှုပ်ရှားမှုများ၊ ပြည်သူနှင့် ဒီမိုကရေစီဆိုင်ရာ ပူးတွဲဆောင်ရွက်မှု၊ သူတို့၏ စိတ်ဝင်စားမှုများနှင့် ပင်ကိုယ်စွမ်းရည်များကို ရှင်သန်ကြီးထွားစေပြီး အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်စေရန်အတွက် ဆောင်ရွက်မှုများ ပါဝင်သည်။

## ရလဒ်များ

<table>
<tr><td>ကျွန်ုပ်တို့၏ ရလဒ်များ</td><td colspan="3">ရလဒ် 3 -<br>ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသည့် တက်စမေးနီးယန်းများသည် သူတို့၏ လုပ်နိုင်စွမ်းမှာ ပါဝင် ဆောင်ရွက်ရန်နှင့် အောင်မြင်မှုရနိုင်ရန် မြေတောင်မြှောက်ပြီးဖြစ်သည်ဟု ခံစားကြရသည်။</td></tr>
<tr><td>ကျွန်ုပ်တို့ အာရုံစိုက်သည့် နယ်ပယ်များ</td><td>လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအနေနှင့် ပါဝင်ဆောင်ရွက်မှု</td><td>ပညာရေး (ရှေးဦးနှစ်များမှ အထက်တန်းပညာအဆင့်အထိ) နှင့် လေ့ကျင့်ရေး</td><td>စီးပွားရေးအရ လက်တွဲဆောင်ရွက်မှု၊</td></tr>
</table>

*''ဩစတြေးလျားနိုင်ငံ လူမှုအဖွဲ့အစည်း၏ ယုက်နွယ်မှုကို ကိုယ်စားပြုသည့် မျိုးမတူ ကွဲပြားခြားနားသည့် အလုပ်သမား အင်အား ကျွန်ုပ်တို့မှာ ရှိပါသည်။''* *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဥ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*



## ကျွန်ုပ်တို့ ပါဝင်ဆောင်ရွက်သည် – လုပ်ဆောင်မှု အကျဉ်းချုပ်

| အာရုံစိုက်သည့် နယ်ပယ် | အမှတ် # | လုပ်ဆောင်မှု | ဦးဆောင်သည့် အေဂျင်စီ |
|---|---|---|---|
| **လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအနေနှင့် ပါဝင်ဆောင်ရွက်မှု** | 16. | တက်စမေးနီးယန်း ပြောင်းရွှေ့အခြေချသည့် လူမှုအဖွဲ့အစည်းများတွင် ဒီမိုကရေစီဆိုင်ရာ တည်ဆောက်မှုများ၊ ပြည်သူ့အုပ်ချုပ်ရေးနှင့် မဲဆန္ဒပေးသည့်စံနစ်ကို သတိမူခြင်းကို တည်ဆောက်ခြင်း | DoJ |
| | 17. | ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ခြားနားကြသည့် တက်စမေးနီးယန်းများတွင် လူမှုအဖွဲ့အစည်းများကို ဇာတ်ကြောင်းပြန်များ ပြောပြ မျှဝေရန် ယဉ်ကျေးမှုနှင့် အနုပညာ အပါအဝင် အတွက် ကွက်လပ်ထားပြီး အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်နိုင်စွမ်း တည်ဆောက်မှုအတွက် ရင်းနှီးမြှုပ်နှံပေးခြင်း | DPAC / DSG |
| | 18. | ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် လူမှုရေးအရ စုစည်းမှုကို အားပေးသည့် အနုပညာနှင့် လူမှုရေး အခမ်းအနားများတွင် ရင်းနှီးမြှုပ်နှံခြင်း | DPAC |
| | 19. | တက်စမေးနီးယားရှိ ပြောင်းရွှေ့အခြေချသူများနှင့် ဒုက္ခသည်များအတွက် လူမှုရေး၊ အပန်းဖြေခြင်းဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်နိုင်ခြင်းကို အားပေးခြင်း | NRE Tas |
| | 20. | တက်စမေးနီးယားရှိ ပြောင်းရွှေ့အခြေချသူများနှင့် ဒုက္ခသည်များအတွက် ရေထဲတွင် ဘေးကင်းခြင်းဆိုင်ရာ ပညာပေးခြင်းနှင့် ရေကူးသင်တန်းများ ပြုလုပ်ပေးခြင်း | DSG |
| **ပညာရေး (ရှေးဦးနှစ်များမှ အထက်တန်းပညာအဆင့်အထိ) နှင့် လေ့ကျင့်ရေး** | 21. | ဒုက္ခသည်များနှင့် ပြောင်းရွှေ့အခြေချသူများအတွက် စာတတ်မြောက်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘာသာစကား သင်တန်းများတွင် ပါဝင်နိုင်ရန် သေချာစေခြင်း | DPAC / DECYP |
| **စီးပွားရေးအရ ပါဝင်ဆောင်ရွက်ခြင်း** | 22. | တက်စမေးနီးယန်း အစိုးရ အေဂျင်စီများတွင် တိုးလာနေသည့် ယဉ်ကျေးမှု ကွဲပြားခြားနားမှုအတွက် သာတူညီမျှမှု ဖြစ်ပေါ်စေသည့် ရှေးဦးဆောင်ရွက်မှုများ စဉ်းစားဆောင်ရွက်ရန်နှင့် ပြန်လည် သုံးသပ်ပြီး တိုးတက်မှုကို စောင့်ကြည့်စစ်ဆေးရန် | DPAC |
| | 23. | ယဉ်ကျေးမှုအရ အပြည့်အဝ ပါဝင်ပြီး လုံခြုံ စိတ်ချရသည့် တက်စမေးနီးယန်း လုပ်ငန်းခွင်များ ဆက်လက်ပြီး ဖော်ထုတ်ရန် | DPAC |
| | 24. | အလုပ်ရှင်များကို ဗီဇာကိုင်ဆောင်ထားသူများအား ဆက်သွယ်ပြီး ပြောင်းရွှေ့အခြေချသူများ၏ ကျွမ်းကျင်မှုများ အသိအမှတ်ပြုခြင်းကို အားပေးသည့် ရင်းမြစ်များ ဖော်ဆောင်ပြီး ဖြန့်ဖြူးရေးအတွက် စက်မှုလုပ်ငန်းနှင့် အလုပ်ရှင်များကို ဆက်သွယ်ရန် | DSG |
| | 25. | ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြား ခြားနားကြသည့် တက်စမေးနီးယန်း မိသားစုများ၏ စီးပွားရေး လုပ်ငန်းများ တည်ထောင်ပြီး တိုးတက်အောင် မြေတောင်မြှောက်ပေးရန် | DSG |
| | 26. | လူငယ်များအတွက် အထူး ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများနှင့် အလုပ်အကိုင် ရရှိရေး လမ်းကြောင်းများ ပံ့ပိုးပေးရန် | DECYP / DSG / NRE Tas |

## ကျွန်ုပ်တို့ ပါဝင်ဆောင်ရွက်သည် – လုပ်ဆောင်မှု

### လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူများဆိုင်ရာ ပါဝင်ဆောင်ရွက်ခြင်း

**လုပ်ဆောင်ချက် 16 - တက်စမေးနီးယားသို့ ပြောင်းရွှေ့ အခြေချ နေထိုင်သော လူမှုအဖွဲ့အစည်းများအတွင်း ဒီမိုကရေစီဆိုင်ရာ ဖွဲ့စည်း တည်ဆောက်ပုံ၊ ပြည်သူ့အုပ်ချုပ်ရေးစနစ်နှင့် မဲဆန္ဒပေးခြင်းဆိုင်ရာ နည်းလမ်းများကို သတိပြုမိစေရန် မြေတောင်မြှောက်ပေးရန်**

- 2023 ခုနှစ် တက်စမေးနီးယား အစိုးရ ရွေးချယ်တင်မြှောက်ရေး ကော်မရှင် (The Tasmanian Electoral Commission's (TEC) 2023) ၏ ဖွဲ့စည်းပုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အစီရင်ခံစာအရ DoJ သည် တက်စမေးနီးယန်း လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ပြီး ဆက်သွယ်မှုပြုခြင်း တိုးတက်လာရန် သက်ဆိုင်ရာ ပါဝင်သူများနှင့် ဆက်သွယ်ရေးအတွက် ပါဝင်ဆောင်ရွက်မှု အဆက်အသွယ်နှင့် ပူးတွဲလုပ်ဆောင်မည့် ပညာရေးနှင့် ဆက်သွယ်ရေး အရာရှိ (Education and Engagement Officer) ကို စုဆောင်း ဆောင်ရွက်မည်။
- TEC သည် ပြောင်းရွှေ့ အခြေချ နေထိုင်သူများနှင့် ယဉ်ကျေးမှုမျိုးစုံ တက်စမေးနီးယန်း လူမှုအဖွဲ့အစည်းများအတွင်း ပါဝင်ဆောင်ရွက်မှု တိုးတက်လာစေရန် အဆက်အသွယ်ဆိုင်ရာ နည်းလမ်းများနှင့် ထိတွေ့မှုဆိုင်ရာ ဗျူဟာများကို ဖော်ဆောင်ရန် သက်ဆိုင်ရာ ပါဝင်သူများနှင့် ပူးပေါင်း ဆောင်ရွက်မည်။
- တက်စမေးနီးယန်း အစိုးရကျောင်းများတွင် ဒီမိုကရေစီဆိုင်ရာ ဖွဲ့စည်း တည်ဆောက်ပုံများ၊ ပြည်သူ့အုပ်ချုပ်ရေးစနစ်နှင့် မဲဆန္ဒပေးခြင်းဆိုင်ရာ နည်းလမ်းများ ပါဝင်သည့် သင်ရိုးညွှန်းတမ်းကို ဆက်လက်ထည့်သွင်းထားမည်။
- DECYP သည် တက်စမေးနီးယန်း အစိုးရ ကျောင်းသား ကျောင်းသူများ ပြည်သူ့ အုပ်ချုပ်ရေးနှင့် နိုင်ငံသားဖြစ်ခြင်းဆိုင်ရာ တစ်နိုင်ငံလုံးအဆင့်အတွက် နည်းလမ်းများတွင် ပါဝင်ကြစေရန်နှင့် နိုင်ငံတော်အဆင့် ကျောင်းများ ကွန်ဗင်းရှင်းတွင်ပါဝင်ပြီး နှစ်စဉ်ကျင်းပမြဲ ဖြစ်သည့် What Matters? ရေးသားမှု ပြိုင်ပွဲတွင် ပါဝင်ကြရန် အားပေးမည်။

**အချိန်အပိုင်းအခြား -** ကာလတို

***"စကားစမြည်ပြောခြင်း၊ အများပြည်သူဆိုင်ရာ အခမ်းအနားများနှင့် အနုပညာလုပ်ငန်းများမှတဆင့် မိမိတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ကို ပြောပြပြီး အခြားသူများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ကိုလည်း လေ့လာသိရှိနိုင်သည့် သက်သောင့်သက်သာဖြစ်သည့် ပတ်ဝန်းကျင်တစ်ခု"*** *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

**လုပ်ဆောင်ချက် 17 – လူမှုအဖွဲ့အစည်းများ အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာအတွက် ရည်စူးသတ်မှတ်ထားသော ဇာတ်ကြောင်းပြန် ဝေမျှ ပြောပြနိုင်သည့် နေရာများ အပါအဝင် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသော တက်စမေးနီးယန်းများအတွက် အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦအတွက် ရင်းနှီးမြှုပ်နှံရန်။**

- DPAC သည် MCOT နှင့် ဂလယ်န်အော်ခီ မြို့နယ်ကောင်စီတို့နှင့် အတူလက်တွဲကာ အသစ်ရောက်လာသော၊ ထို့အပြင် ရောက်ရှိ အခြေကျနေပြီးဖြစ်သည့် ယဉ်ကျေးမှုအရ ကွဲပြားခြားနားသော လူမှုအဖွဲ့အစည်းများအတွက် အခမ်းအနားများ ကျင်းပရန်နှင့် တွေ့ဆုံပွဲများ ပြုလုပ် ကျင်းပနိုင်သည့် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ ဗဟိုချက်တစ်ခု ရှိစေရေးအတွက် သေချာအောင် ဆောင်ရွက်မည်။
- တက်စမေးနီးယန်း အစိုးရသည် အကြံပေးအဖွဲ့နှင့် တိုင်ပင်ကာ လုပ်နိုင်စွမ်း၊ ပါရမီနှင့် နေရာများ တည်ထောင်ပေးရေးအတွက် နောက်ထပ် အခွင့်အလမ်းများ ရှာဖွေမည်။
- DSG သည် ယဉ်ကျေးမှုမျိုးစုံ လူမှုအဖွဲ့အစည်းများ အတွက် ထောက်ပံ့မှုများနှင့် လက်ဦးဆောင်ရွက်ခြင်းများ ဆိုင်ရာ လုပ်ငန်းများ အချက်အလက်ရရှိရေး၊ လျှောက်ထားရေးနှင့် ချိတ်ဆက်ရန် နောက်ထပ် လိုအပ်သည့် ရွေးချယ်နိုင်သည့် ကူညီပံ့ပိုးမှုများကို စဉ်းစား ဆောင်ရွက်မည်။

**အချိန်အပိုင်းအခြား -** ကာလတို



**လုပ်ဆောင်ချက် 18 - ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်ခြင်းကို အားပေးပြီး လူမှုရေးအရ ပေါင်းစည်းညီညွတ်မှု တိုးတက်စေမည့် အနုပညာဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အခမ်းအနားများတွင် ရင်းနှီးမြှုပ်နှံခြင်း။**

- DPAC သည် အခြေကျပြီးသော ပွဲတော်များ ဖြစ်ကြသည့် အက်စ်တီးယား၊ ဇက်စ်တာ အီတာလျာ၊ တရုပ်နှစ်သစ်ကူးနှင့် ဒေဝါလီပွဲတော်တို့အတွက် ထောက်ပံ့ငွေများ ပံ့ပိုးမည်။
- DPAC လူမှုအဖွဲ့အစည်းအသစ်နှင့် ဖြစ်လာနေသော လူမှုအဖွဲ့အစည်းများ ယဉ်ကျေးမှုအရ အောင်ပွဲခံနိုင်ရန် အတွက် နှစ်နှစ်အတွင်း ဒေါ်လာ $80,000 ထောက်ပံ့မည့် ယဉ်ကျေးမှုမျိုးစုံ လူမှုအဖွဲ့အစည်းဆိုင်ရာ ပွဲတော်များ ထောက်ပံ့ငွေ အသေးစားများ အစီအစဉ်ကို တည်ထောင် ပံ့ပိုးပေးမည်။

**အချိန်အပိုင်းအခြား -** ကာလတို

**လုပ်ဆောင်ချက် 19 - တက်စမေးနီးယားပြည်နယ်တွင် ပြောင်းရွှေ့ အခြေချ နေထိုင်သူများနှင့် ဒုက္ခသည်များအတွက် လူမှုရေး၊ အပန်းဖြေရေးနှင့် အားကစား လုပ်ဆောင်မှုများအတွက် ပါဝင်ဆောင်ရွက်နိုင်မှုကို အားပေးပံ့ပိုးခြင်း**

- NRE Tas ၏ အုပ်ချုပ်ထိန်းသိမ်းမှုအရ *2021-2030 ခုနှစ် တက်စမေးနီးယားပြည်နယ် အပန်းဖြေ ပင်လယ်ငါးဖမ်း နည်းဗျူဟာ (The Tasmanian Recreational Sea Fishing Strategy 2021-2030)* သည် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသော ငါးဖမ်းသူများအပါအဝင် ဦးစားပေး ပရိသတ်ကို ပိုမို ဆွဲဆောင်နိုင်စေမည့် လုပ်ငန်းစဉ်ကို အားသစ်လောင်းပေးမည်။

**အချိန်အပိုင်းအခြား -** ကာလတို

**လုပ်ဆောင်ချက် 20 - တက်စမေးနီးယားပြည်နယ်တွင် ပြောင်းရွှေ့ အခြေချ နေထိုင်သူများနှင့် ဒုက္ခသည်များအတွက် ရေနစ်ခြင်းနှင့် ရေကြောင့် ဒုက္ခရောက်ခြင်းမှ ဘေးကင်းခြင်းဆိုင်ရာ ပညာပေးနှင့် ရေကူးသင်တန်းများ ဖွင့်လှစ်ခြင်း**

- DSG သည် တက်စမေးနီးယားပြည်နယ်တွင် ပြောင်းရွှေ့ အခြေချ နေထိုင်သူများနှင့် ဒုက္ခသည်များအတွက် ရေနစ်ခြင်းနှင့် ရေကြောင့် ဒုက္ခရောက်ခြင်းမှ ဘေးကင်းခြင်းဆိုင်ရာ ပညာပေးနှင့် ရေကူးသင်တန်းများ ဖွင့်လှစ်ရန် ရန်ပုံငွေ ထောက်ပံ့ရေး နည်းလမ်းများကို ရှာဖွေမည်။
- DECYP သည် တက်စမေးနီးယန်း အစိုးရ ကျောင်းသား ကျောင်းသူများအတွက် ရေကူးနှင့် ရေကြောင့် ဒုက္ခရောက်ခြင်းမှ ဘေးကင်းခြင်းဆိုင်ရာ ပညာပေး အစီအစဉ်များ ဆက်လက် ဖွင့်လှစ်ပေးသွားမည်။

**အချိန်အပိုင်းအခြား -** ကာလတို

## ပညာရေး (ရှေးဦးနှစ်များမှ အထက်တန်းပညာအဆင့်အထိ) နှင့် လေ့ကျင့်ရေး

**လုပ်ဆောင်ချက် 21 - ဒုက္ခသည်များနှင့် ပြောင်းရွှေ့ အခြေချ နေထိုင်သူများအတွက် စာတတ်မြောက်မှု တိုးတက်ရေးနှင့် ဘာသာစကားဆိုင်ရာ သင်တန်းများ တက်နိုင်သည်ကို သေချာစေခြင်း**

- *2024-2026 ခုနှစ် စာတတ်မြောက်မှု အကောင်အထည်ဖော်ခြင်းကို မြှင့်တင်သည့် စီမံချက် (The Lifting Literacy Implementation Plan 2024-2026)* ၏ လုပ်ဆောင်မှု 12 သည် လူမှုအဖွဲ့အစည်းဆိုင်ရာ ဘာသာစကားများတွင် စာဖတ်ခြင်းနှင့်ဆိုင်သော လုပ်ဆောင်မှုများကို ပါဝင်ဆောင်ရွက်ရန် ကျောင်းများ စာကြည့်တိုက်များ နှင့် TasTAFE ထံသို့ သတ်မှတ်ထားသော အခွင့်အရေးများ ကမ်းလှမ်းခြင်းဖြင့် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားကြသည့် အသက်အရွယ်အားလုံးမှ ပါဝင်သူများကို ပံ့ပိုးကူညီရန်။
- DECYP သည် ဆက်လက်ပြီး ကျောင်းများနှင့် စာကြည့်တိုက်များတွင် အင်္ဂလိပ်စကားပြော လေ့ကျင့်သင်ကြားမှု ပံ့ပိုးသည့် လက်ရှိ ဝန်ဆောင်မှုများနှင့် အစီအစဥ်များကို ဆက်လက် ပံ့ပိုးပေးသွားမည် ဖြစ်သည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

## စီးပွားရေးအရ ပါဝင်ဆောင်ရွက်ခြင်း

**လုပ်ဆောင်ချက် 22 - တက်စမေးနီးယားအစိုးရ အေဂျင်စီများတွင် တိုးလာနေသော ယဥ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားမှုကို ပစ်မှတ်ထားသော သာတူညီမျှရှိမှုကို ပြန်လည်သုံးသပ်စိစစ်ကာ တိုးတက်မှုကိုလည်း ဆက်လက်ပြီး စောင့်ကြည့် စစ်ဆေးနေမည်။**

- SSMO သည် ယဥ်ကျေးမှုအရ နှင့် ဘာသာစကားအရ ကွဲပြားခြားနားသည့် အလုပ်သမားအင်အားဖြစ်အောင် စုဆောင်းရန်နှင့် ခေါင်းဆောင်မှု ဆိုင်ရာ လမ်းကြောင်းများလည်း ရှိနေရန် သေချာစေသည့် ရှေးဦးဆောင်ရွက်မှုများအား ပြန်လည်သုံးသပ်ကာ တိုးတက်စေခြင်း
- Belonging at NRE Tas Action Plan အရ NRE Tas သည် လူသစ်စုဆောင်းသည့် လုပ်ငန်းစဥ်များ ပိုမို ပြည့်စုံစေခြင်း၊ မျိုးမတူ ကွဲပြားခြားနားမှုနှင့် အားလုံးအတွက် ပါဝင်ပတ်သက်မှု ဖြစ်နိုင်စေခြင်းတို့အပြင် မျိုးမတူ ကွဲပြားခြားနားခြင်း၏ အချက်အလက်များကောက်ယူပုံနှင့် သတင်းပို့ပုံ မည်ကဲ့သို့ တိုးတက်အောင် စီမံမည် ဆိုသည်တို့ကို ဆက်လက် ဆောင်ရွက်မည်။
- ယဥ်ကျေးမှုအရ နှင့် ဘာသာစကားအရ ကွဲပြားခြားနားခြင်းသည် DoJ ၏ မျိုးမတူ ကွဲပြားခြားနားမှု၊ တရားမျှတမှုနှင့် ပါဝင်ပတ်သက်ခြင်း လုပ်ငန်းစဥ် တွင် ဖော်ပြထားသည့် ဦးစားပေးလုပ်ငန်း တစ်ခု ဖြစ်ကာ လာမည့်နှစ်တွင် ပိုမို အာရုံစိုက် ဆောင်ရွက်မည့် နေရာအပိုင်းအခြား ဖြစ်ပါသည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်



**လုပ်ဆောင်ချက် 23 - တက်စမေးနီးယားပြည်နယ် လုပ်ငန်းနေရာများတွင် ယဉ်ကျေးမှုအရ ပါဝင်ပတ်သက်ပြီး ဘေးကင်းသည့် နေရာများဖြစ်အောင် ဆက်လက် ဖော်ဆောင်မည်။**

- SSMO သည် အကြံပေးအဖွဲ့၊ မိမိတို့၏ အလုပ်သမား အင်အား တို့နှင့်အတူ လူမျိုးရေးအရ အရင်းခံသည့် အဖြစ်အပျက်များအား သတင်းပို့ရန် လုပ်ငန်းဝင် သင်တန်း၊ လေ့ကျင့်ရေး၊ အရေးကြီးသည့်နေ့ရက်များနှင့် ရှင်းလင်းပြတ်သားသည့် လုပ်ငန်းစဉ်များမှတဆင့် မည်သို့ ဆောင်ရွက်မည်ဆိုသည်ကို စဉ်းစား ဆောင်ရွက်မည်။
- DoJ သည် စိတ်ခံစားမှုဆိုင်ရာ အသိဉာဏ်ကို လေးစားဘွယ် ဆက်ဆံရေးများအတွက် အခြေခံအဖြစ် အသုံးပြုပြီး လေ့ကျင့်ရေးများ ပြုလုပ်ကာ အကောင်းမြင်ပြီး အကျိုးပြုမည့် လုပ်ငန်းခွင် ဆက်ဆံရေးများသို့ ဦးတည်ခြင်း၊ အနိုင်ကျင့်ခြင်း၊ နှိမ့်ချဆက်ဆံခြင်းနှင့် နှောက်ယှက်ခြင်းတို့အပြင် အလုပ်တွင် မသက်ဆိုင်ဘဲ ဝင်ပါခြင်း၊ အမှတ်တမဲ့ ဘက်လိုက်မိခြင်း၊ ယဉ်ကျေးမှုအရ သတိမမူမိခြင်း၊ ပုံသေကားကျ ပြုလုပ်နေခြင်းနှင့် လူမှုရေးအရ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခြင်းတို့ကို တားဆီး အကာအကွယ် ပြုသည့် လေးစားဘွယ်ဆက်ဆံရေးများ အစီအစဉ် (Respectful Relationships program) ကို ဖော်ထုတ်မည်။ ထို့အပြင်လည်း DoJ သည် လုပ်ငန်းခွင်ဆိုင်ရာ အမူအကျင့် မူဝါဒများ တစ်စုံလုံးကို ကို ပြန်လည်ဆန်းစစ်ကာ အချိန်နှင့်တပြေးညီ ပြုလုပ်သွားမည်။
- NRE Tas သည် ဝန်ထမ်းများ ယဉ်ကျေးမှုအရ ဘေးကင်းလုံခြုံမှု ရှိစေရန် လေးစားဘွယ် လုပ်ငန်းခွင် အစီအစဉ်နှင့် ယဉ်ကျေးမှု အရ ဘေးကင်း လုံခြုံမှု အစီအစဉ်တို့ကို ဆက်လက်ဖော်ထုတ်သွားမည်။
- Homes Tas သည် ဝန်ထမ်းများကို ယဉ်ကျေးမှုဆိုင်ရာ ဘေးကင်းလုံခြုံမှုနှင့် သတိမူခြင်း ဆိုင်ရာ သင်တန်း ဆက်ပေးပြီး မိမိတို့ ပျော်ရွှင် အောင်ပွဲခံလိုကြသည့် ယဉ်ကျေးမှုဆိုင်ရာ နေ့ရက်များ၊ ရုံးပိတ်ရက်များနှင့် ပတ်သက်ပြီး ပြန်လည် အသိပေးစေမည် ဖြစ်ပါသည်။
- DSG ၏ *2022-25 ခုနှစ် မျိုးမတူ ကွဲပြားခြားနားမှု၊ တရားမျှတမှုနှင့် ပါဝင်ပတ်သက်ခြင်း လုပ်ငန်းစဉ် (DSG's Diversity, Equity and Inclusion Strategy 2022-25)* သည် ပိုမို ကွဲပြားခြားနား၊ ပါဝင်ခြင်းရှိပြီး တရားမျှတမှု ရှိသည့် လုပ်ငန်းခွင် ဖြစ်စေရန် ပုံကြမ်း ဖော်ထားသည်။ ဤနည်းဗျူဟာသည် လုပ်ငန်းစဉ် စီမံချက်များ၊ အာရုံစိုက်မှုများဖြင့် ထောက်ကူထားပြီး မျိုးမတူ ကွဲပြားခြားနားသည့် လုပ်ငန်းခွင်၊ ဘေးကင်းပြီး လေးစားဘွယ်ကောင်းသည့် လုပ်ငန်းခွင်ကို ဖန်တီးကာ ကူညီပံ့ပိုးမှုနှင့် အားလုံးပါဝင်ကြသော လုပ်ငန်းခွင် ယဉ်ကျေးမှုကို ဖြစ်စေပါသည်။
- DECYP သည် မန်နေဂျာများနှင့် ကျောင်းအုပ်များကို ဥပဒေအရ မဖြစ်မနေတက်ရသည့် လုပ်ငန်းခွင်ဆိုင်ရာ နှိမ့်ချဆက်ဆံခြင်းအား အာရုံစိုက်သည့် သင်တန်းကို တက်စေသည်။ ဤသင်တန်းက လူမျိုးရေး ခွဲခြားမှုကို ထိရောက်စွာ တုန့်ပြန်ထားသည့် နည်းဗျူဟာများကို အာရုံစိုက်ကာ ခေါင်းဆောင်များကို မိမိတို့၏ အုပ်ချုပ်စီမံရေး ကျွမ်းကျင်မှုများကို တိုးတက်စေပြီး ဝန်ထမ်းအားလုံးကို ပိုမိုကောင်းမွန်သော ပံ့ပိုးမှု ပေးပါသည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

**လုပ်ဆောင်ချက် 24 - အလုပ်ရှင်များကို ဗီဇာကိုင်ဆောင်သူများနှင့် ဆက်သွယ်ပြီး သူတို့၏ ပြောင်းရွှေ့အခြေချခြင်းနှင့် သက်ဆိုင်သည့် ကျွမ်းကျင်မှုများကို ပံ့ပိုးသည့်ရင်းမြစ်များ ဖြစ်ပေါ်ပြီး ဖွံ့ဖြိုးစေရန် လုပ်ငန်းများ၊ လုပ်ငန်းရှင်များနှင့် ဆက်သွယ် ဆောင်ရွက်မည်။**

- DSG သည် ဩစတြေးလျားနိုင်ငံ အစိုးရ၏ ပြောင်းရွှေ့အခြေချခြင်း အစီအစဉ်များနှင့် ဝန်ဆောင်မှုများ၊ သက်ဆိုင်ရာ တက်စမေးနီးယန်း အစိုးရ အစီအစဉ်များကို ဝင်ရောက် လုပ်ဆောင်ကာ ဗီဇာကိုင်ဆောင်သူများက အလုပ်ရှင်များကို အခြေအနေကောင်းစွာ ဆက်ဆံပြီး တက်စမေးနီးယားပြည်နယ်တွင် ပြောင်းရွှေ့အခြေချသူများ၏ ကျွမ်းကျင်မှုများကို အားပေးသည့် သတင်းအချက်အလက်များ ဖော်ထုတ် အသုံးချရန် လုပ်ငန်းများ၊ လုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ရေး နည်းလမ်းများ ရှာဖွေမည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

**လုပ်ဆောင်ချက် 25 - ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသော တက်စမေးနီးယန်း မိသားစုများအတွက် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ကာ တိုးတက်စေရန် စွမ်းအားကို မြှင့်တင်မည်။**

- DSG သည် လုပ်ငန်းငယ်များအတွက် ယဉ်ကျေးမှု မျိုးစုံဆိုင်ရာ လုပ်ငန်းငယ်များ ထောက်ပံ့ကြေး အစီအစဉ်ဖြင့် အကြံဉာဏ်၊ အနီးကပ်ပို့ချမှု၊ သင်တန်း၊ သို့မဟုတ် အောင်မြင်ကြီးထွားမှုကို အားပေးသည့် စီမံချက်များ ပြုလုပ်ပေးခြင်းကို ဆောင်ရွက်မည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

**လုပ်ဆောင်ချက် 26 – လူငယ်များအတွက် အထူး ကျွမ်းကျင်သူ သင်တန်းနှင့် အလုပ်ဆိုင်ရာ လမ်းကြောင်းများ ပံ့ပိုးခြင်း**

- DECYP သည် ကလေးများနှင့် လူငယ်များကို ပါဝင်ပတ်သက်ခြင်း အားပေးရန် သံဓိဋ္ဌာန်ချ ဆောင်ရွက်မည်။ *ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်များ အခွင့်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (The UN Convention on the Rights of the Child)* က အလုပ်အားလုံးတွင် ကျွန်ုပ်တို့ကို သူတို့၏ အမြင်ကို နားထောင်ပြီး စဉ်းစားကြစေချင်သည်။ ယင်းကို ဖြစ်မြောက်စေရန် DECYP သည် ပါဝင် ဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့် ပေးသည့် နည်းဗျူဟာကို ဖန်တီးနေပါသည်။ ဤ နည်းဗျူဟာက ကလေးများနှင့် လူငယ်များကို ဆက်ဆံရေးအတွက် ရှင်းလင်း ပြတ်သားသည့် အစီအစဉ် ဖြစ်ပေါ်လာစေမည် ဖြစ်ပါသည်။
- DSG သည် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသော တက်စမေးနီးယား လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန် အလုပ်အတူလုပ်နေသော သို့မဟုတ် အတူလုပ်ရန် စိတ်ပါဝင်စားကြသော အဖွဲ့အစည်းများနှင့်အတူ လေ့ကျင့်ရေးနှင့် အလုပ်အကိုင် ရှာဖွေရေး သင်တန်း (Training and Work Pathways Program) (TWPP) ဖြစ်ပေါ်စေရေးကို စူးစမ်း ရှာဖွေမည်။
- NRE Tas သည် ယဉ်ကျေးမှုဆိုင်ရာ လူမှု အဖွဲ့အစည်းများကို လျှောက်ထားသူ အမျိုးအစား များစွာ ဆွဲဆောင်မည့် စာရင်းသွင်းအဆင့် အစီအစဉ်များ အားပေးရန် နည်းလမ်းများ ရှာဖွေသွားမည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

**ဤလုပ်ဆောင်မှုများက ပေါင်းစည်းမှု ရှိသည်မှာ -**

*2020 တနိုင်ငံလုံးဆိုင်ရာ ကွာဟချက်ကို ပိတ်ခြင်းဆိုင်ရာ သဘောတူညီချက်၊* ဦးစားပေး ပြင်ဆင်ချက် 3 – အစိုးရ လုပ်ထုံးလုပ်နည်း ပြောင်းလဲခြင်း (*The National Agreement on Closing the Gap 2020*, Priority Reform 3 - Transformation of Government.)



# ကျွန်ုပ်တို့ ပါဝင်ပတ်သက်သည်

ဤဦးစားပေးမှုက ဝန်ဆောင်မှုများနှင့် အစီအစဉ်များသည် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသည့် တက်စမေးနီးယန်းများအတွက် ယဉ်ကျေးမှုအရ ပါဝင်ပတ်သက်ပြီး ဘေးကင်းစေခြင်းကို အာရုံစိုက်ထားပါသည်။

## ရလဒ်များ

| | | | | |
|---|---|---|---|---|
| **ကျွန်ုပ်တို့၏ ရလဒ်များ** | **ရလဒ် 4 -**<br><br>ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသည့် တက်စမေးနီးယန်းများက သူတို့သည် အသိအမှတ်ပြုခံရပြီး တန်ဖိုးထားကာ မိမိတို့လိုအပ်ချက်များမှာလည်း ယဉ်ကျေးမှုအရ ဘေးကင်းလုံခြုံမှုရှိပြီး ဝင်ရောက်အသုံးပြုနိုင်သည့် ဝန်ဆောင်မှုများ မှတဆင့် အသုံးပြုနိုင်ကြောင်း ခံစားကြရပါသည်။ | | | |
| **ကျွန်ုပ်တို့၏ အဓိက အချက်များ** | သတင်းအချက်အလက်များဆိုင်ရာ ဝန်ဆောင်မှုများ | ကလေးငယ်များ၊ လူငယ်များနှင့် မိသားစုများ | ကျန်းမာရေးနှင့် ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာခြင်း | အိမ်ယာ |

## ကျွန်ုပ်တို့ ပါဝင်သက်ဆိုင်သည် – လုပ်ဆောင်ချက် အကျဉ်းချုပ်

| အာရုံစိုက်သည့် နယ်ပယ် | အမှတ် # | လုပ်ဆောင်မှု | ဦးဆောင်သည့် အေဂျင်စီ |
|---|---|---|---|
| **သတင်းအချက်အလက်များဆိုင်ရာ ဝန်ဆောင်မှုများ** | 27. | ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြား ခြားနားကြသည့် တက်စမေးနီးယန်း မိသားစုများအတွက် ရည်ရွယ်သည့် အစီအစဉ်နှင့် ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် | DPAC |
| **ကလေးငယ်များ၊ ကလေးများနှင့် မိသားစုများ** | 28. | ကလေးနှင့် လူငယ်များအတွက် ရည်ရွယ်သည့် အစီအစဉ်နှင့် ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် | DPAC / NRE Tas |
| | 29. | မည်သည့် မီဇာအဆင့်အတန်း ဖြစ်စေကာမူ ယဉ်ကျေးမှုအရ သင်လျော်သည့် မိသားစု ပံ့ပိုးကူညီသည့် ဝန်ဆောင်မှုများနှင့် မိသားစုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် | DoJ / DPAC |
| **ကျန်းမာရေးနှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်း** | 30. | မည်သည့် လူမျိုးဖြစ်သည် ဆိုသည်ကို မူတည်ပြီး ပိုမိုကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် စိတ်ပိုင်း ကျန်းမာရေး လိုအပ်ချက်များ ပြုလုပ်ပေးရန် အတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကုထုံးဆိုင်ရာ ဝန်ဆောင်မှုများ အားပေးရန် | DoH |
| | 31. | စိတ်ပိုင်း ကျန်းမာရေးနှင့် ပတ်သက်လျှင် ယဉ်ကျေးမှုအရ ဘေးကင်းသည့် ကြိုတင်ကာကွယ်မှု အစီအစဉ်များ ဆောင်ရွက်ပံ့ပိုးထားရန် | DoH |
| | 32. | မီးဖွားပြီးချိန် စိတ်အားငယ်ခြင်းအတွက် ယဉ်ကျေးမှုအရ ဘေးကင်းသည့် ပံ့ပိုးမှုကို အာရုံစိုက်ပြီး တိုး၍ပံ့ပိုးရန် | DoH |
| | 33. | ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြား ခြားနားကြသည့် လူမှုအဖွဲ့အစည်းများအတွက် တသမတ်တည်းဖြစ်ပြီး ရည်ရွယ်ချက်ရှိရှိ နှင့် ယဉ်ကျေးမှုအရ ဘေးကင်းသော လောင်းကစားမှု အန္တရာယ် ဖော်ဆောင်ပြီး အသိပေးသော ဆက်သွယ်ရေးဆိုင်ရာ နည်းဗျူဟာကို ဖော်ဆောင် ကျင့်သုံးရန် | DPAC |
| **အိမ်ယာ** | 34. | ပြောင်းရွှေ့အခြေချသူများအတွက် အိမ်ရှင်အိမ်ငှား ဆိုင်ရာ ရပိုင်ခွင့် အခွင့်အရေးများကို သက်ဆိုင်သည့် ဘာသာစကားများဖြင့် လည်းကောင်း၊ ပြောင်းရွှေ့အခြေချသူများဖြစ်သည့် အိမ်ရှင်များနှင့် အိမ်ငှားများအတွက် လည်းကောင်း ပံ့ပိုးပေးရန် | DoJ |
| | 35. | ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြား ခြားနားကြသည့် လူမှုအဖွဲ့အစည်းများအတွက် တသမတ်တည်းဖြစ်ပြီး ရည်ရွယ်ချက်ရှိရှိ နှင့် ယဉ်ကျေးမှုအရ ဘေးကင်းသော လောင်းကစားမှု အန္တရာယ် ဖော်ဆောင်ပြီး အသိပေးသော ဆက်သွယ်ရေးဆိုင်ရာ နည်းဗျူဟာကို ဖော်ဆောင် ကျင့်သုံးရန် | Homes Tas / DPAC |

## ကျွန်ုပ်တို့ ပါဝင်သက်ဆိုင်သည် – လုပ်ဆောင်ချက်

### သတင်းအချက်အလက်များဆိုင်ရာ ဝန်ဆောင်မှုများ

**လုပ်ဆောင်ချက် 27 - ပြောင်းရွှေ့အခြေချသူနှင့် ယဉ်ကျေးမှုအရ ကွဲပြားခြားနားကြသည့် တက်စမေးနီးယန်းများအတွက် တသမတ်တည်းဖြစ်ပြီး ရည်ရွယ်ချက် ရှိရှိ နှင့် ပံ့ပိုးသည့် အစီအစဉ်နှင့် ဝန်ဆောင်မှုဆိုင်ရာ သိကောင်းစရာများ ပံ့ပိုးပေးခြင်း**

- DPAC သည် သိကောင်းစရာများအတွက် သက်ဆိုင်သူများ၊ သင့်လျော်သည့် ဖွဲ့စည်းမှု ပုံစံနှင့် ပါဝင်မှုကို အတိုင်ပင်ခံအဖွဲ့နှင့် အတူတွဲ လုပ်ဆောင်မည်။ ယင်းတွင် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ ဝင်ရောက် ကြည့်ရှုနိုင်သည့် နေရာလည်း ပါဝင်မည် ဖြစ်ပါသည်။

**အချိန်အပိုင်းအခြား -** ကာလတို

> *"လူအများကို ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းအတွင်း ကြိုဆို လက်ခံလိုက်သည့်အခါ ကျွန်ုပ်တို့တွင် သူတို့ ဝင်ရောက် ပေါင်းစည်းလာခြင်းအတွက် ပံ့ပိုးပေးနိုင်သည့် ဝန်ဆောင်မှုများ အပြည့်အဝ ရှိပါသည်။"*
>
> *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

### ကလေးငယ်များ၊ လူငယ်များနှင့် မိသားစုများ

**လုပ်ဆောင်ချက် 28 - ကလေးငယ်များနှင့် လူငယ်များအတွက် တသမတ်တည်းဖြစ်ပြီး ရည်ရွယ်ချက်ရှိရှိ် အစီအစဉ်များ ပံ့ပိုးခြင်း**

- DPAC သည် အကြံပေးအဖွဲ့နှင့်အတူ သက်ဆိုင်ပြီး ယဉ်ကျေးမှုအရ ဘေးကင်းသည့် ကလေးနှင့် လူငယ် ဆိုင်ရာ အစီအစဉ်များနှင့် ယင်းတို့ကို တက်စမေးနီးယားတွင် မည်သို့ အကောင်အထည် ဖော်နိုင်မည်ဆိုသည်ကို ရှာဖွေဖော်ထုတ်မည်။

- NRE Tas မှ အုပ်ချုပ်စီမံပြီး *2021-2030 ခုနှစ် တက်စမေးနီးယန်း အပန်းဖြေ ငါးဖမ်း နည်းဗျူဟာ (The Tasmanian Recreational Sea Fishing Strategy 2021-2030)* က ငယ်ရွယ်ပြီး ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသည့် တက်စမေးနီးယန်းများကို ငါးဖမ်းခြင်းဆိုင်ရာ လှုပ်ရှားမှုနှင့် ကြီးကြပ်အုပ်ချုပ်မှု ရှိရန် သေချာစေရေးအတွက် ဦးစားပေးဆောင်ရွက်မည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

> *"ကျွန်ုပ်တို့၏ ကလေးများ ကျောင်းသွား၊ အားကစားလုပ်၊ သူတို့၏ အသားအရောင်၊ ဝတ်စားဆင်ယင်ပုံ၊ သို့မဟုတ် သူတို့ဘာသာစကား ပြောကြခြင်းတွင် မည်သည့်နည်းနှင့်မျှ မှတ်ချက်ပေးခြင်း၊ ဝေဖန်ခြင်း မရှိပါ။ သူတို့၏ မိသားစုများ ဘေးကင်းစွာနေနိုင်ပြီး သူတို့ လွတ်လပ်မှု ရှိကြသည်။"*
>
> *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

**လုပ်ဆောင်ချက် 29 – မည်သည့် ဗီဇအဆင့်အတန်း ဖြစ်စေကာမူ ယဥ်ကျေးမှုအရ ဘေးကင်းသည့် မိသားစု ပံ့ပိုးခြင်း ဝန်ဆောင်မှုများနှင့် မိသားစုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကာကွယ်ရေး ဝန်ဆောင်မှု ပံ့ပိုးခြင်း**

- DoJ သည် ယဥ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသည့် နောက်ခံဘဝများမှ လာကြသူ ညှဥ်းပမ်းနှိပ်စက် ခံခဲ့ရသူများ၊ သူတို့၏ မိသားစုများနှင့် ကလေးများကို ကူညီပံ့ပိုးသည့် လူမှုအဖွဲ့အစည်းများကို ရန်ပုံငွေ ထောက်ပံ့ခြင်းနှင့် သတိမူမိကြစေခြင်း
- DoJ သည် စကားပြန် ဝန်ဆောင်မှုများ ပိုမိုရရှိလာရန်နှင့် တရားရုံးများတွင် ရရှိစေရန် ရန်ပုံငွေ ထောက်ပံ့ခြင်းနှင့် သတိမူမိကြစေခြင်း၊ ဝင်ရောက် အသုံးပြုနိုင်စေခြင်းတို့အတွက်လည်း တိုးတက် ဆောင်ရွက်မည်။
- DPAC သည် ညှဥ်းပမ်းနှိပ်စက် ခံခဲ့ရသူများ၊ သူတို့၏ကလေးများနှင့် မိသားစုများအတွက် ဝန်ဆောင်မှု ပံ့ပိုးသည့် လူမှုအဖွဲ့အစည်းများ ယဥ်ကျေးမှုအရ ဘေးကင်းသည့် လုပ်ငန်းများ လုပ်ဆောင်ခြင်းကိုလည်း ဆက်လက် ထောက်ကူမည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

## ကျန်းမာရေးနှင့် ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာခြင်း

**လုပ်ဆောင်ချက် 30 – မျိုးရိုးနှင့်ပတ်သက်ပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပိုမို ကောင်းမွန်စွာ နားလည်စေရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကုထုံးဆိုင်ရာ ဝန်ဆောင်မှုများကို ပံ့ပိုးမည်။**

DoH အများပြည်သူဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုများက -

- DoH ဝန်ထမ်းအားလုံးအတွက် ယဥ်ကျေးမှု၊ ဘာသာစကားနှင့် ကျန်းမာရေး အွန်လိုင်း သင်တန်းနှင့် ရင်းမြစ်များ ရရှိရေးကို တိုးပြီး ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့် စစ်ဆေးခြင်း ပြုမည်။
- သြစတြေးလျားနိုင်ငံ ကြက်ခြေနီ ယဥ်ကျေးမှု နှစ်မျိုးဆိုင်ရာ ကျန်းမာရေး စီမံချက်နှင့် လက်ရှိ သဘောတူညီထားသည့် ထောက်ပံ့ရေးကို ဆက်လက် ဆောင်ရွက်မည်။
- ပြောင်းရွှေ့အခြေချသူများ အသုံးပြုရန် ပံ့ပိုးကူညီသည့် ကွန်ရက်ကို ပူးတွဲဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှု ချိတ်ဆက်ခြင်း၊ ရည်ညွှန်းခြင်း၊ လေ့ကျင့်ရေးနှင့် ရင်းမြစ်များ မျှဝေ အသုံးပြုခြင်းနှင့် ကိုယ်စား ဆောင်ရွက်ပေးခြင်းဆိုင်ရာ စင်မြင့် ဖော်ထုတ်ပေးခြင်း
- ကျန်းမာရေးဆိုင်ရာ စကားလုံးများကို နားလည်ပြီး တိုးတက်လာစေရေးအတွက် DoH ဝန်ထမ်းများနှင့် ကျယ်ပြန့်သည့် လူမှုအဖွဲ့အစည်းကို ပံ့ပိုးမည့် နောက်ထပ် ကျန်းမာရေးဆိုင်ရာ အသုံးအနှုန်းများ တတ်ကျွမ်းရေး စီမံချက် (Health Literacy Action Plan) ကို အပြီးသတ် ပြုလုပ်ခြင်း တို့ဖြစ်သည်။

DoH ၏ ပြည်နယ်တစ်ခုလုံးဆိုင်ရာ စိတ်ပိုင်း ကျန်းမာရေး ဝန်ဆောင်မှုများသည် -

- မျိုးမတူ ကွဲပြားကြသည့် လူဦးရေအတွင်း ကျန်းမာရေး ဝန်ဆောင်မှုများသည် ယဥ်ကျေးမှုအရ ဘေးကင်းပြီး သင့်လျော်ကြောင်း သေချာစေရေးအတွက် သီးခြား စိတ်ပိုင်း ကျန်းမာရေးဆိုင်ရာ ရှေးဦးဆောင်ရွက်ချက်များ ဖော်ထုတ်ရန် သက်ဆိုင်ရာအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်မည်။
- DoH မှ အတည်ပြုသည့် အွန်လိုင်း ပညာသင်ကြားရေး ရင်းမြစ်များ (ယဥ်ကျေးမှု၊ ဘာသာစကားနှင့် ကျန်းမာရေး) သင်တန်းကို အများပြည်သူ့ အဖွဲ့အစည်းအတွက် တိုးပြီး ဆောင်ရွက်မည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

> *“မတူညီကြသော ယဥ်ကျေးမှု အမျိုးမျိုးမှ ပြည်သူများ ပြဿနာမရှိဘဲ အေးချမ်းစွာ အတူတကွ နေထိုင်ကြခြင်း။”*
>
> *ပါဝင်ဆောင်ရွက်သူ၊ ယဥ်ကျေးမှုမျိုးစုံ လုပ်ငန်းစဥ် အစီအစဥ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

### လုပ်ဆောင်ချက် 31 – စိတ်ပိုင်း ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုအရ ဘေးကင်းရေးအတွက် အကာအကွယ် အတားအဆီးဖြစ်စေမည့် လုပ်ရှားမှုများ ပံ့ပိုးပေးရန်။

- DoH ၏ အများပြည်သူ ကျန်းမာရေး ဝန်ဆောင်မှုများသည် အများပြည်သူ ကျန်းမာရေး သိကောင်းစရာ လှုပ်ရှားမှုအားလုံးကို လူမှုအဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်မှုများ၏ ဘာသာပြန်ခြင်းအတွက် ရွေးချယ်ရန် နည်းလမ်းများ စဉ်စားမည်၊ သင့်လျော်သည့် ဖွဲ့စည်းပုံ ပုံစံများ အသုံးပြုခြင်း သေချာစေရန်အတွက် လူမှုအဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်သူများနှင့် အဓိက ပတ်သက်သူများနှင့် ဆက်လက် ဆောင်ရွက်မည်။
- DoH ၏ စိတ်ပိုင်း ကျန်းမာရေး၊ အရက်သေစာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ညွှန်ကြားမှု ဦးစီးဌာနသည် ရှေးဦးဆောင်ရွက်ချက်များကို ကြိုတင်ကာကွယ်မှု လုပ်ငန်းစဉ်များအား အဓိကကျသည့် ဦးစားပေး လုပ်ငန်းများနှင့် ချိန်ညှိပြီး ဆောင်ရွက် ပံ့ပိုးမည်။
- DoH သည် စိတ်ပိုင်း ကျန်းမာရေး၊ အရက်သေစာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ညွှန်ကြားမှု ဦးစီးဌာနသည် လူမှုအဖွဲ့အစည်းအတွင်း စိတ်ပိုင်း ကျန်းမာရေး တိုးတက်လာစေရန် အခြေခံ ကျန်းမာရေးနှင့် ကျန်းမာပျော်ရွှင်ရေး ဆေးခန်းများနှင့် ပူးပေါင်း ဆောင်ရွက်မည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

### လုပ်ဆောင်ချက် 32– မီးဖွားပြီးနောက် စိတ်အားငယ်ခြင်းအတွက် ယဉ်ကျေးမှုအရ ဘေးကင်းသည့် ကူညီပံ့ပိုးမှုကို အာရုံစိုက်ပြီး ပိုမို ပံ့ပိုးပေးခြင်း

- DoH ၏ ပြည်နယ်တစ်ခုလုံးဆိုင်ရာ စိတ်ပိုင်း ကျန်းမာရေး ဝန်ဆောင်မှုများသည် မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာနနှင့် ကိုယ်ဝန်ဆောင်၊ မီးဖွားစ စိတ်ပိုင်းကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆက်လက် ပံ့ပိုးပေးသွားမည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

### လုပ်ဆောင်ချက် 33 – လောင်းကစားမှုများသည် ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ကွဲပြားခြားနားကြသည့် လူမှုအဖွဲ့အစည်းများကို ဒုက္ခပေးကြောင်း ပညာပေးသည်ကို စဉ်ဆက်မပြတ်၊ ရည်ရွယ်ချက် ရှိရှိနှင့် ယဉ်ကျေးမှုအရ သင့်တော်သည့် ပညာပေးလုပ်ငန်း ဖော်ထုတ်ခြင်းကို အသိပေးရန် ဆက်သွယ်မှုဆိုင်ရာ နည်းဗျူဟာကို ပြုလုပ်ကျင့်သုံးရန်

- DPAC သည် လောင်းကစားမှု ဆန့်ကျင်ရေး ပံ့ပိုးမှု အစီအစဉ် (The Gambling Support Program) (GSP) မှတဆင့် ဤနည်းဗျူဟာကို ကျင့်သုံးရေးရန် ပြင်ပမှ အတိုင်ပင်ခံနှင့် အတူတွဲပြီး ဆောင်ရွက်မည်။
- အတိုင်ပင်ခံသည် MCOT နှင့် အတူ ပူးပေါင်း ဆောင်ရွက်ပြီး လူမှုအဖွဲ့အစည်းများ၊ လောင်းကစားမှု ဆန့်ကျင်ရေး ပံ့ပိုးသူများ၊ အစိုးရ၏ လောင်းကစားမှု ပပျောက်ရေး အစီအစဉ်များ အခြားသော တရားစီရင်ပိုင်ခွင့် နယ်ပယ်များတလျှောက် တိုင်ပင် ဆောင်ရွက်မည်။

**အချိန်အပိုင်းအခြား -** ကာလတို

> ***"အိမ်နီးခြင်းများ လူမျိုး၊ ဘာသာစကားနှင့် ကိုးကွယ်သည့်ဘာသာ မခွဲခြားဘဲ တစ်ဦးနှင့်တစ်ဦး ကြင်နာစွာ စောင့်ရှောက် နေထိုင်ကြခြင်း။"*** *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

## အိမ်ယာ

**လုပ်ဆောင်ချက် 34 – ပြောင်းရွှေ့နေထိုင်သူများအတွက် လည်းကောင်း ပြောင်းရွှေ့နေထိုင်သူဖြစ်သည့် အိမ်ရှင်များအတွက် လည်းကောင်း အိမ်ငှားနေထိုင်သူများ၏ ရပိုင်ခွင့် အခွင့်အရေးကို သက်ဆိုင်ရာ ဘာသာစကားများဖြင့် အချက်အလက်ဆိုင်ရာနှင့် သင်တန်းများပေးခြင်း**

ဝန်ဆောင်မှုယူသူအတွက် အဆောက်အဦနှင့် နေထိုင်ခွင့်ဆိုင်ရာ ဝန်ဆောင်မှုများ (Consumer Building and Occupational Services) (CBOS) သည် -

- ထိရောက်သော ချဉ်းကပ်နည်းများအတွက် အကြံပေးအဖွဲ့၊ ပြောင်းရွှေ့နေထိုင်သူ လူမှုအဖွဲ့အစည်းတို့နှင့် တိုင်ပင်ခြင်း
- အိမ်ငှားနေထိုင်ခြင်းဆိုင်ရာ လမ်းညွှန်နှင့် အခြား သက်ဆိုင်ရာ သိကောင်းစရာ အချက်အလက်များကို နောက်ထပ် ဘာသာစကားများဖြင့် ပံ့ပိုးပေးခြင်း
- Facebook ပို့စ်များကို အခြားသော ဘာသာစကားများဖြင့် မျှဝေပေးခြင်း
- တက်စမေးနီးယားပြည်နယ် ပြောင်းရွှေ့နေထိုင်သူများ ရင်းမြစ်ဆိုင်ရာ ဌာနကဲ့သို့ သက်ဆိုင်သူများအား အိမ်ငှားနေထိုင်ခြင်းဆိုင်ရာ လမ်းညွှန် ပံ့ပိုးပေးခြင်း
- ယဉ်ကျေးမှုမျိုးစုံ လူမှုအဖွဲ့အစည်းအတွင်း စီစဉ်ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲများ / အခမ်းအနားများကို တက်ခြင်း

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်

**လုပ်ဆောင်ချက် 35 - တက်စမေးနီးယားပြည်နယ်သို့ ဒုက္ခသည်အဖြစ်နှင့် စာနာထောက်ထားမှုအရ ဝင်လာကြသူများကို အဓိက ရည်ရွယ်သည့် နေရာထိုင်ခင်းနှင့် အိမ်ယာ စီစဉ်ပေးရေး အလုပ်သမားများ ပံ့ပိုးမည်။**

- ဟုမ်းမ်စ်တက်စမေနီးယား (Homes Tasmania) သည် တက်စမေးနီးယားပြည်နယ်သို့ ဒုက္ခသည်အဖြစ်နှင့် စာနာထောက်ထားမှုအရ ဝင်လာကြသူများအတွက် အဓိက ရည်ရွယ်သည့် နေရာထိုင်ခင်းနှင့် ကူညီမှု လိုအပ်ချက်များကို ဆက်လက်ပြီး စောင့်ကြည့်ခြင်းနှင့် ပြန်လည်စိစစ်ခြင်းပြုမည်။
- DPAC သည် တက်စမေးနီးယားတလျောက် စာနာထောက်ထားမှုအရ ဝင်လာကြသူများအတွက် ရေရှည်တည်တန့်သည့် လူမှုအဖွဲ့အစည်းဆိုင်ရာ နေရာထိုင်ခင်း ရွေးချယ်နိုင်သည့်နည်းလမ်းများကို အားပေးရန် ရှေးဦးဆောင်ရွက်ချက်များ လိုအပ်ချက်နှင့် ဖော်ဆောင်မှုကို စဉ်းစားရန် HomeStay ရှေ့ပြေး စမ်းသပ်မှုကို ချင့်တွက်စဉ်းစားမည်။

**အချိန်အပိုင်းအခြား -** ကာလတိုမှ ကာလ အလယ်အလတ်



# စောင့်ကြည့်စစ်ဆေးခြင်းနှင့် ချင့်တွက်ခြင်း

တက်စမေးနီးယားပြည်နယ် အစိုးရအနေနှင့် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသော လူမှုအဖွဲ့အစည်းများအကြောင်း ပြည့်ပြည့်စုံစုံနှင့် ရှင်းလင်းစွာ နားလည်သဘောပေါက်ခြင်းကို ထိန်းသိမ်းရန် အရေးကြီးပါသည်။ ယင်းက ကွဲပြားခြားနားကြသည့် တက်စမေးနီးယန်း ပြည်သူများနှင့် လူမှုအဖွဲ့အစည်းများအကြောင်း အဓိပ္ပါယ်ပြည့်ဝသည့် အချက်အလက်များ ကောက်ယူခြင်းနှင့် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ အိမ်ယာနှင့် အခြားအဓိက လိုအပ်ချက်များ ကဲ့သို့သော ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းနှင့် ဖွံ့ဖြိုး တိုးတက်စေရန် ပုံစံထုတ်ထားသည့် မူဝါဒများနှင့် အစီအစဉ်များ၏ အကျိုးသက်ရောက်မှုများ သိရှိရန် လိုအပ်ပါသည်။

အချက်အလက်များ ကောက်ယူခြင်းသည် မျိုးရိုး၊ ဘာသာစကား ကျွမ်းကျင်မှုနှင့် အခြေချခြင်းဆိုင်ရာ အဆင့်တို့အပြင် လိင်၊ ကျား/မ ဖြစ်ခြင်း၊ မသန်မစွမ်းဖြစ်ခြင်းနှင့် အသက်အရွယ်တို့က အတွေ့အကြုံများနှင့် ရလဒ်များအပေါ် အကျိုးသက်ရောက်မှု ရှိကြောင်း နားလည်ရန် လမ်းဆုံလမ်းခွကဲ့သို့ သဘောထားရန် လိုအပ်သည်။

> ***"မတူညီသည့် ယဉ်ကျေးမှုမျိုးစုံ လူ့အဖွဲ့အစည်းမှ လူများသည် တက်စမေးနီးယားပြည်နယ် တစ်ဝန်းလုံးသို့ သွားရောက် အခြေချနေထိုင်ပြီး ဘေးကင်း စိတ်ချစွာနေနိုင်ကြခြင်း။"*** *ပါဝင်ဆောင်ရွက်သူ၊ ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်းစဉ် အစီအစဉ်အတွက် တိုင်ပင် ဆွေးနွေးခြင်း*

## ဤအစီအစဉ်ကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် သတင်းပို့ခြင်း

ဤအစီအစဉ်၏ လုပ်ဆောင်ချက် 2 အကောင်အထည်ဖော်ရာတွင် DPAC သည် တက်စမေးနီးယန်း အစိုးရ အေဂျင်စီများနှင့် အကြံပေးအဖွဲ့တို့နှင့် ညှိနှိုင်းကာ အချက်အလက်များ စုဆောင်းခြင်း၊ လုပ်ဆောင်ချက်များကို စောင့်ကြည့်စစ်ဆေးရန်နှင့် အကဲဖြတ်ရန် အတွက် အကဲဖြတ်ခြင်းဆိုင်ရာ မူဘောင်တစ်ခု ဖော်ဆောင် ပြုလုပ်မည်ဖြစ်သည်။

DPAC သည် အကြံပေးအဖွဲ့နှင့် ညှိနှိုင်းကာ ထိုလုပ်ဆောင်မှုများသည် ယဉ်ကျေးမှုမျိုးစုံ တက်စမေးနီးယန်းများအဖို့ ပေါ်ပေါက်နေသည့် လိုအပ်ချက်များအတွက် ဆက်လက် သက်ဆိုင်နေကြောင်း သေချာစေရန် ဦးစားပေးလုပ်ငန်းများကို ပြန်လည် သုံးသပ်မည် ဖြစ်သည်။

လုပ်ဆာင်မှုများ၊ ရလဒ်များနှင့်ယှဉ်ပြီး တိုးတက်မှုဆိုင်ရာ ဌာနတွင်းနှင့် အပြီးသတ် အစီရင်ခံစာကို ထုတ်ပြန်ပါမည်။



# အုပ်ချုပ်မှု

## လူမှုအဖွဲ့စည်းမှ ဦးဆောင်သည့် အုပ်ချုပ်မှု

DPAC သည် တက်စမေးနီးယန်း လူမှုအဖွဲ့အစည်း၏ မျိုးမတူ ကွဲပြားခြားနားမှုကို ရောင်ပြန်ဟပ်သည့် ဝန်ကြီးဌာန ယဉ်ကျေးမှုမျိုးစုံ အကြံပေးအဖွဲ့ ဖွဲ့စည်းရန် လူမှုအဖွဲ့အစည်းများ၊ ပါဝင်သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်။

ပြည်နယ်တဝန်းလုံးဆိုင်သည် အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းသည် DPAC မှ တာဝန်ယူသည့် ရှေးဦး လုပ်ဆောင်မှုများအနက်မှ တစ်ခုဖြစ်ကာ လူမှုအဖွဲ့အစည်းနှင့် အတူ MCOT နှင့် အခြားသော ယဉ်ကျေးမှုမျိုးစုံ လူမှုအဖွဲ့အစည်းနှင့် အနီးကပ် အလုပ်လုပ်ဆောင်သော အခြား အဓိက အဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုမျိုးစုံ လုပ်ငန်း စီမံချက် အလုပ်အဖွဲ့ (Multicultural Action Plan Working Group) ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ခဲ့သော MRC Tas, WCS, CDAT နှင့် Citizen Tasmania တို့နှင့် ဆွေးနွေးတိုင်ပင်ခြင်း ပါဝင်ပါမည်။

အကြံပေးအဖွဲ့သည် စီမံချက် အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရေးအတွက် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်နွယ်သည့် မူဝါဒများ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုများအတွက် အကြံပေးရန် ရည်ရွယ်ပါသည်။

## ဆက်လက်ဆောင်ရွက်နေဆဲ တိုင်ပင်ဆွေးနွေးမှုများ

တက်စမေးနီးယားပြည်နယ် လူဦးရေ တိုးပွားနေခြင်း၏ သဘော သဘာဝကြောင့် တက်စမေးနီးယန်း အစိုးရအနေနှင့် လုပ်ထုံးလုပ်နည်း အမျိုးမျိုးဖြင့် အချက်အလက်များကို ဆက်လက် ဂရုစိုက်ကြည့်ရန် အလွန် အရေးကြီးပါသည်။

တက်စမေးနီးယန်း အစိုးရသည် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသော တက်စမေးနီးယန်းများကို အကျိုးသက်ရောက်မှု ရှိနေသည့် ပေါ်ထွက်လာနေသော လိုအပ်ချက်များကို နားလည်ရန်နှင့် မူဝါဒများနှင့် အစီအစဉ်များသည် ဆက်လက်ပြီး သက်ဆိုင်ကာ ယဉ်ကျေးမှုအရ တုန့်ပြန်နိုင်စွမ်းရှိ၍ အထောက်အထားကို အခြေခံသည့် လက်တွေ့လုပ်ဆောင်ခြင်းများ ဖြစ်ကြောင်း သေချာစေရန် အကြံပေးအဖွဲ့၊ MCOT တို့နှင့် ပူးပေါင်းဆောင်ရွက်မည်။

